ဆွေးနွေးမှုစာတမ်း

SAFERWORLD
PREVENTING VIOLENT CONFLICT. BUILDING SAFER LIVES

# မြန်မာနိုင်ငံတွင် လုံခြုံရေးကဏ္ဍပေါင်းစည်းရေး

## အတိတ်မှ အတွေ့အကြုံများနှင့် အနာဂတ်မျှော်မှန်းချက်များ



၂၀၁၇ ခုနှစ်၊ မေလ

# မြန်မာနိုင်ငံတွင် လုံခြုံရေးကဏ္ဍပေါင်းစည်းရေး

## အတိတ်မှ အတွေ့အကြုံများနှင့် အနာဂတ်မျှော်မှန်းချက်များ

၂၀၁၇ ခုနှစ်၊ မေလ

## စာရေးသူတို့အကြောင်း

ယခုအစီရင်ခံစာအား ဦးဆောင်ရေးသားသူမှာ Kim Jolliffe ဖြစ်ပြီး၊ John Bainbridge နှင့် Ivan Campbell တို့က အားဖြည့် ရေးသားပေးခဲ့ကြပါသည်။

Kim Jolliffe သည် မြန်မာနိုင်ငံရှိလုံခြုံရေး၊ ပဋိပက္ခနှင့်နိုင်ငံတကာအကူအညီဆိုင်ရာတို့အပေါ် အထူးပြုထားသည့် တစ်သီးပုဂ္ဂလ researcher, analyst နှင့် resource person တစ်ယောက် ဖြစ်ပါသည်။ Kim သည် ၂၀၀၉ ခုနှစ်ကတည်းက မြန်မာနိုင်ငံ၏ ပဋိပက္ခ များ၊ လက်နက်ကိုင်အဖွဲ့များနှင့် လုံခြုံရေးဆိုင်ရာ စိန်ခေါ်ချက်များအား ထောင့်ပေါင်းစုံမှ သုတေသနပြုလုပ်ခဲ့ပါသည်။ ၎င်းသည် မြန်မာနိုင်ငံရှိ Saferworld အဖွဲ့ နှင့် ၂၀၁၃ ခုနှစ် ကတည်းက စတင်ကာ အလုပ်လုပ်လျက်ရှိပါသည်။

John Bainbridge သည် ရန်ကုန်တွင်အခြေစိုက်ပြီး Saferworld အဖွဲ့ မြန်မာနိုင်ငံဆိုင်ရာ Country Manager ဖြစ်ပါသည်။

Ivan Campbell သည် London တွင် အခြေစိုက်ပြီး Saferworld အဖွဲ့ အတွက် ပဋိပက္ခနှင့် လုံခြုံရေးဆိုင်ရာ အကြီးတန်း အကြံပေး တစ်ယောက် ဖြစ်ပါသည်။

## ကျေးဇူးတင်လွှာ

ယခုအစီရင်ခံစာအတွက် သုတေသနပြုလုပ်ခြင်းအား Saferworld အဖွဲ့ မြန်မာနိုင်ငံအစီအစဉ်၏ ပန်ကြားချက် အရ Kim Jolliffe ကပြုလုပ်ပေးခဲ့ပါသည်။ John Bainbridge နှင့် Ivan Campbell တို့က စီစဉ်တည်းဖြတ်ခဲ့ပြီး အကြောင်းအရာအပေါ်တွင် အကြံဉာဏ်ပေးခြင်းနှင့်၊ စာတမ်း၏ အခန်းအသီးသီးတွင် ပူးတွဲပါဝင်ရေးသားကာ ကူညီခဲ့ကြပါသည်။ Martin Smith ၏ ဖတ်ရှုသုံးသပ်ပေးမှုသည်လည်း စာတမ်းအတွက် အကျိုးကျေးဇူးများစွာ ရှိခဲ့ပါသည်။ Saferworld အဖွဲ့ မြန်မာနိုင်ငံအစီအစဉ်တွင် တာဝန်ထမ်းဆောင်သူ စောလင်းချယ် နှင့် ခင်သက်စံ တို့ကလည်း လေ့လာမှုအား ရုပ်လုံးပေါ်အောင် ပါဝင်ကူညီပေးခဲ့ကြရာ တစ်သီးပုဂ္ဂလအတိုင်ပင်ခံပုဂ္ဂိုလ် Matt Walsh သည်လည်း အပါအဝင်ဖြစ်ပါသည်။ အင်္ဂလိပ်ဘာသာ အစီရင်ခံစာ၏ စာသားပုံစံ တည်းဖြတ်ခြင်းအား Jatinder Padda နှင့် Ilya Jones တို့ကသော်လည်းကောင်း၊ မြန်မာဘာသာ အစီရင်ခံစာ၏ စာသားပုံစံ တည်းဖြတ်ပုံအား စောလင်းချယ်မှသော်လည်းကောင်း ပြုလုပ်ပါသည်။ ယခု အစီရီခံစာအား Freddy V. Syon မှ မြန်မာဘာသာသို့ အလွတ်သဘော ပြန်ဆိုခဲ့ပြီး ဒီဇိုင်းအား Jane Stevenson ကပြုလုပ်ပေးခဲ့ပါသည်။

© ၂၀၁၇ မေလ Saferworld အဖွဲ့ မူပိုင်စာအုပ် - ယခုစာအုပ်တွင်းရှိမည်သည့် အစိတ်အပိုင်းကို မဆို အသိပေးခြင်း တစ်စုံတစ်ရာမရှိပဲ နည်းလမ်းအမျိုးမျိုးဖြင့် မိတ္တူပွားခြင်း၊ ထပ်ဆင့်ဖြန့်ရန် မူပိုင် သိမ်းထားခြင်းအား ခွင့်မပြုပါ။ စာအုပ်တွင်း ပါဝင်သော အချက်အလက်များအား အသုံးပြုခြင်းနှင့် ပြန့်ပွားစေခြင်းအား Saferworld အဖွဲ့ က အားပေးကြိုဆိုပါသည်။

# မာတိကာ


စကားချီး (က)

အစီရင်ခံစာအကျဉ်းချုပ် (ဂ)

**၁။ နိဒါန်း** **၁**

မြန်မာနိုင်ငံမြေပုံ (ပြည်နယ်နှင့် တိုင်းဒေသကြီးနယ်နိမိတ်များပြ မြန်မာနိုင်ငံမြေပုံ) ၂

**၂။ မြန်မာနိုင်ငံအတွင်းရှိ လုံခြုံရေးတပ်ဖွဲ့များ** **၆**

မြန်မာနိုင်ငံရှိ နိုင်ငံ့ လုံခြုံရေးတပ်ဖွဲ့များ ၆

- တပ်မတော် ၉
- မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ၁၂
- နယ်ခြားစောင့်တပ်များနှင့် ပြည်သူ့စစ်အဖွဲ့များ ၁၂
- တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ လုံခြုံရေးလုပ်ငန်းများ ၁၃

**၃။ လုံခြုံရေးကဏ္ဍ ပေါင်းစည်းခြင်းတွင် အတိတ်က အတွေ့အကြုံများ** **၁၆**

EAO အဖွဲ့များအား အရန်တပ်ဖွဲ့ ယူနစ်များ အဖြစ်သို့ ပြောင်းလဲခြင်း ၁၇

**၄။ အများသဘောတူညီမှုသို့ ရောက်ရှိခြင်း** **၂၁**

ဖက်ဒရယ်အနာဂတ်ပေါ် အများသဘောတူညီမှု ၂၂

'လုံခြုံရေးကဏ္ဍ ပြန်လည်ပေါင်းစည်းခြင်း' အပေါ် လျော့ရဲသည့် အများသဘောတူညီမှု ၂၄

**၅။ မြန်မာနိုင်ငံ၏ လုံခြုံရေးကဏ္ဍအတွက် အနာဂတ်မျှော်မှန်းချက်များ** **၂၇**

တပ်မတော်၏အနာဂတ်မျှော်မှန်းချက် – "အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ် တပ်မတော်" ၂၇

- အပြောင်းအလဲအတွက် လမ်းစတစ်ခုလား? ၂၈
- တပ်မတော်၏ နိုင်ငံရေးမျှော်မှန်းချက် ၂၉
- တပ်မတော်၏ စစ်ရေးအမြင် ၃၂
- တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဆက်ဆံရေး၊ လူမျိုးရေးတို့ အပေါ်တပ်မတော်၏ အမြင်များ ၃၅
- NLD ၏အနာဂတ်မျှော်မှန်းချက် – "ဒီမိုကရေစီ အခြေခံမူများအား စောင့်ရှောက်ကာကွယ်၍ အားလုံးက ဂုဏ်ယူလေးစားရသော တပ်မတော်" ၃၆

EAOs များ၏ အနာဂတ်မျှော်မှန်းချက် – "ဖက်ဒရယ် တပ်မတော်" ၃၉

**၆။ နိဂုံးချုပ်ကောက်ချက်ချမှုနှင့် အကြံဉာဏ်များ** **၄၄**

နိုင်ငံရေးသည်သာ ပဓာန ၄၄

ပြည်ထောင်စုအား ကာကွယ်ခြင်း ၄၅

ပြည်နယ်အဆင့် တပ်ဖွဲ့များ၏ အခန်းကဏ္ဍ ၄၆

ပေါင်းစည်းမှု မှန်ကန်အောင်ပြုလုပ်ခြင်း ၄၇

ထပ်ဆင့်သုတေသနနှင့် လေ့လာဆည်းပူးရန် ၄၈

**ကျမ်းကိုးစာရင်း** **၅၀**

**ပူးတွဲ(၁) အပစ်အခတ်ရပ်စဲထားသည့်အဓိက EAO အဖွဲ့များနှင့် BGF မူဝါဒအပေါ် ၎င်းတို့၏တုန့်ပြန်မှုများ** **၅၂**

# အတိုကောက်စကားလုံးများ နှင့် အသုံးအနှုန်းများ

| | |
|---|---|
| **ဗမာ** | မြန်မာနိုင်ငံရှိ လူအများစု တိုင်းရင်းသား |
| **BGF** | နယ်ခြားစောင့်တပ် |
| **ဗကပ** | ဗမာပြည်ကွန်မြူနစ်ပါတီ |
| **DDR** | လက်နက်ဖြုတ်သိမ်းရေး၊တပ်ရုပ်သိမ်းရေးနှင့် ပြည်လည်ပေါင်းစည်းရေး |
| **EAO** | တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့ အစည်း |
| **FUA** | ဖယ်ဒရယ်ပြည်ထောင်စုတပ်မတော် |
| **GAD** | အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန |
| **KKY** | ကာကွယ်ရေး – မြန်မာလိုအဓိပ္ပာယ် ၁၉၆၀ ပြည့်လွန်နှစ်များတွင် နိုင်ငံတော်ကဖွဲ့ စည်းပေးလိုက်သော ပြည်သူ့ စစ် (၂၃)ဖွဲ့ အား ခေါ်ဆိုခဲ့ပါသည်။ |
| **တမခ (LID)** | ခြေမြန်တပ်မ |
| **စကခ (MOC)** | စစ်ဆင်ရေးကွပ်ကဲမှု ဌာနချုပ် |
| **MOHA** | ပြည်ထဲရေးဝန်ကြီးဌာန |
| **MPF** | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| **NCA** | တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် |
| **NDSC** | အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ |
| **NLD** | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် |
| **PMF** | ပြည်သူ့စစ် (အဖွဲ့များ) |
| **RMCs** | တိုင်းစစ်ဌာနချုပ် |
| **SSR** | လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲရေး |
| **တပ်မတော်** | "လက်နက်ကိုင်တပ်ဖွဲ့ " ဤအစီရင်ခံစာတွင် နိုင်ငံတော်၏ လက်နက်ကိုင်တပ်ဖွဲ့ အတွက် တရားဝင် အမည် အဖြစ်အသုံးပြုထားပါသည်။ |
| **UPC** | ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ |
| **USDP** | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ ဖြိုးရေးပါတီ |

**ဝေါဟာရစာရင်း (တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ အစည်းများ၊ စစ်တပ်အစိုးရများ၊ အစိုးရ ကျောထောက်နောက်ခံရှိ တိုင်းရင်းသား အရန်တပ်ဖွဲ့ များ နှင့် တိုင်းရင်းသား မဟာမိတ်အဖွဲ့ များ)**

| | |
|---|---|
| **DKBA** | တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသား တပ်မတော် |
| **KDA** | ကချင် ကာကွယ်ရေးတပ်မတော် |
| **KIO** | ကချင်လွတ်လပ်ရေးအဖွဲ့ |
| **KNDO** | ကရင်အမျိုးသားကာကွယ်ရေးတပ် |
| **KNG** | ကယန်းအမျိုးသား ကာကွယ်ရေးတပ် |
| **KNLA** | ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော် |
| **KNLP** | ကယန်းပြည်သစ်ပါတီ |
| **KNPLF** | ကရင်နီလူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး / ကရင်နီအမျိုးသား လူမျိုးပေါင်းစုံ လွတ်မြောက်ရေးတပ်ဦး |
| **KNPP** | ကရင်နီအမျိုးသား တိုးတက်ရေးပါတီ |
| **KNU** | ကရင်အမျိုးသားအစည်းအရုံး |
| **MNDAA** | မြန်မာအမျိုးသား ဒီမိုကရက်တစ် မဟာမိတ်တပ်မတော် |
| **MTA** | မုန်တိုင်းတပ်မတော် |
| **NDA-K** | ဒီမိုကရေစီသစ် တပ်မတော် – ကချင် |
| **NDF** | အမျိုးသားဒီမိုကရေစီ တပ်ပေါင်းစု – KNU နယ်မြေအတွင်း ဖွဲ့စည်းခဲ့သည့် EAO မဟာမိတ်အဖွဲ့ –အဖွဲ့ဝင်အရေအတွက် (၁၂) (ယခင်မူလအရေအတွက် (၁၀)) |
| **NMSP** | မွန်ပြည်သစ်ပါတီ |
| **PNO** | ပအိုဝ်းအမျိုးသား အစည်းအရုံး |
| **PSLP** | ပလောင်ပြည်နယ် လွတ်မြောက်ရေးပါတီ |
| **SSA** | ရှမ်းပြည်တပ်မတော် |
| **SSPP** | ရှမ်းပြည် တိုးတက်ရေးပါတီ |
| **SLORC** | နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ |
| **SPDC** | နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ |
| **TNLA** | တအောင်း အမျိုးသား လွတ်မြောက်ရေး တပ်မတော် |
| **UNFC** | ညီညွတ်သော တိုင်းရင်းသားလူမျိုးများကောင်စီ |
| **UWSP** | 'ဝ' ပြည်သွေးစည်း ညီညွတ်ရေးပါတီ |

# စကားချီး

ဆယ်စုနှစ် သုံးစုခန့်အချိန် အတောအတွင်း၊ Saferworld သည် မိမိ၏ မိတ်ဖက်အဖွဲ့များနှင့်အတူ ပဋိပက္ခနှင့် အကြမ်းဖက်မှုများကို ကြိုတင်ကာကွယ်နိုင်ရန်နှင့် လူသားတို့၏ ဘဝများပိုမိုလုံခြုံမှုရရှိစေရန် ကူညီခြင်းလုပ်ငန်းများအား လုပ်ဆောင်လာခဲ့ပါသည်။ ကျွန်တော်တို့ လုပ်ငန်းများ လည်ပတ်လုပ်ဆောင်သော နိုင်ငံ တော်တော်များများတွင်၊ လုံခြုံရေးအား ဝန်ဆောင်မှုပေးခြင်းနှင့် ဝန်ဆောင်မှုအား ရရှိခံစားရခြင်းတို့သည် နိုင်ငံတစ်နိုင်ငံ သို့မဟုတ် လူ့အသိုင်းအဝိုင်းတစ်ခုအတွက် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးအားရရှိနိုင်ရန် နည်းလမ်းအား အဆုံးအဖြတ်ပေးသည့် ရှုပ်ထွေး လှသော အချက်များ၏ ဗဟိုချက်မတွင် တည်မှီနေသည်ကို တွေ့ရှိရပါသည်။ ပုံမှန်အားဖြင့် ကျွန်တော်တို့သည် အစိုးရအဖွဲ့များ၊ လုံခြုံရေးဝန်ဆောင်မှု ပံ့ပိုးသူများ၊ လူမှုအဖွဲ့အစည်းများနှင့် အတူ လုပ်ငန်းများဆောင်ရွက်ခြင်း၊ ပံ့ပိုးမှုပြုခြင်းများဖြင့် ငြိမ်းချမ်းပြီး တရားမျှတမှုရရှိခံစားရသော လူ့အသိုက်အဝန်းများ ဖြစ်ပေါ်လာ စေရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိပါသည်။ Saferworld မှ မြန်မာနိုင်ငံနှင့် စတင်ထိတွေ့သော ၂၀၁၂ ခုနှစ် အချိန်ကတည်းက၊ လုံခြုံရေးကဏ္ဍ အတွက် တစ်နိုင်ငံလုံးအား လွှမ်းခြုံသော ပြောင်းလဲမှုမရှိခြင်းသည် ၄င်းရည်ရွယ်ချက်နှင့် အလှမ်းကွာဝေး နေစေကြောင်း တဖြည်းဖြည်း ပိုမိုပေါ်လွင်လာစေပါသည်။ သို့ဖြစ်ရာ လွန်ခဲ့သောနှစ် အနည်းငယ်အတွင်း၊ ပတ်ဝန်းကျင်ဒေသများ လုံခြုံမှုရှိစေရန် သက်ဆိုင်ရာ ဒေသခံပြည်သူများနှင့် အတူတကွ လုပ်ငန်းများ လုပ်ဆောင်ခဲ့ပြီး ၄င်းလုပ်ငန်းများမှ ရရှိလာသော အတွေ့အကြုံများဖြင့် ပို၍ လူအများပါဝင်နိုင်မှု၊ တုံ့ပြန်ဖြေရှင်းနိုင်မှုနှင့် တာဝန်ခံမှုရှိသော နိုင်ငံ၏ အနာဂတ် လုံခြုံရေးဗိသုကာပုံစံအား ရေးဆွဲမှုအား အထောက်အကူပြုနိုင်မည့် ဆွေးနွေးပွဲများအား ပံ့ပိုးသွားရန်ဖြစ်ပါသည်။

ယခုဆွေးနွေးမှုစာတမ်းသည် လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲရေးအတွက် ရှုပ်ထွေးလှသော သမိုင်းအား ဆက်စပ် ဆွေးနွေးခြင်းနှင့် ၄င်းခေါင်းစဉ်အပေါ် လက်ရှိအခြေအနေမှ အကျယ်တဝင့် အလေးပေးဆွေးနွေးခြင်းဖြင့် သက်သေ အခြေပြု နည်းလမ်းအားပံ့ပိုးပေးရန် ရည်ရွယ်ထားပါသည်။ ယခုစာတမ်းအား ပြုစုခြင်းမှ မြန်မာနိုင်ငံ၏ ပြီးခဲ့သော လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှု အတွေ့အကြုံများနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ တပ်မတော်နှင့် များပြားလှသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များကဲ့သို့သော အဓိကပါဝင်ပတ်သက်သူများ၏အနာဂတ်အတွက် မတူညီသော မျှော်မှန်းချက်များအား ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွင်း ပါဝင်လှုပ်ရှားသူများနှင့် ပံ့ပိုးသူများထံ အသိပေးကူညီမှု ပြုရန်ဖြစ်ပါသည်။ ယခုစာတမ်းတွင် လုံခြုံရေးကဏ္ဍ ပေါင်းစည်းရေးအတွက် ယခင်က ကြိုးပမ်းမှုများအား ဆန်းစစ်မှု ပြုထားပြီး၊ နိုင်ငံရေး အခြေအနေ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ဆက်စပ်လျက်ရှိသော နိုင်ငံ၏ လုပ်ငန်းစဉ်များ ကိုလည်း သုံးသပ်မှု ပြုထားပါသည်။ ထို့အပြင် အနာဂတ်တွင် လုံခြုံရေးကဏ္ဍဆိုင်ရာ ဖွဲ့စည်းပုံ၊ အုပ်ချုပ်မှုနှင့် ဆက်လျဉ်းပြီး အဓိက ပါဝင်ပတ်သက်သူများ၏ အခန်းကဏ္ဍနှင့် သဘောထားအမြင်များအား ထင်ဟပ်ပြနိုင်ရန် ကြိုးစားထားပါသည်။

ယခုစာတမ်းသည် ရှိနှင့်ပြီးသားဖြစ်သော ပွင့်လင်းအရင်းအမြစ်များအပေါ် စာတမ်းပြုစုသူ၏ မြန်မာနိုင်ငံအတွင်း လုံခြုံရေး ဆိုင်ရာ အခြေအနေများအား သုတေသနပြုလုပ်လာခဲ့သည့် နှစ်များစွာသော အတွေ့အကြုံများပေါင်းထည့်ကာ ပြုလုပ်ထားသော Desk Research အပေါ် အခြေခံထားပါသည်။ ယခုဆန်းစစ်မှုများသည် နက်နဲရှုပ်ထွေးမှုရှိပြီး အကဲဆတ်သော အကြောင်းအရာများဖြစ်နေသော်လည်း၊ ကျွန်တော်တို့အနေဖြင့် ယခုစာတမ်းသည် လုံခြုံရေးကဏ္ဍအတွင်း အပြု သဘော ပြောင်းလဲမှုများ ဖြစ်ပေါ်စေလိုသူများအားလုံးအတွက် အသုံးဝင်မှုရှိပြီး အထောက်အကူပြုသော ပံ့ပိုးမှုများ ဖြစ်စေရန် မျှော်လင့်ထားပါသည်။



ပေါ(လ်) မာဖီ
*အလုပ်အမှုဆောင် ညွှန်ကြားရေးမှူး*
SAFERWORLD

# အစီရင်ခံစာအကျဉ်းချုပ်

မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင်း အဓိကကျသည့်တိုးတက်မှုများက နိုင်ငံ၏ လုံခြုံရေးကဏ္ဍ အနာဂတ်နှင့် ပတ်သက်၍ အရေးပါသည့်ဆွေးနွေးမှုတစ်ရပ်အား သိသာထင်ရှားစွာ ဖြစ်ပေါ်လာစေခဲ့ပါသည်။ နိုင်ငံအား ဆယ်စုနှစ်များစွာ အုပ်ချုပ်ခဲ့ပြီး နိုင်ငံရေးအာဏာများကို ဆက်လက် ကိုင်စွဲထားသည့် မြန်မာနိုင်ငံလက်နက်ကိုင်တပ်ဖွဲ့ (တပ်မတော်) သည် ၂၀၁၅ ခုနှစ် အောက်တိုဘာလအတွင်း တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း (EAO) (၈) ဖွဲ့နှင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် (Nationwide Ceasefire Agreement –NCA) အား လက်မှတ်ရေးထိုးခဲ့ပါသည်။

NCA အား အခြားသော တိုင်းရင်းသားလက်နက်ကိုင် (၁၀) ဖွဲ့ကျော်မှ ပါဝင်လက်မှတ်ထိုးရန်လိုနေသေးသောကြောင့် ယင်းသည် လက်တွေ့တွင် တစ်နိုင်ငံလုံးအတိုင်းအတာ ဖြစ်ရန် အလှမ်းဝေးနေဆဲဖြစ်ပါသည်။ သို့ဖြစ်ပါသော်လည်း ယင်းသဘော တူညီချက်၏ အရေးပါရသည့်အကြောင်းမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ကြာမြင့်စွာ လိုလားတောင်းတခဲ့သော်လည်း တပ်မတော်မှ လက်ခံခြင်းမရှိခဲ့သည့် ဖက်ဒရယ်စနစ် ကျင့်သုံးသည့် အစိုးရတစ်ရပ်ထူထောင်ရေးအားဦးတည်ကာ နိုင်ငံရေးဆွေးနွေးမှုအား ပြုလုပ်ရန် တပ်မတော်အပါဝင် အဖက်ဖက်မှ တာဝန်ယူကတိပြုခဲ့သည့် အတွက်ဖြစ်ပါသည်။ ထို့ပြင် နှစ်သွယ်သော လုပ်ငန်းစဉ်များဖြစ်သည့် လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲရေး (SSR) နှင့် လက်နက် ဖြုတ်သိမ်းရေး၊ တပ်ရုပ်သိမ်းရေးနှင့် ပြန်လည်ပေါင်းစည်းခြင်း (DDR) တို့အတွက် သဘောတူညီချက်တစ်ခုအားလည်း ပြုလုပ်ထားပြီး ယင်းအား NCA တွင် 'လုံခြုံရေးကဏ္ဍပြန်လည်ပေါင်းစည်းမှု' ဟု ရည်ညွှန်းပါသည်။ ယင်းကြောင့် မြန်မာနိုင်ငံတွင် တစ်ပြည်ထောင်စနစ်ဖြစ်နေရာကနေ ဖက်ဒရယ်စနစ်ပိုဆန်သည့် လုံခြုံရေးဖွဲ့စည်းမှုသို့ ကူးပြောင်းခြင်းသည် မည်သို့မည်ပုံ ဖြစ်မည်ဆိုသည် ကိုလည်းကောင်း EAO အဖွဲ့များအား ယင်းအတွင်းသို့ မည်သို့ ထည့်သွင်းပေါင်းစပ်ပေးနိုင်မည်ဆိုသည်ကို လည်းကောင်း စပ်လျဉ်းပြီး အရေးကြီးသည့် မေးခွန်းများပေါ်ပေါက်လာပါတော့သည်။

ယခုဆွေးနွေးမှုစာတမ်းသည် လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲရေးအတွက် ရှုပ်ထွေးလှသော သမိုင်းအား ဆက်စပ် ဆွေးနွေးခြင်းနှင့် ၄င်းခေါင်းစဉ်အပေါ် လက်ရှိအခြေအနေမှ အကျယ်တဝင့် အလေးပေးဆွေးနွေးခြင်းဖြင့် သက်သေ အခြေပြု နည်းလမ်းအားပံ့ပိုးပေးရန် ရည်ရွယ်ထားပါသည်။ ယခုစာတမ်းသည် ရှိနှင့်ပြီးသားဖြစ်သော ပွင့်လင်းအရင်းအမြစ်များအပေါ် စာတမ်းပြုစုသူ၏ မြန်မာနိုင်ငံအတွင်း လုံခြုံရေးဆိုင်ရာ အခြေအနေများအား သုတေသနပြုလုပ်လာခဲ့သည့် နှစ်များစွာသော အတွေ့အကြုံများပေါင်းထည့်ကာ ပြုလုပ် ထားသော Desk Research အပေါ် အခြေခံ ထားပါသည်။ ယခုစာတမ်းအား ပြုစုခြင်းမှ မြန်မာနိုင်ငံ၏ ပြီးခဲ့သော လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှု အတွေ့အကြုံများနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ တပ်မတော်နှင့် များပြားလှသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များကဲ့သို့သော အဓိကပါဝင်ပတ်သက်သူများ၏

အနာဂတ်အတွက် မတူညီသော မျှော်မှန်းချက်များအား ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွင်း ပါဝင်လှုပ်ရှားသူများနှင့် ပံ့ပိုးသူများထံ အသိပေးကူညီမှု ပြုရန်ဖြစ်ပါသည်။ ယခုစာတမ်းတွင် လုံခြုံရေးကဏ္ဍ ပေါင်းစည်းရေးအတွက် ယခင်က ကြိုးပမ်းမှုများအား ဆန်းစစ်မှု ပြုထားပြီး၊ နိုင်ငံရေးအခြေအနေ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ဆက်စပ်လျက်ရှိသော နိုင်ငံ၏လုပ်ငန်းစဉ်များ ကိုလည်း သုံးသပ်မှု ပြုထားပါသည်။ ထို့အပြင် အနာဂတ်တွင် လုံခြုံရေးကဏ္ဍဆိုင်ရာ ဖွဲ့စည်းပုံ၊ အုပ်ချုပ်မှုနှင့် ဆက်လျဉ်းပြီး အဓိက ပါဝင်ပတ်သက်သူများ၏ အခန်းကဏ္ဍနှင့် သဘောထားအမြင်များအား ထင်ဟပ်ပြနိုင်ရန် ကြိုးစားထားပါသည်။

၁၉၆၀ ပြည့်လွန်နှစ်များမှစတင်ကာ ၂၀၀၀ ပြည့်လွန်နှစ်များတစ်လျှောက် တပ်မတော်သည် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များကို ယင်း၏ ကွပ်ကဲအုပ်ချုပ်မှု အောက်တွင်ရှိရမည့် အရန်တပ်ဖွဲ့များအဖြစ်သို့ ပြောင်းလဲရန် အစီအစဉ်များကို အစပြုလုပ်ဆောင်ခဲ့ရာတွင် အများအားဖြင့် စစ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းများအတွက် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ခေါင်းဆောင်များအားစီးပွားရေးလုပ်ပိုင်ခွင့်များကမ်းလှမ်းခြင်းဖြင့် လုပ်ဆောင်ခဲ့ပါသည်[i]။ ဆယ်စုနှစ်များစွာအတွင်း ဒါဇင်နှင့်ချီသော အဆိုပါအဖွဲ့များ ဖြစ်ပေါ်လာခဲ့သော်လည်း အဆိုပါ အစီအစဉ်များက အသစ်သော ပဋိပက္ခများကို ဖြစ်ပေါ်စေလေ့ရှိကာ၊ EAO အဖွဲ့များအား ပြိုကွဲစေခဲ့သည် သို့တည်းမဟုတ် EAO နှင့် တပ်မတော်ကြားတွင် တင်းမာမှုများ မြင့်တက်လာစေလေ့ ရှိပါသည်။ ၂၀၀၉ ခုနှစ် တပ်မတော်အာဏာယူထားစဉ် ကာလအတွင်းက နိုင်ငံတွင်းရှိအပစ်အခတ်ရပ်စဲထားသော EAO အဖွဲ့ (၄၀) လုံးအား တပ်မတော်၏ တိုက်ရိုက်ကွပ်ကဲမှုအောက်ရှိ နယ်ခြား စောင့်တပ်ဖွဲ့ (BGF) အဖြစ်သို့ ပြောင်းလဲဖွဲ့စည်းရန် တောင်းဆိုခဲ့ရာမှ ပြဿနာအဟောင်းနှင့် အသစ်တို့ပါဝင်သည့် လှိုင်းဂယက်ကြီး ပေါ်ပေါက်လာခဲ့ရာ ယနေ့ထက်တိုင် ပြီးပြတ်ခြင်းမရှိသေးပေ။ ထို့ပြင် BGF တပ်များနှင့်အခြားသော အရန်တပ်ဖွဲ့များ၏ အခန်း ကဏ္ဍများသည် ကောင်းစွာပြဋ္ဌာန်းထားခြင်းမရှိပဲ အထူးသဖြင့် စီးပွားရေး လုပ်ဆောင်ခြင်းများအပေါ်တွင်သာ အလေးပေးထား ပါသည်။

ထို့ကြောင့် EAO အဖွဲ့များအား နိုင်ငံတော်၏ လုံခြုံရေးတပ်ဖွဲ့များ အဖြစ်သို့ပေါင်းစည်းမှု ပြုလုပ်ခြင်း အယူအဆမှာ အသစ်အဆန်း မဟုတ်သလို ရှုပ်ထွေးလှသောသမိုင်းနောက်ခံ တစ်ရပ်လည်း ရှိနေပါသည်။ သို့သော်လည်း ပိုမို ကောင်းမွန်စွာ ညှိနှိုင်းမှုပြုထားသည့်ရေရှည် တည်တံ့မည့် စီစဉ်ဆောင်ရွက်မှုများအား လက်ရှိ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အားဖြင့် ထွက်ပေါ်အောင် ဆောင်ရွက်နိုင်မည်ဆိုသည့် မျှော်လင့်ချက်များ ရှိနေပါသည်။

NCA လက်မှတ်ထိုးပြီးသည့် နောက်ပိုင်း နိုင်ငံရေးဆွေးနွေးမှုများအား တပ်မတော်၊ EAO အဖွဲ့များနှင့် ၂၀၁၆ ခုနှစ်၊ မတ်လကတည်းက အာဏာရလာခဲ့သည့် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (NLD) တို့အကြား (၃) ပွင့်ဆိုင် ဆွေးနွေးမှုပုံစံအပေါ်တွင် အခြေခံ၍ ကျယ်ပြန့်စွာ ဖွဲ့စည်းထားပါသည်။ မည်ကဲ့သို့သော 'ဖက်ဒရယ်မှု' နှင့် 'လုံခြုံရေးကဏ္ဍပေါင်းစည်းရေး' ပုံစံများ ရှိသင့်သည်ဆိုသည့်အပေါ်တွင် အဆိုပါပါဝင် ပတ်သက်သူတို့ တစ်ဖက်ချင်းစီတွင် များစွာကွဲပြားသည့် ရပ်တည်ချက်များရှိကြပါသည်။

မြန်မာ့နိုင်ငံရေးနှင့် စီးပွားရေးတို့ အပေါ် နက်ရှိုင်းစွာ အမြစ်တွယ်ထားကာ အင်အားတောင့်တင်းပြီး ကောင်းစွာဖွဲ့စည်း တည်ထောင်ထားသည့် တပ်မတော်သည် နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် တည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်ပေးသူ ဖြစ်သည် ဟူသည့် ၎င်းတို့ ထင်မှတ်နားလည်ထားမှု အပေါ် အခိုင်အမာ ဆုပ်ကိုင်ထားသည်။ လက်နက်ကိုင် တပ်ဖွဲ့များ၏ အနာဂတ်နှင့် စပ်လျဉ်းသော တပ်မတော်၏ အနာဂတ်မျှော်မှန်းချက်မှာ အဓိကအားဖြင့် တပ်မတော်၏ စွမ်းရည်များ အလျင်အမြန် ခေတ်မီ တိုးတက်စေရန် အလေးပေးထားပြီး၊ အမြဲအလေးထား ပြောသည့် အရာမှာ EAO အဖွဲ့များအနေဖြင့်လိုအပ်သည်မှာ DDR လုပ်ငန်းစဉ် အားလုပ်လာရန်

i Buchanan (2016), Kramer (2009), Lintner (1999), Smith (1999).

သို့မဟုတ် လက်ရှိတပ်မတော်၏ ကွပ်ကဲမှုအောက် လာရောက်လိုက်ရုံသာ ဟူ၍ ဖြစ်ပါသည်။

တပ်မတော်က ယင်း၏ နိုင်ငံရေးအခန်းကဏ္ဍအား လက်လွှတ်၍ အရပ်သား ထိန်းချုပ်မှုအောက်သို့ဝင်ရန် အပါအဝင် ပြည်သူများနှင့် ယုံကြည်မှု ပြန်လည်တည်ဆောက်ရန်ဆိုသည့် တပ်မတော်၏ဒီမိုကရေစီဆိုင်ရာ ပြုပြင်ပြောင်းလဲရေး လိုအပ်ချက်အား NLD မှ အာရုံစိုက်ထားခဲ့သည်မှာ ကြာပြီဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ဒေါ်အောင်ဆန်းစုကြည်မှ ၎င်း၏ ဖခင်ထူထောင်ခဲ့သော[ii] တပ်မတော်နှင့်ပတ်သက်၍ ၎င်း၏ ကိုယ်ပိုင်ရည်မှန်းချက်အား ကြိမ်ဖန်များစွာပြောထားခဲ့ပြီးဖြစ်ကာ တပ်မတော်သည် နိုင်ငံတော်အတွက် အရေးပါသည့် အဖွဲ့အစည်း[iii]အဖြစ်ဆက်လက်တည်ရှိနေသည့် အချက်ကို ဖော်ညွှန်း နေပါသည်။ ဒေါ်အောင်ဆန်းစုကြည်မှ EAO အဖွဲ့များ တောင်းဆိုလာခဲ့သော ဖက်ဒရယ် ပြည်ထောင်စုတပ်မတော်အား မရေမရာ သာထောက်ခံခဲ့ပြီး မြန်မာနိုင်ငံ၏ များပြားလွန်းလှသော EAO အဖွဲ့များအား ပြုပြင်ပြောင်းလဲလိုက်သော တပ်မတော် တစ်ခုတွင် ပေါင်းစည်း၍ရနိုင်မည်လား၊ မည်ကဲ့သို့ပေါင်းစည်းနိုင်မည်ဆိုသည်များကိုလည်း ရည်ညွှန်းဖော်ပြထားခြင်းသိပ်မရှိပေ။

EAO အဖွဲ့များသည် အရွယ်အစား အမျိုးမျိုး၊ သမိုင်းနောက်ခံ အမျိုးမျိုးနှင့် အကျိုးစီးပွား အမျိုးမျိုးတို့တွင် များစွာ ကွာခြားကြပြီး SSR အပေါ်တွင် ယင်းတို့၏ အနေအထားသည်လည်း များစွာ ကွာခြားကြပါသည်။ ၂၀၀၀ ပြည့်လွန် နောက်ပိုင်း နှစ်များကတည်းဆိုပါစို့၊ ဖက်ဒရယ်လိုလားသည့် EAO ညွန့်ပေါင်းအဖွဲ့ အတွက်ဆိုလျှင် လက်နက်ကိုင်တပ်ဖွဲ့များအား ဖက်ဒရယ်မှု များအတိုင်း တိုးတက်ပြောင်းလဲမှု ပြုလုပ်ရန် တောင်းဆိုမှုမှာ အရေးတကာ့ အရေးကြီးဆုံးဖြစ်ပြီး ယင်းအချက်သည် ၎င်းတို့၏ SSR ဆိုင်ရာတွင် အချက်အချာကျသည့် အခြေခံမှုဖြစ်ပါသည်။ ယခင်နိုင်ငံ၏ EAO အဖွဲ့များအား နယ်ခြား စောင့်တပ် (BGFs) များအဖြစ်ပြောင်းလဲရန် ကြိုးစားခဲ့သည့် အတွေ့အကြုံအရ တပ်မတော်အပါအဝင် နိုင်ငံတွင်း ဘက်စုံဗဟိုချုပ်ကိုင်မှု လျော့ချခြင်း မရှိဘဲ ၎င်းတို့၏ စွမ်းရည်များသည် တပ်မတော်အတွက် အမှုထမ်းပေးရန်ကိုသာ အလေးပေးထားသည့် မည်သည့် SSR လုပ်ငန်းစဉ်ကိုမဆို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် ဆက်လက်အယုံအကြည် ကင်းမဲ့နေမြဲ ဖြစ်နေမည်ကို နားလည်သိရှိခဲ့ရပါသည်။

မြန်မာနိုင်ငံတွင် လက်နက်ကိုင် ပဋိပက္ခများ ဖြစ်ပေါ်စေသည့် တစ်ခုနှင့် တစ်ခု အပြန်အလှန်ဆက်စပ်လျက်ရှိသော နိုင်ငံရေးနှင့် လုံခြုံရေး ရှုပ်ထွေးမှုများအတွက် ရေရှည်တည်တံ့နိုင်မည့် အဖြေရရှိရန် အဓိကပါဝင်ပတ်သက်သူ (၃) ဖွဲ့ (တပ်မတော်၊ NLD နှင့် EAO အဖွဲ့များ) သည် လုံခြုံရေးကဏ္ဍပေါင်းစည်းခြင်း အပေါ်တွင် တူညီသည့် အနာဂတ်ရည်မှန်းချက်ရှိရန် လိုအပ်မည်ဖြစ်ပါသည်။ အထက်တွင် ဖော်ပြထားသည့်ကွဲလွဲနေသော အမြင်များအား ပြန်လည်စေ့စပ်ရန် သို့မဟုတ် ဘုံသဘောတူညီ နိုင်မည့် အခြေအနေတစ်ခုအား ရှာဖွေဖော်ထုတ်ခြင်းမှာ လုံးဝလွယ်ကူမည်မဟုတ်ပဲ ရေရှည်တွင် တိုး၍ ကြိုးပမ်းဆောင်ရွက်ရ နိုင်ပါသည်။

ထိုကဲ့သို့သော သိမ်မွေ့နက်နဲမှုများအား နားလည်ရန် သော်လည်းကောင်း၊ အချက်လက်စုံလင်စွာ ပါဝင်သည့် မူဝါဒအကြံပြုချက်များအား ပြုစုရေးသားရန်သော်လည်းကောင်း၊ သုတေသနများစွာ ပြုလုပ်ရန် လိုအပ်လျက်ရှိရာ ယခု အစီရင်ခံစာတွင် အဘယ်ကဲ့သို့သော အဓိကစိန်ခေါ်မှုများနှင့် အဓိကမေးခွန်းများ ဆက်လက်ဖြစ်ပေါ်လာမည်ဆိုသည့် အပေါ် ကျယ်ပြန့်သည့် သုံးသပ်မှုအချို့ ဖြင့် အဆုံးသပ်ထားပါသည်။ ထို့အပြင် ထပ်ဆင့် ပြုလုပ်နိုင်မည့် သုတေသနနှင့် လေ့လာဆည်းပူးမှုတို့ အတွက် အချို့သော သီးခြား ခေါင်းစဉ်များအား ယခုအစီရင်ခံစာမှ အကြံပြုဆွေးနွေးပေးထားပါသည်။

ii Selth (2001b), p. 4.

iii Selth (2001b), NLD Manifesto (2015).

မြန်မာနိုင်ငံ၏ အနာဂတ် လုံခြုံရေးကဏ္ဍဆိုင်ရာ ဆွေးနွေးပွဲများတွင် ပါဝင်ပတ်သက်နေသူများ အနေဖြင့် အပြုသဘောဆောင် ပါဝင်နိုင်ကြရန် ၎င်းတို့အား အထောက်အပံ့ဖြစ်စေမည့် ယှဉ်တွဲလေ့လာနိုင်မည့် ပုံစံများ၊ လုံခြုံရေးနှင့် လုံခြုံရေးကဏ္ဍ ပေါင်းစည်းခြင်းဆိုင်ရာဖက်ဒရယ် ပုံစံများအပေါ် အတွေ့အကြုံများအား အလေးပေး ဖော်ပြထားသော ယခုစာတမ်း၏ အဆက်စာတမ်း တစ်စောင်အား Saferworld အဖွဲ့မှ ထုတ်ဝေသွားမည် ဖြစ်ပါသည်။

# ၁

# နိဒါန်း

၂၀၁၅၊ ၂၀၁၆ခုနှစ်များအတွင်း မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အဓိက ကျသည့်တိုးတက်မှုများသည် နိုင်ငံ၏ အနာဂတ် လုံခြုံရေးကဏ္ဍ အတွက် အလွန်အရေးပါသည့် ဆွေးနွေးမှု တစ်ရပ်ကို သိသာထင်ရှားစွာ ဖြစ်ပေါ်လာစေခဲ့ပါသည်။ နိုင်ငံရေးဆွေးနွေးမှုများမှ တစ်ဆင့်ဖက်ဒရယ်စနစ် ကျင့်သုံးသော အစိုးရအပေါ် အခြေခံသည့် ပြည်ထောင်စု တစ်ခုအား တည်ဆောက်မည့် ရည်ရွယ်ချက်အပေါ်တွင် မြန်မာနိုင်ငံ၏ အင်အား အတောင့်တင်းဆုံး လက်နက်ကိုင်တပ်ဖွဲ့ ဖြစ်သည့် တပ်မတော်က အနည်းဆုံး မူအားဖြင့် သဘောတူညီမှုပြုခဲ့ပါသည်။ ယင်းကိစ္စအား တိုင်းပြည်၏ အဓိက တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း (EAO) (၂၀) ကျော်မှ တောင်းဆိုလာခဲ့သည်မှာ ကာလ ကြာမြင့်ခဲ့ပြီ ဖြစ်ပါသည်။ ၎င်းအဖွဲ့အစည်းများ အတွင်းမှ (၈) ဖွဲ့မှာ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် (NCA)[1] တွင် ပါဝင် လက်မှတ်ရေးထိုးထားပြီး ဖြစ်ပါသည်။ ထို့ပြင် နှစ်သွယ်သော လုပ်ငန်းစဉ်များဖြစ်သည့် လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲရေး (SSR) နှင့် လက်နက် ဖြုတ်သိမ်းရေး၊ တပ်ရုပ်သိမ်းရေးနှင့် ပြန်လည်ပေါင်းစည်းခြင်း (DDR) – a dual process of SSR and DDR တို့အတွက် သဘောတူညီချက်တစ်ခုအားလည်း ပြုလုပ်ထားပြီး ယင်းအား NCA တွင် 'လုံခြုံရေးကဏ္ဍပြန်လည်ပေါင်းစည်းမှု' ဟု ရည်ညွှန်း ထားပါသည်။ ယင်းကြောင့် မြန်မာနိုင်ငံတွင် တစ်ပြည်ထောင်စနစ်မှ ဖက်ဒရယ်စနစ်ပိုဆန်သည့် လုံခြုံရေးဆိုင်ရာဖွဲ့စည်းမှုသို့ ကူးပြောင်းခြင်းသည် မည်သို့မည်ပုံဖြစ်မည် ဆိုသည်ကိုလည်းကောင်း၊ EAO အဖွဲ့များမှ မည်သို့ ပေါင်းစပ် လုပ်ဆောင်သွားနိုင်မည် ဆိုသည့် အရေးကြီးသည့် မေးခွန်းများ ပေါ်ပေါက်လာစေပါသည်။

ယင်းဖွံ့ဖြိုးတိုးတက်မှုများသည် အစိုးရသစ် တည်ဆောက်ခြင်းနှင့် အတူတကွ ဖြစ်ထွန်း လာကာ နိုင်ငံ၏ အလွန်ကြည်ညို လေးစားရသော ဒီမိုကရေစီပြယုဂ် ဒေါ်အောင်ဆန်းစုကြည်အား တပ်မတော်၏ ခေါင်းဆောင်ပိုင်းနှင့် လွယ်ကူခြင်းမရှိသည့် ပူးပေါင်းမှုမျိုး ပြုလုပ်စေပါသည်။ တပ်မတော် အစိုးရနှစ်ဆက်မှ တိုင်းပြည်အား အုပ်ချုပ်ခဲ့သော ၁၉၆၂ ခုနှစ် မှ ၂၀၁၁ ခုနှစ်များ အတွင်း ၁၉၉၀ ခုနှစ်မှ ၂၀၀၀ ခုနှစ်များတစ်လျှောက် နှစ်အများစုတွင် ဒုတိယမြောက် အာဏာရှင်က ဒေါ်အောင်ဆန်းစုကြည်အား အိမ်တွင်း အကျယ်ချုပ် ဖမ်းဆီးထားခဲ့ပါသည်။ ယင်းကာလ အတောအတွင်းတွင် အာဏာရှင်အစိုးရသည် နိုင်ငံရှိ EAO အဖွဲ့ အများစု နှင့် အပစ်အခတ် ရပ်စဲထားမှုအား ထိန်းသိမ်းထားခဲ့သော်လည်း ယင်းတို့နှင့် တကွ ဒေါ်အောင်ဆန်းစုကြည်၏ ပါတီ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD) အား ဘေးဖယ်ထားခဲ့ပြီး နိုင်ငံရေးအပေါ် အဓိပ္ပာယ်

1 Myanmar is a country of great ethnic diversity: the government recognises 135 indigenous ethnic nationalities, but the accuracy of this particular number is a matter of ongoing dispute. The country has long suffered a wide range of ideological, ethnic and state-society cleavages that have often engendered armed conflict and are not always along ethnic lines. From the 1940s until the 1980s, intra-Bamar armed conflicts existed between the state and the Communist Party of Burma, which also greatly influenced the ethnic armed conflicts as will be discussed in this paper. There are also deep-set conflicts involving the Buddhist majority and minority Muslims, but these are not looked at in this paper.

# မြန်မာနိုင်ငံမြေပုံ

## (ပြည်နယ်နှင့် တိုင်းဒေသကြီးနယ်နိမိတ်များပြ မြန်မာနိုင်ငံမြေပုံ)




ပြည့်ဝသည့် လွှမ်းမိုးမှု မရှိစေရန် အလို့ငှာ ထိုစဉ်က ယခု အသက်ဝင်လျက်ရှိသည့် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ[2]အား တစ်ဖက်သတ်ရေးဆွဲနေသည်ဟု ဆိုရမလောက်ပင် ဖြစ်ပါသည်။[2]

စစ်မှုရေးရာများ ဆောင်ရွက်ခြင်းတွင်လည်းကောင်း၊ အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေး မဏ္ဍိုင်များတွင် အလိုအလျောက် ကိုယ် စားပြုခွင့်အား လည်းကောင်း လုပ်ပိုင်ခွင့် အပြည့်ရရှိစေရန် ဖွဲ့စည်းပုံအခြေခံဥပဒေက တပ်မတော်အား ခွင့်ပြုပေးထားရာ၊ ၎င်းတို့သည် အောက်ခြေ နယ်မြေအဆင့်ရှိ ပြည်သူ့စီမံအုပ်ချုပ်ရေးရာများ အပေါ် အထူးတလည် လွှမ်းမိုးခွင့်အား ရရှိထားပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အပေါ်တွင် ပြင်ဆင်ဖြည့်စွက်ခြင်း ပြုလုပ်ရေး

2 According to the 2008 Constitution of the Republic of the Union of Myanmar, drafted by the Tatmadaw near the end of its 49-year spell in power, the military holds key positions of government and 25 per cent of all parliamentary seats, and retains near total autonomy in the conduct of defence and security responsibilities.

အတော်များများအပေါ်တွင် ဗီတိုအာဏာရှိထားပြီး၊ ယင်းအာဏာဖြင့် ဒေါ်အောင်ဆန်းစုကြည်အား သမ္မတ မဖြစ်စေရန် တားဆီးမှုပြုခဲ့ပါသည်။[3] ထပ်ပေါင်းဆိုရလျှင် အားလုံးသော ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အားလုံးသာတူညီမျှကိုယ်စားပြုနိုင်ရန်ပြည်နယ်နှင့်တိုင်းဒေကြီးအစိုးရများနှင့် အထက် လွှတ်တော်အား တည်ထောင်ထားရှိသော်လည်း ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေသည် တမင်သက်သက် တစ်ဖက်သတ်ဖြစ်ဆဲဖြစ်ပြီး၊ အကြောင်းမှာ အစိုးရအဖွဲ့များအား ဗဟိုက ခန့်အပ်ပြီး အလွန့်အလွန် အားနည်းသည့် အစိုးရများဖြစ်စေကာ နည်းပါးသော ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးအာဏာတို့ကိုသာ ရရှိထားပါသည်။ ၂၀၁၅ ခုနှစ်၊ ဖွန်လတွင် ပြုလုပ်ခဲ့သည့် ထင်ရှားသည့် ဗဟိုချုပ်ကိုင်မှု လျှော့ချရေး ပြုပြင်ပြောင်းလဲမှုအား တပ်မတော်က ယင်း၏ ဖွဲ့စည်းပုံအခြေခံဥပေဒထံမှ ရထားသည့် ဗီတိုအာဏာ အသုံးပြုကာ တားဆီးမှုပြုခဲ့သလိုပင် ယင်းကဲ့သို့သော အပြောင်းအလဲများအတွက် အတိုက်အခံ ဆက်လက် ပြုနေဦးမည်ဟု မျှော်လင့်ရပါသည်။

ဒေါ်အောင်ဆန်းစုကြည်၏ NLD ပါတီမှာလည်း ငြိမ်းချမ်းရေးနှင့် ပြန်လည်ရင်ကြားစေ့ရေး အား အစိုးရ၏ အဓိက ဦးစားပေးများအဖြစ် သတ်မှတ်ထားခဲ့သည်။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အများစုနှင့်ဗမာမဟုတ်သောနိုင်ငံရေးခေါင်းဆောင်များအတွက်ငြိမ်းချမ်းရေးဖြစ်စဉ်တိုးတက်မှု များသည် အာဏာအား ပို၍ညီမျှစွာ ခွဲဝေနိုင်မှုရှိသော ဖက်ဒရယ်စနစ်အစိုးရ ဖြစ်ပေါ်လာစေရန် ပံ့ပိုးသည့် နိုင်ငံ၏ အရေးပါသော ပြုပြင်ပြောင်းလဲမှုတွင် တည်မှီနေပါသည်။ သို့ရာတွင် တပ်မတော် အနေဖြင့် တည်ငြိမ် အေးချမ်းမှုအား အခိုင်အမာ ပြောဆိုနိုင်သည့် အချိန်အထိ ၎င်း၏ အာဏာကို ဆက်လက်ထိန်းသိမ်းသွားမည့် အကြောင်း ကာလကြာရှည်စွာ ဖော်ပြလာခဲ့ပါသည်[4]။ အဘက်ဘက်ရှိ ခေါင်းဆောင်များ၊ အထူးသဖြင့် တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အကြား ယုံကြည်မှုသည် အလွန်နည်းပါးမှုရှိနေရာ အကြောင်းရင်းမှာ တပ်မတော်မှ တိုင်းရင်းသားလက် နက်ကိုင်အဖွဲ့များသည် မတည်ငြိမ်မှုများအား လှုံ့ဆော်သူများအဖြစ် ဝေဖန် အပြစ်တင်သလို၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များမှလည်း တပ်မတော်အား ကြီးစိုးကျူးကျော်သူများအဖြစ် ရှုမြင်နေကြခြင်းကြောင့် ဖြစ်ပါသည်။

NCA လက်မှတ်ထိုးပြီးသည့် နောက်ပိုင်း နိုင်ငံရေးညှိနှိုင်း ဆွေးနွေးမှုများသည် မြန်မာနိုင်ငံ တွင် "ဖက်ဒရယ်မှု" နှင့် "လုံခြုံရေးပေါင်းစည်းမှု" ပုံစံမှာ မည်သို့မည်ပုံ ဖြစ်သင့်သည်နှင့် စပ်လျဉ်း၍ အလွန် ခြားနားကွဲပြားသော ရပ်တည်ချက်ကိုယ်စီ ရှိကြသည့်တပ်မတော်၊ NLD နှင့် EAO အဖွဲ့များ အကြား သုံးပွင့်ဆိုင် ဆွေးနွေးမှု အပေါ် ကျယ်ပြန့်စွာ အခြေခံ ဖွဲ့စည်းထားခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့် စီးပွားရေးတွင် နက်နဲစွာ အမြစ်တွယ်နေသော အင်အားတောင့်တင်းပြီး ကောင်းစွာ ဖွဲ့စည်းတည်ထောင်ထားသည့် တပ်မတော်မှာ နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် တည်တံ့ခိုင်မြဲရေးကို ကာကွယ်ပေးသူအဖြစ် ၎င်းတို့ သိမြင်ယူဆထားမှုကို မြဲမြံစွာ ဆုပ်ကိုင်ထားလျက်ရှိသည်။ လက်နက်ကိုင် တပ်ဖွဲ့များအတွက် တပ်မတော်၏အနာဂတ် မျှော်မှန်းချက်မှာ ဖွဲ့စည်းမှုပိုင်းဆိုင်ရာ အခြေခံအုတ်မြစ်နှင့် ကဏ္ဍအသီးသီးအား ပြုပြင်ပြောင်းလဲရေးထက် ၎င်း၏ စွမ်းဆောင်ရည်များ ဒီထက်ပို၍ ခေတ်မီလာစေရန် လုပ်ဆောင်မှုအပေါ် အဓိက အာရုံပြုထားပေသည်။ EAO အဖွဲ့များ ပေါင်းစည်းမှုနှင့် ပတ်သက်၍ တပ်မတော်က EAO အဖွဲ့များအား ၎င်း၏ ကွပ်ကဲမှုအောက်တွင် ပြည်သူ့စစ်များအဖြစ် ပြောင်းလဲဖို့ ကြိုပမ်းလာရာ ထိုသို့လုပ်ခြင်းမှာ တစ်ခါတစ်ရံ အောင်မြင်မှု ရှိသော်လည်း EAO အဖွဲ့များ၏ တောင်းဆိုမှုများ (သို့) ၎င်းတို့အား သြဇာအာဏာရှိမည့် ရာထူးနေရာများအပ်နှင်းရန်အတွက် တပ်မတော်၏ တပ်ဖွဲ့များအား သီသာထူးခြားစွာ ပြင်ဆင်ဖွဲ့ စည်းရန်ကိုတော့ ငြင်းပယ်ထားခဲ့သည်။ တပ်မတော်မှာ အလုံးစုံ ဗဟိုချုပ်ကိုင်မှုရှိပြီး နိုင်ငံတစ်ဝှမ်း တစ်ညီတည်း ဖြစ်နေသော ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အညီ ရဲတပ်ဖွဲ့ကိုလည်း ထိန်းချုပ် ထားပေသည်။ "သဘောသဘာဝအားဖြင့်ဖက်ဒရယ်"[5] ဖြစ်သည့် အုပ်ချုပ်မှုစနစ်တစ်ရပ်ကို ဖွဲ့စည်းဖို့

3 The 2008 Constitution currently blocks anyone with foreign children, such as Aung San Suu Kyi, from taking the position.
4 See Chapter 5.
5 NCA (2015), Article 1a.

နိုင်ငံရေး ညှိနှိုင်းဆွေးနွေးမှု လုပ်ဆောင်ရန် သဘောတူညီထားမှု ရှိသော်လည်း တပ်မတော်မှာ လက်ရှိ အုပ်ချုပ်မှုစနစ်မှာ ဖက်ဒရယ်ပုံစံဖြစ်နေပြီးသား ဖြစ်သည်ဟု ယူဆထားကြောင်း အခါခါ ညွှန်းဆိုလာနေခဲ့သည်။

၂၀၁၅ ခုနှစ် အောက်တိုဘာလ ရွေးကောက်ပွဲများတွင် အပြတ်အသတ်အနိုင်ရရှိခဲ့သော အစိုးရသစ် NLD ပါတီမှာ တပ်မတော်အား နိုင်ငံရေးတွင် ပါဝင်နေမှုအား စွန့်လွှတ်၍ အရပ်ဘက်ထိန်းချုပ်မှုအောက်တွင် ရောက်ရှိစေရေးနှင့် ပြည်သူလူထု ယုံကြည်မှုကို ပြန်လည်တည်ဆောက်နိုင်စေဖို့ တပ်မတော်အား ဒီမိုကရေစီနည်းတကျ ပြုပြင်ပြောင်းလဲမှုအပေါ် အာရုံစိုက်လာခဲ့ ပေသည်။ သို့သော် ဒေါ်အောင်ဆန်းစုကြည်မှ သူမ၏ ဖခင်တည်ထောင်ခဲ့သည့် တပ်မတော်အတွက် သူမ၏ ပုဂ္ဂိုလ်ရေးရည်မှတ်ချက် အား ထပ်တလဲလဲ ဖော်ပြခဲ့ပြီး နိုင်ငံတော်၏ အရေးပါသော အဖွဲ့အစည်းအဖြစ် တည်ရှိသည်ကို ညွှန်းဆိုခဲ့သည်။ အာဏာရလာသည့် အချိန်မှစ၍ NLD မှာ သမိုင်းတွင် အကြီးမားဆုံးသော ကာကွယ်ရေးဘတ်ဂျက်အား တပ်မတော်သို့ ပေးခဲ့ပြီး တပ်မတော်၏ လုပ်ရပ်အား ပြည်တွင်း၊ ပြည်ပမှ ရှုတ်ချမှုများရှိသော်လည်း မည်သည့် စစ်ရေးကိစ္စကိုမျှ ဝေဖန်ပြောကြားမှုမရှိဘဲ နေလာခဲ့သည်။ အထူးသဖြင့် ၂၀၁၅ ခုနှစ်မှစ၍ NLD က ငြိမ်းချမ်းရေးရရှိရန် ဖက်ဒရယ်ဆန်၍ ဒီမိုကရေစီနည်းကျသော အုပ်ချုပ်မှုစနစ် ပေါ်ထွန်းလာဖို့ အကွာရာကျကြောင်း ထပ်တလဲလဲ ပြောဆိုလာခဲ့သည်။ သို့သော် ဒေါ်အောင်ဆန်းစုကြည်မှ EAO အဖွဲ့များ တောင်းဆိုလာခဲ့သော ဖက်ဒရယ် ပြည်ထောင်စုတပ်မတော်အား မရေမရာသာ ထောက်ခံခဲ့ပြီး မြန်မာနိုင်ငံ၏ များပြားလွန်းလှသော EAO အဖွဲ့များအား ပြုပြင်ပြောင်းလဲလိုက်သော တပ်မတော်တစ်ခုတွင် ပေါင်းစည်း၍ ရနိုင်မည်လား၊ မည်ကဲ့သို့ ပေါင်းစည်း နိုင်မည်ဆိုသည်များကိုလည်း ရည်ညွှန်းဖော်ပြထားခြင်းသိပ်မရှိပေ။

မြန်မာနိုင်ငံရှိ EAO အဖွဲ့များသည် ရှမ်း၊ ကရင်၊ ကချင်၊ ကရင်နီ၊ မွန်၊ တအောင်း၊ ချင်းနှင့် 'ဝ' အပါအဝင် အရွယ်အစား၊ သမိုင်းကြောင်း၊ အကျိုးစီးပွားနှင့် အမျိုးသားနိုင်ငံရေး ခြုံငုံအလေးထားမှု အမျိုးမျိုးရှိကြသည့် တိုင်းရင်းသားလူမျိုး (၁၂) မျိုးကျော်ကို ကိုယ်စားပြုကြောင်း ၎င်းတို့အချင်းချင်းကြားတွင် အခိုင်အမာ ပြောဆိုကြသည်။ သို့သော် ဖက်ဒရယ်အားပေးသော EAO အဖွဲ့ အဓိကအုပ်စု အတွက် တပ်မတော်အားဖက်ဒရယ်လမ်းကြောင်းကိုလိုက်၍ ပြုပြင်ပြောင်းလဲရန် တောင်းဆိုမှုမှာ အနည်းဆုံး ၂၀၀၀ ခုနှစ်လွန်များ ကတည်းက အလွန်ပင်အရေးပါလာခဲ့ပြီး ယခုထိ SSR ဗဟိုမူဝါဒ အဖြစ် တည်ရှိဆဲဖြစ်သည်။ သို့သော် ၎င်းတို့အနေဖြင့် ဤသို့ ပြုပြင်ပြောင်းလဲမှုမှာ မည်သို့မည်ပုံ ဖြစ်သင့်သည်နှင့် စပ်လျဉ်း၍ ထင်ရှားပြတ်သားသော စုပေါင်းရပ်တည်ချက်ရဖို့ ကြိုးစား နေရဆဲဖြစ်ပြီး တိကျသော မူဝါဒများ ထွက်ပေါ်ရန် လုပ်ဆောင်နေရဆဲဖြစ်သည်။ နိုင်ငံတော်က EAO အဖွဲ့များအား နယ်ခြား စောင့်တပ် (BGF) များအဖြစ်ပြောင်းလဲဖို့ ယခင်ကကြိုးစားခဲ့သည့် အတွေ့အကြုံအရ ထင်ရှားသည့်အချက်မှာ အုပ်ချုပ်မှုကို ဘက်စုံ ဗဟိုချုပ်ကိုင်မှု လျော့ချခြင်းမရှိဘဲ တည်ဆဲတပ်မတော် (သို့) ဗဟိုအစိုးရအတွက် အမှုထမ်းပေးဖို့သက်သက် ၎င်းတို့၏ စွမ်းဆောင် ရည်များကို ပြန်လည်အသုံးပြုရန်ဟု ရှုမြင်သည့် မည်သည့် SSR လုပ်ငန်းစဉ်ကိုမဆို EAO အဖွဲ့များမှ ပြင်းပြင်းထန်ထန် ဆန့်ကျင် သွားရန်ရှိသည် ဆိုသည့် အချက်ပင်ဖြစ်သည်။

မြန်မာနိုင်ငံတွင် လက်နက်ကိုင် ပဋိပက္ခများဖြစ်စေသည့် နိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာ ကြောင့်ကြမှုများကို ရေရှည်အတွက် ဖြေရှင်းနိုင်ရန် လုံခြုံရေးပေါင်းစည်းမှုဆိုင်ရာ တူညီသော အနာဂတ်မျှော်မှန်းချက် ဖော်ထုတ်နိုင်ရန် တပ်မတော်၊ NLD နှင့် EAO အဖွဲ့များစသည့် အဓိက ပါဝင်ပတ်သက်သူ အုပ်စု (၃) စုစလုံးကို တစ်ပါတည်း ခေါ်ဆောင်လာနိုင်ရန် လိုအပ်ပေသည်။ အထက်တွင် ဖော်ပြထားသည့် ကွဲထွက်နေသော ရှုမြင်သုံးသပ်မှုများကိုစေ့စပ်ရန် သို့မဟုတ် ဘုံသဘောတူညီနိုင်မည့် အခြေအနေတစ်ခုအား ရှာဖွေဖော်ထုတ်ခြင်းမှာ လုံးဝလွယ်ကူမည်မဟုတ်ပဲ ရေရှည်တွင် တိုး၍ ကြိုးပမ်းဆောင်ရွက်ရနိုင်ပါသည်။

ဤစာတမ်းမှာ မြန်မာနိုင်ငံတွင် လုံခြုံရေးကဏ္ဍပေါင်းစည်းမှု ယခင်အတွေ့အကြုံများနှင့် တိုင်းပြည်၏ အနာဂတ် လုံခြုံရေး ကဏ္ဍနှင့် ပတ်သက်၍ အဓိက ပါဝင်ပတ်သက်သူအုပ်စုများ၏ အမြော်အမြင်များကို ပြန်လည်သုံးသပ်ရန် ရည်ရွယ်သည်။ အချိန် ကြာမြင့်လာသည်နှင့် အမျှ ဤအမြော်အမြင်များမှာ ပြောင်းလဲလာပြီး ပါဝင်ပတ်သက်သူအများစု၏ တိကျသော ရပ်တည်ချက်များမှာ အဆက်မပြတ် ပြောင်းလဲနေသည်။ သို့သော်လည်း အဓိကစိန်ခေါ်မှုများကို ကြိုမြင်နိုင်ရန်နှင့် နှစ်ဦးနှစ်ဖက် သဘောတူညီမည့် နယ်ပယ်များကို ဖော်ထုတ်နိုင်ရန် အထောက်အကူပြုမည့် ကျယ်ပြန့်သော အလားအလာများနှင့် အဓိကကျသော အကြောင်းအရာများလည်းရှိနေပါသည်။

# ၂။ မြန်မာနိုင်ငံအတွင်းရှိ လုံခြုံရေးတပ်ဖွဲ့များ

စစ်တပ်၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ဆယ်စုနှစ်များစွာ ကြာမြင့်ခဲ့သော်လည်း မြန်မာနိုင်ငံသည် တစ်နိုင်ငံလုံးအပေါ် ကွပ်ကဲအုပ်ချုပ်နိုင်မှု မလုပ်ဆောင်နိုင်ခဲ့ပေ။ မြန်မာနိုင်ငံ အရှေ့ပိုင်းနှင့် မြောက်ပိုင်း ကျေးလက်ဒေသများ တစ်လျောက်တွင် လုံခြုံရေး ပတ်ဝန်းကျင်ဆိုသည်မှာ စစ်ရေး၊ တရားဥပဒေ လေးစားလိုက်နာစေရေးနှင့် တရားရေးဆိုင်ရာ လုပ်ငန်းတာဝန်များကို ကျင့်သုံးနေ သော များစွာသော တန်ခိုးဩဇာရှိအုပ်စုများကို ဖွဲ့စည်းထားသည့် များပြားလွန်းလှသော လက်နက်ကိုင်ဆောင်သူအမျိုးစုံ ရှိနေခြင်းကို ဆိုလိုသည်ဟု နားလည်ထားကြသည်။ ဤအဖွဲ့များမှာ နယ်မြေတူကိုပင် သူသူငါငါတောင်းဆိုခြင်း၊ စီရင်ခြင်းနှင့် တစ်ခါတစ်ရံတွင် တိုက်ရိုက်ပြိုင်ဆိုင်ခြင်းများ ရှိနေခဲ့သည်။ ဤအဖွဲ့များတွင် လွန်ကဲစွာ စစ်ပုံသွင်းထားကာ ဗဟိုချုပ်ကိုင်မှု များလွန်းသည့် တိုင်းပြည်၏ စစ်တပ်အပြင် EAO အဖွဲ့များ၊ အစိုးရကျောထောက်နောက်ခံမှုရရှိထားသည့် အရန်စစ်အဖွဲ့များ ပါဝင်သည်။ ထုံးစံအားဖြင့် EAO အဖွဲ့များတွင် သီးခြားစီထားရှိသည့် လက်နက်ကိုင်အဖွဲ့များ၊ တရားစီရင်ရေးနှင့် တရားသူကြီးများ၊ တစ်ခါတစ်ရံတွင် ၎င်းတို့ကိုယ်ပိုင် ရဲတပ်ဖွဲ့ များရှိသည်။ ထို့ကြောင့် ပြင်ပကျူးကျော်မှုမှ နယ်မြေဒေသကို ကာကွယ်နိုင်ခြင်း၊ တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံသားတို့၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်နိုင်စွမ်းရှိသော တရားဝင်တပ်ဖွဲ့များကို ဖန်တီးရန် လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲမှုမှာ ဤနယ်ပယ်စုံမှ အမျိုးမျိုးသော ပါဝင်နေသူများ၏ လုံးဝကူးပြောင်းခြင်းအပေါ် ဖောက်ချထားမှုပေါ် တွင် မူတည်နေမည်ဖြစ်သည်။

## မြန်မာနိုင်ငံရှိ နိုင်ငံ့လုံခြုံရေးတပ်ဖွဲ့များ

၁၉၆၂ ခုနှစ်တွင် နိုင်ငံ၏ ပထမဦးဆုံးအကြိမ် စစ်တပ်အာဏာသိမ်းမှု မှသည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေအား အကောင်အထည်ဖော်သည့် ၂၀၁၁ ခုနှစ်အထိ တပ်မတော်သည် နိုင်ငံတော် တည်ဆောက်သည့် အဓိကအဖွဲ့အစည်း ဖြစ်ခဲ့ရာတွင် ပြည်သူပိုင်နှင့် ပုဂ္ဂလိကပိုင်ကဏ္ဍများအပေါ် ကြီးစိုးခဲ့ပြီး အရပ်ဘက်ကြီးကြပ်မှုအောက်တွင် လုံးဝရှိမနေခဲ့ပါ။ ၂၀၁၀ ခုနှစ်တွင် တပ်မတော်သည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) အား တည်ထောင်ခဲ့ပြီး NLD က သပိတ်မှောက်ခဲ့သည့် အငြင်းပွားစရာ အထွေထွေရွေးကောက်ပွဲ ပြီးနောက် ၂၀၁၁ ခုနှစ်တွင် ယင်းပါတီက အာဏာရယူခဲ့ပါသည်။ လက်ရှိ ၂၀၁၅ ခုနှစ်တွင် USDP ပါတီအပေါ် NLD ပါတီက တောင်ပြိုကမ်းပြို အနိုင်ရသည့် ရွေးကောက်ပွဲပြီးသည့်နောက် တပ်မတော်နှင့် အရပ်သားအစိုးရတို့အကြား အာဏာအား တရားဝင်ခွဲခဲ့ပါသည်။ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ၏ သတ်မှတ်ချက်အရ တပ်မတော်သည် ကာကွယ်ရေးဝန်ကြီးဌာန၊

ပြည်ထဲရေးဝန်ကြီးဌာန (MoHA)၊ နှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအား ထိန်းချုပ်မှုရထားပြီး၊ ဥပဒေပြုလွှတ်တော်များအားလုံးတွင် ၂၅% သော ကိုယ်စားလှယ်များအား ခန့်အပ်ပိုင်ခွင့်အပါအဝင် တပ်ပိုင်းဆိုင်ရာ၊ လုံခြုံရေး ပိုင်းဆိုင်ရာ တာဝန်များနှင့် အဖွဲ့အစည်းများအား ကိုင်တွယ်ခြင်းတွင် လုပ်ပိုင်ခွင့်အပြည့်ရှိပါသည်။ ၂၀၀၈ ဖွဲ့စည်းပုံအရ တပ်မတော် သည် ကာကွယ်ရေး၊ ပြည်ထဲရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနများအား ထိန်းချုပ်ခြင်း၊ လွှတ်တော်အားလုံးတွင် ၂၅ ရာခိုင်နှုန်း ကိုယ်စားလှယ်များ ခန့်အပ်နိုင်ခွင့်နှင့် စစ်ရေး၊ လုံခြုံရေးတာဝန်များနှင့် အဖွဲ့အစည်းဌာနများ ကိုင်တွယ်ရာတွင် လုံးဝကိုယ်ပိုင် လွတ်လပ်ခွင့်တို့ရှိသည်။ တပ်မတော်သည် အရေးပါသည့် စီးပွားရေးလုပ်ငန်း အကျိုးစီးပွားများအားလည်း လက်ဝယ် ထိန်းသိမ်း ထားပြီး နိုင်ငံ့ စီးပွားရေး၏ ကဏ္ဍအတော်များများအပေါ်တွင် သိသာသည့် လွှမ်းမိုးမှုများလည်းရှိနေပါသည်[6]။ MoHA ၏ အထွေ ထွေ အုပ်ချုပ်ရေးဦးစီးဌာန (GAD) ၏ ဖွဲ့စည်းပုံများမှတစ်ဆင့် မြို့နယ်အဆင့်ရှိ အစိုးရ၏ အရေးပါသည့် လုပ်ငန်းများ သည်လည်း တပ်မတော်၏ ပုံသွင်းခြင်းအား ခံထားရပါသည်။

တပ်မတော်သည် ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ စုံစမ်းထောက်လှမ်းရေး အဖွဲ့မျိုးစုံ အပါအဝင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ (MPF) အပေါ်တွင် ကွပ်ကဲအုပ်ချုပ်မှုအား ပြည်ထဲရေးဝန်ကြီးဌာနမှ တစ်ဆင့် ရယူထားပါသည်။ အပြန်အလှန်အားဖြင့် တပ်မတော်သည် ရခိုင်နှင့် ဘင်္ဂလားဒေ့ရှ် နယ်စပ် နယ်ခြားစောင့် ရဲတပ်ဖွဲ့၊ အရန်စစ် အရည်အသွေးများရှိသည့် လုံထိန်း[7] (အဓိကရုဏ်းရဲတပ်ဖွဲ့) အပါအဝင် အခြား ထပ်ဆောင်းအဖွဲ့များကိုလည်း ကြီးကြပ်ရသည်။[8] လက်ရှိတွင် နိုင်ငံ၏ ပြည်နယ်(၇)ခု၊ တိုင်းဒေသကြီး (၇)ခု၊ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရဒေသ (၆)ခု တို့တွင် ယင်းဒေသတို့၏ကိုယ်ပိုင်ဖြစ်သော တရားဝင်လုံခြုံရေးတပ် တစ်ခုမျှ မရှိသေးပါ။

**အကွက် (၁) – တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အတွင်း တိုင်းရင်းသားလူမျိုး၊ ဘာသာရေးနှင့် အမျိုးသမီး၊ အမျိုးသားများ၏ ကိုယ်စားပြုမှု**

တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ (MPF) တို့အား အများက မြင်ထားသည်မှာ ဗမာလူမျိုးစိုးမိုးသည့် တပ်ဖွဲ့များဖြစ်ပြီး ယင်းအား လက်ရှိ တာဝန်ထမ်းဆောင်လျက်ရှိသည့် ဗိုလ်ချုပ်များက မဟုတ်ကြောင်း ငြင်းပယ်ထားကြပါသည်။ ၂၀၁၃ ခုနှစ်တွင် လက်ရှိ ကာကွယ်ရေး ဦးစီးချုပ် မင်းအောင်လှိုင်မှ "တိုင်းရင်းသား လူမျိုးအမျိုးမျိုး ကျွန်တော်တို့တပ်မတော်ထဲမှာ ပါပါတယ်"[9] ပြီးတော့ ကျွန်တော်တို့တပ်ဟာ "တိုင်းရင်းသားလူနည်းစုက ဆင်းသက်လာတဲ့ တပ်ဖွဲ့ဝင် ၄၅၀၀ အပါအဝင် တိုင်းရင်းသားအားလုံး ပါဝင်နေပြီးသားပါ"[10] ဟု အခိုင်အမာ ပြောဆိုခဲ့ပါသည်။

မူလ တပ်မတော်မှာ ၁၉၄၅ ခုနှစ်တွင် ဗြိတိသျှ ထောက်ပံ့ပေးမှုဖြင့် ဖွဲ့စည်းခဲ့ပြီး ကာကွယ်ရေး ဦးစီးချုပ်နှင့် လေတပ်ဦးစီးချုပ် တို့မှာ ကရင်လူမျိုးများ ဖြစ်ပါသည်။ ၁၉၄၀ ပြည့်လွန်နှစ်များအတွင်း တော်လှန်ပုန်ကန်မှုဘက်သို့ အမြောက်အများကူးပြောင်းသွားမှု ကြုံတွေ့ရပြီး၊ တပ်မတော်သည် တပ်ဖွဲ့ဝင် တစ်ဝက်နီးပါးခန့် ဆုံးရှုံးလိုက်ရပါသည်။ နိုင်ငံအစိုးရနှင့် ပထမဦးဆုံးသော EAO အဖွဲ့ဖြစ်သည့် ကရင် အမျိုးသားအစည်းအရုံး (KNU) တို့အကြား ပဋိပက္ခ စတင်ဖြစ်ပွားပြီးနောက် ကရင်လူမျိုးများဖြစ်သည့် ကာကွယ်ရေးဦးစီးချုပ် နှင့် လေတပ်ဦးစီးချုပ်တို့ နှစ်ဦးစလုံး ၁၉၄၉ ခုနှစ်တွင် တာဝန်မှ ဖယ်ရှားခံခဲ့ရပါသည်။ ကာကွယ်ရေးဦးစီးချုပ်အသစ် ဗိုလ်ချုပ်နေဝင်းမှာ အလွန်တက်ကြွသည့် အမျိုးသားရေးဝါဒီ ဗမာလူမျိုး အုပ်ချုပ်သူ ဖြစ်ပြီး တိုင်းပြည်အား ပထမဦးဆုံး အာဏာသိမ်းခဲ့ကာ ၁၉၆၂ မှ ၁၉၈၈ခုနှစ်ထိ အုပ်ချုပ်ခဲ့သူဖြစ်သည်။ ဦးနေဝင်းမှာ ဗမာ လူမျိုးများစွာကို စတင် တာဝန်ပေးခန့်အပ်ခဲ့သောကြောင့် ၁၉၆၂[11] ခုနှစ်လောက်တွင် အင်အား ၁၀၀၀၀၀ (တစ်သိန်း) အထိ တိုးလာခဲ့ပြီး ဗမာအားပေးမှုဝါဒ (ဩဝါဒ)ကို ထူးထူးခြားခြား ရေးဆွဲခဲ့သည်။ ဗုဒ္ဓဘာသာ မဟုတ်သူများ အပါအဝင် ဗမာမဟုတ်သူ ဝန်ထမ်းများမှာ ဦးနေဝင်း လက်ထက်တွင် အတိုင်းအတာ တစ်ခုထိ ရာထူးအဆင့်တက်နိုင်ခဲ့သော်လည်း ထိပ်ဆုံးအဆင့်ကိုတော့

6 Michael Peel, “Myanmar: the military-commercial complex”, Financial Times, 02-02-2017; available at: https://www.ft.com/content/c6fe7dce-d26a-11e6-b06b-680c49b4b4c0

7 Lon Htein is short for “Lon-chon-hmu Htein-thein Tat-yin”, or “security preservation battalion”, according to Selth (2012) pp. 53–79.

8 Selth (2012) pp. 62–63, citing Myanmar Police Force, 2005, op. cit., pp. 8–9.

9 Lawi Weng (2013), “‘Federal Army’ already exists, Says Military Chief”, The Irrawaddy, 5 December; available at: www.irrawaddy.com/news/burma/federal-army-already-exists-says-military-chief.html

10 Hein Ko Soe (2015), “Government rejects ethnic group bid for a federal force”, Mizzima, 10 December; available at: www.burmanet.org/news/2014/12/10/mizzima-news-government-rejects-ethnic-group-bid-for-a-federal-force-hein-ko-soe/

11 Callahan (2003), p. 173.

ဘယ်သောအခါမျှ မရောက်နိုင်ခဲ့တော့ချေ။[12]

ဤမူဝါဒအားဖြင့် ဗမာလူမျိုးမဟုတ်သည့်၊ အထူးသဖြင့် ဗုဒ္ဓဘာသာဝင်မဟုတ်သူ အရေအတွက် အတိအကျမသိနိုင်သော တပ်မှူးများကို ရာထူးမှ ဖယ်ရှားခဲ့ပြီး ဤသို့နောက်ခံရှိထားသည့်သူများ ရှေ့ဆက်ခန့်အပ်ခံရပါက ၎င်းတို့အတွက် တရားဝင်မဟုတ်သော အမြင့်ဆုံး သတ်မှတ် ချက်များ စတင်ထားရှိခဲ့ပုံရသော ၁၉၈၈ ခုနှစ်လွန် အုပ်ချုပ်သူ အစိုးရဖြစ်သည့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (SLORC)၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (SPDC) တို့မှ ဆက်လက် ချမှတ်ထားခဲ့သည်။[13] ၂၀၀၉ ခုနှစ်တွင် ရေးသားခဲ့သော ပညာရှင် မောင်အောင်မျိုးမှ ဗုဒ္ဓဘာသာမဟုတ်သူများ (သို့) ဗုဒ္ဓဘာသာမဟုတ်သူတို့၏ ခင်ပွန်းများမှာ ၎င်းတို့၏ တပ်ရင်းများ အတွက် ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းများမှ ထောက်ခံမှုရှိရမည်ဆိုသည့် လိုအပ်ချက်များကြောင့် ဗိုလ်မှူးအဆင့် အထက်ကို ရောက်ရှိရန် မဖြစ်နိုင်ကြောင်း မှတ်သားခဲ့သည်။[14] ၂၀၁၇ခုနှစ် စာတမ်းတစ်စောင်တွင် ဝါရင့် စစ်ပြန် မြန်မာရေးရာ ပညာရှင်တစ်ဦးဖြစ်သည့် Robert Taylor မှ တပ်မတော်အတွင်း အောက်ခြေအဆင့် စစ်သည်များအနေဖြင့် ကွဲပြားစုံလင်မှုရှိပြီး၊ ၎င်းကွဲပြားမှုများကို ကိုယ်စားပြုမှုရှိလှသည်ဟု ဆိုနိုင်သော်လည်း အရာရှိအဆင့်များတွင် ဗမာလူမျိုး အများစုဖြစ်နေသည်ဟု ဖော်ပြထားပါသည်။[15]

တပ်မတော်၏ အထက်ပိုင်း ရာထူးအဆင့်များတွင် အမျိုးသားများမှ အများဆုံး ကြီးစိုးထားပါသည်။ ၁၉၆၂ ခုနှစ် နိုင်ငံတော်အာဏာသိမ်းမှုဖြစ်ပြီး နောက်ပိုင်းတွင် အရေအတွက် အနည်းငယ်သော အမျိုးသမီးများအား ခန့်အပ်ခဲ့သော်လည်း အများအားဖြင့် စီမံခန့်ခွဲရေးနှင့် ဆေးကုသမှုဆိုင်ရာ လုပ်ငန်းတာဝန်များအား တာဝန်ပေးအပ်ခြင်းခံရပြီး အနည်းငယ်မှာ အချက်ပြဆက်သွယ်ရေးနှင့် အင်ဂျင်နီယာဆိုင်ရာ အခန်းကဏ္ဍများအား တာဝန်ယူကြရပါသည်။[16] အမျိုးသမီးများမှာ တိုက်ခိုက်ရေးလုပ်ငန်းများတွင် ပါဝင်ခြင်းအား တားဆီးခံထားရကြပါသည်။စစ်အုပ်ချုပ်ရေးကာလတွင်တပ်မတော်အတွင်းအဆင့်မြင့်ရာထူးအများအတွက် အမျိုးသမီးများအား အများအားဖြင့် ထည့်တွက်ခြင်းမရှိသလောက်ဖြစ်ပြီး နိုင်ငံရေးပါဝင်ဆောင်ရွက်မှုများတွင်လည်း အလွန်နည်းပါးသော ပါဝင်မှုသာရရှိကြပါသည်။[17]

၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် အများသမီးများအနေဖြင့် အရေးပေါ် အချိန်များတွင် စစ်မှုထမ်းအဖြစ် အမှုထမ်းဆောင်နိုင်ကြောင်းရှင်းလင်းဖော်ပြထားပါသည်။ သို့သော် ၎င်းသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ပြည်တွင်းမီဒီယာ များတွင် ကြော်ညာခြင်းဖြင့် အမျိုးသမီးများအား ရာထူးအလိုက် တက်ကြွစွာ စတင်ခန့်အပ်လာသော ၂၀၁၃ ခုနှစ် အချိန်မှသာ စတင်အသက်ဝင်လာခဲ့ပါသည်။[18] ယခုကဲ့သို့ အမျိုးသမီးများ စစ်တပ်အတွင်း ခန့်အပ်ခြင်းတွင် အဆင့်တူ အမျိုးသားများထက် အမျိုးသမီးများတွင် ပိုမိုမြင့်မားသော စံနှုန်းများ လိုအပ်နေခြင်းသည် ဆက်လက်စဉ်းစားရမည် အချက်အဖြစ် ကျန်ရှိနေပါသေးသည်။ ၎င်းစံနှုန်း များတွင် တက္ကသိုလ်ဘွဲ့ရဖြစ်ရန်၊ အသက် ၂၅နှစ် မှ ၃၀ နှစ်အတွင်း ဖြစ်ရန်၊ အနည်းဆုံး အရပ်မှာ ၁.၆မီတာ သို့မဟုတ် ပိုမြင့်ရန်၊ အိမ်ထောင်မရှိသူဖြစ်ရန်နှင့် ကိုယ်အလေးချိန် ၅၉ ကီလိုဂရမ်အောက်ရှိရန်တို့ ပါဝင်ပါသည်။[19] အမျိုးသားများအတွက်ဆိုလျှင် အထက်ပါ လိုအပ်ချက်များရှိရန် မလိုအပ်ပေ။ ၎င်းတို့အနေဖြင့် ကာကွယ်ရေးအကယ်ဒမီတွင် လေ့ကျင့်ရေးသင်တန်း အစီအစဉ်များ တက်ရောက်ရန် ပညာအရည်အချင်း အားဖြင့် ၁၀ တန်းအောင်မြင်ပြီး (အသက် ၁၅-၁၆ နှစ်) ဖြစ်ရန်သာ လိုအပ်ပြီး အမျိုးသမီးများအနေဖြင့် ဒုတိယ ဗိုလ်ကြီးအဆင့်ထိသာ တက်ရောက်နိုင်ချိန်တွင် အမျိုးသားများအနေဖြင့် ဗိုလ်ကြီးအဆင့်များအထိ တက်ရောက်နိုင်ကြပါသည်။[20]

တပ်မတော်မှာ တိုင်းရင်းသားလူမျိုး ပိုမိုစုံလင်မှုရှိသည့် အရန်တပ် အဖွဲ့အစည်းများ တစ်ပုံတစ်ပင်ကိုလည်း ကွပ်ကဲသည်။ ၎င်းအရန်တပ်ဖွဲ့များမှာ (BGF) ၂၃ ဖွဲ့နှင့် EAO ဘက်ပြောင်းအဖွဲ့ငယ်များဖြင့် အများစုဖွဲ့စည်းထားသည့် ပြည်သူ့စစ် (PMF) ၁၅ ဖွဲ့တို့ပါဝင်သည်။ ဤအဖွဲ့အချို့မှာ နိုင်ငံရေးပါတီများနှင့် တိုက်ရိုက်အဆက်အဆံရှိသော်လည်း ဒေသန္တရအဆင့်တွင်မည်သည့်

12 Maung Aung Myoe (2009), p. 199. According to this source, some Karen, Kachin, and Chin made it to rank of Brigadier General (equivalent to UK Brigadier).

13 Separate interviews with a former army major and senior naval officer by the author.

14 Maung Aung Myoe (2009), p. 199.

15 Taylor (2017), pp. 4–8

16 Selth (2001) pp. 77, citing Bunge, F. M. (ed) Burma: A Country Study (American University, Washington, 1983) p. 249.

17 Michaels (2014), 'The Ladies', The Irrawaddy, 13 January; available at: https://www.irrawaddy.com/specials/women/ladies.html

18 Holdal (2013), 'Burmese army recruits female soldiers as it struggles to tackle rebel groups', The Guardian, 16 October; available at: https://www.theguardian.com/world/2013/oct/16/burmese-army-recruits-female-soliders-rebel

19 Ibid.

20 Michaels (2014), 'The Ladies'

သီးခြား အုပ်ချုပ်သူ အဖွဲ့အစည်းနှင့်မျှ နီးကပ်စွာ တရားဝင် ချိတ်ဆက်ထားခြင်း မရှိပေ။ တဖန် တပ်မတော်သည် တပ်မတော်မှ တိုက်ရိုက် တည်ထောင်ထား၍သော်လည်းကောင်း၊ ၎င်းနှင့် မဟာမိတ်ဖွဲ့ထားသည့် အာဏာရှင်ဆန်သော ဒေသန္တရတိုင်းရင်းသား ခေါင်းဆောင်များ တည်ထောင် ထား၍သော်လည်းကောင်း၊ ထုံးစံအတိုင်း အချိန်ပိုင်းတပ်ဖွဲ့ဝင်ဒါဇင် အနည်းငယ်ရှိသည့် ပြည်သူ့စစ် ရာပေါင်းများစွာကို ဆက်လက် ထိန်းသိမ်းထားပေသည်။ တပ်မတော်နှင့် အရန်လက်နက်ကိုင် တပ်ဖွဲ့များအကြား ဆက်ဆံရေးသည် ၎င်းအဖွဲ့များ၏ ခေါင်းဆောင်များနှင့် ဝန်ထမ်းများအား လစာများ ပံ့ပိုးပေးခြင်းထက် တစ်ခါတစ်ခါ စီးပွားရေးလုပ်ပိုင်ခွင့်များ ပေးခြင်းအားဖြင့် တည်ဆောက် ထိန်းသိမ်းထားခြင်း ဖြစ်ပါသည်။[21]

လက်ရှိအချိန်တွင် မြန်မာနိုင်ငံအစိုးရသည် နိုင်ငံ၏နယ်မြေအများစုအား တရားဝင် ထိန်းချုပ် ထားရှိပါသည်။ နေရာတော်တော်များများတွင် တပ်မတော်သည် ၎င်း၏ လွှမ်းမိုးမှုအတွက် ကျယ်ပြန့်စွာ ဖြန့်ကျက်နေရာချထားခြင်းအားဖြင့် သော်လည်းကောင်း၊ ပြည်သူတွေရဲ့စစ် (People's War) မှ ဆက်စပ်ရှိသည့် အယူအဆများအားအခြေခံကာ EAO အဖွဲ့များမှ ရောက်ရှိနိုင်သော နေရာဒေသများတွင်မှု ဒေသခံလူထု၏ အားပေးထောက်ခံမှုရှိသော ဆက်ဆံရေးများ တည် ဆောက်နိုင်ရန် သက်ဆိုင်ရာ အရန်တပ်ဖွဲ့များအပေါ် များစွာမှီခိုမှု ပြုထားပါသည်။[22] ထိုသို့ဖြစ်နေစဉ် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှာလည်း ကျေးလက်ဒေသများတွင် အနည်းငယ်သာရှိပြီး မြို့များတွင် များများ စားစား ရှိနေခဲ့သော်လည်း ပြည်တွင်းတရား ဥပဒေ လေးစား လိုက်နာစေရေးနှင့် တရားမျှတ ရေးတို့တွင် ပိုမို၍ ထင်ရှားသော အခန်းကဏ္ဍမှ ပါဝင်နိုင်လာနိုင်ရန်ရည်ရွယ်ပြီး ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်လာနေခဲ့ပေသည်။

## တပ်မတော်

တပ်မတော်တွင် ကုန်းတပ် (တပ်မတော်ကြည်း)၊ ရေတပ် (တပ်မတော်ရေ)နှင့် လေတပ် (တပ်မတော်လေ) စသည့် အစဉ်အလာ စစ်တပ် (၃) ဖွဲ့ ပါဝင်သည်။ တပ်မတော်ကြည်းမှာ "တပ်မတော်တစ်ရပ်လုံးတွင် ဦးဆောင်ကဏ္ဍကို ယူထားခြင်းဖြင့်" အခြားအဖွဲ့များထက် တရားဝင်ကြီးကျယ်မြင့်မြတ်ပေသည်။[23] များစွာလျှို့ဝှက်ထားသည့်အတွက် ၎င်း၏ အရွယ်အစား၊ တပ်အင်္ဂါရပ်၊ ဖွဲ့စည်းပုံ၊ ကိရိယာများနှင့် စွမ်းရည်တို့ကို အနည်းအကျဉ်းသာ သိနိုင်ပေသည်။[24] ၂၀၀၉ ခုနှစ်တွင် ၎င်း၏ အင်အားနှင့် ပတ်သက်၍ သတင်းအရ ခန့်မှန်းချက်မှာ ၃၅၀၀၀၀[25] ရှိသော်ငြားလည်း ၂၀၀၀ ခုနှစ် အစောပိုင်း ကာလများမှစ၍ ခန့်မှန်းခြေ အများစုမှာ ၄၀၀၀၀၀ ဖြစ်နေခဲ့သည်။ ၂၀၀၈ ခုနှစ် လေ့လာတွေ့ရှိချက်တစ်ခုမှ ခန့်မှန်းသည်မှာ ၎င်းဝန်ထမ်းများ၏ ၉၀ ရာခိုင်နှုန်းလောက်မှာ တပ်မတော် (ကြည်း) တွင် ရှိ၍ ၎င်းတပ်ဖွဲ့ဝင်တို့၏ သုံးပုံနှစ်ပုံမှာ ခြေလျင်တပ်တွင်ရှိသည်ဟု ခန့်မှန်းထားခဲ့သည်။[26]

တပ်မတော် (ကြည်း) မှ နိုင်ငံ၏ ပြည်နယ်၊ တိုင်းဒေသကြီးများရှိ ကျေးလက်ဒေသများတွင် ခြေလျင်တပ်ရင်းများ ချထား သည်။ ၎င်းတို့အများစုမှာ တိုင်းစစ်ဌာနချုပ် (RMC) ၁၄ ခုအောက်တွင် ဖွဲ့စည်းထားရှိသော်လည်း အစိုးရ၏ အုပ်ချုပ်ရေးဆိုင်ရာ တိုင်းနှင့် ပြည်နယ် ၁၄ ခုနှင့် တိုက်ရိုက် ဆင်တူမှုမရှိပေ။ RMC ခုနှစ်ခုမှာ ပဋိပက္ခအများဆုံးဖြစ်သည့် နိုင်ငံ၏ မြောက်ပိုင်းနှင့် အရှေ့ပိုင်းတို့တွင် တပ်စွဲချထားပြီး ၎င်းတို့တစ်ခုစီတွင် ခြေလျင်တပ်ရင်း ၃၀ မှ ၄၀ ကြားစီရှိသည်။[27]

21 Buchanan (2016).

22 Maung Aung Myoe (2009) "Building The Tatmadaw: Myanmar Armed Forces Since 1948", Institute of Souteast Asia Studies, Singapore.

23 Naypyitaw (2015), p. 25.

24 See Selth (2009).

25 See Selth (2009) via Selth (2013b), p.19. See also, Selth (2015), p. 1 for later estimate of between 300,000 and 350,000.

26 Maung Aung Myoe (2008).

27 These are the Northern Command, that covers Kachin State; the North Eastern Command, which covers northern Shan State; the Eastern Central Command, which covers central Shan State; the Eastern Command, which covers southern Shan State and Kayah State; the South Eastern Command, which covers Kayin and Mon States; the Southern Command, which is headquartered in Taungoo and covers Bago Region and Magwe Region; and the Coastal Command, which covers Tanintharyi Region.

တဖန် တပ်မတော် (ကြည်း)မှာ တော်လှန်ပုန်ကန်မှု ချေမှုန်းရေးနှင့် တောတွင်းစစ်ဆင်ရေးများ အထူးပြုသည့် အမြောက်တပ်များ အပါအဝင် တစ်ခုကို ခြေလျင်တပ်ရင်း ၁၀ ခုနှင့် နှစ်မြှုပ်အထောက်အကူပြုတပ်ဖွဲ့များပါသည့် ခြေမြန်တပ်မ (LID) ၁၀ ခုလည်း ရှိသည်။ တပ်မတော်၏ ဖွဲ့စည်းပုံတွင် စက်ပစ္စည်းတပ်ဆင်ထားသော ခြေလျင်တပ်ရင်း ၁၀ ခုဖြင့် ဖွဲ့စည်းထားသည့် စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် MOC ၂၁ ခုမှာလည်း အလားတူပင်ဖြစ်သည်။[28] LID နှင့် MOC များမှာ တိကျသေချာသော နေရာများတွင် တပ်စွဲချထားသော်လည်း RMC ၏ စစ်ဆင်ရေးနေရာများတွင် တပ်ဖြန့်ကျက်နိုင်ပြီး မကြာခဏဆိုသလို တော်လှန်ပုံကန်မှုချေမှုန်းရေးအတွက် တပ်ဖြန့်ကျက်ခြင်းပြုလုပ်သည်။[29] ဤခြေလျင်အင်အားများသော တပ်များမှာ အမြောက်နှင့် သံချပ်ကာ ကွပ်ကဲမှု အထူးပြု၊ ထောက်လှမ်းရေးအခြေပြု စစ်တပ်ရေးရာတပ်ခွဲများ MAC နှင့် အခြားအထောက်အကူပြု တပ်ဖွဲ့များနှင့် ညှိနှိုင်း၍ စစ်ဆင်ရေးဆောင်ရွက်သည်။ အထူးသဖြင့် ၂၀၁၂ ခုနှစ်မှစတင်၍ တပ်မတော်လေမှာ EAO အဖွဲ့ နေရာများနှင့် တစ်ခါတစ်ရံ အရပ်သား နေရာများသို့ ပုံးကြဲခြင်း၊ အနိမ့်ပျံပစ်ခတ်ခြင်းများဖြင့် တော်လှန်ပုံကန်မှုချေမှုန်းရာတွင် လေတပ် အထောက်အကူပေးခြင်းဖြင့် ပိုမိုပါဝင်လာခဲ့ပေသည်။

တပ်မတော်မှာ ၎င်း၏ အကြာရှည်ဆုံးတာဝန် ထမ်းဆောင်ခဲ့သည့် ခေါင်းဆောင်လည်းဖြစ်၊ နိုင်ငံ၏ အကြီးအကဲများလည်း ဖြစ်ခဲ့ကြသူ၊ ၁၉၄၉ ခုနှစ်တွင် ကာကွယ်ရေးဦးစီးချုပ်ဖြစ်ခဲ့ပြီး ၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ နိုင်ငံအကြီးအကဲဖြစ်ခဲ့သူ ဦးနေဝင်း နှင့် ၎င်းရာထူး နှစ်ရပ်လုံးကို ၁၉၈၈ မှ ၂၀၁၁ ခုနှစ်ထိ ယူခဲ့သူ ဦးသန်းရွှေတို့နှစ်ဦး ထုတ်လုပ်ခဲ့သည့် အတွေးအခေါ် အယူအဆများကို ဆက်လက် ထိန်းသိမ်းထားရှိပေသည်။ ၎င်းတို့၏ သဘောတရားများမှာ ဗြိတိသျှကိုလိုနီများ ဖန်တီးခဲ့သည်ဟု ယူဆရသည့် ခွဲခြားမှုများ ရှိသော်ငြားလည်း တိုင်းရင်းသားအားလုံးမှာ မဖြစ်မနေ တစ်သားတည်းဖြစ်သည်ဟု မြင်ထားသော "စည်းလုံးမှု" ဆိုသည့် သဘောတရားကိုမြှင့်တင်ကာ တိုင်းပြည်ပြိုကွဲမှုမရှိအောင် ကာကွယ်ပေးရန် အေးချမ်းတည်ငြိမ်မှု လိုအပ်သည်ကို အလေးပေးထားသည်။ တပ်မတော် ညွှန်းဆိုထားသည့် ပင်မရည်မှန်းချက်များမှာ SPDC မှ ချမှတ်ထားရှိခဲ့သည့် "တို့တာဝန်အရေးသုံးပါး" ကို ကာကွယ်ရန် ဖြစ်သည်။ ၎င်းတို့မှာ "(က) ပြည်ထောင်စု မပြိုကွဲရေး၊ (ခ) တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး၊ (ဂ) အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး" တို့ဖြစ်သည်။[30] အခန်း (5) တွင် စူးစမ်းလေ့လာထားသည့် အတိုင်း ဤရည်ရွယ်ချက်များမှာ တိုင်းရင်းသား လှုပ်ရှားမှုများမှ လွှမ်းမိုးမှု လွန်ကဲစွာရရှိ၍ ခွဲထွက်ဖို့ ကြိုးစားပါက အစိတ်စိတ် အမွှာမွှာ ပြိုကွဲကာ တစ်ခုနှင့် တစ်ခု သဟဇာတ မဖြစ်သော အခြေအနေသို့ ရောက်ရှိသွားမည်ဆိုသည့် စွဲမြဲလာသည့် စိုးရိမ်စိတ်များနှင့် များစွာသက်ဆိုင်မှုရှိပေသည်။[31]

အုပ်ချုပ်မှုနှင့် စီးပွားရေးကိစ္စရပ်များတွင် ဆယ်စုနှစ်များစွာ နက်နက်နဲနဲပါဝင်လာခဲ့ပြီး အဆင့်ဆင့်တိုင်း၊ စစ်ဆင်ရေး နယ်ပယ်တွင် တပ်ရင်းအဆင့်ထိ တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ပေးလာခဲ့သော တပ်မတော်သည် ၎င်း၏ တပ်မှာ "အနာဂတ် နိုင်ငံတော်တွင် အမျိုးသား နိုင်ငံရေးဦးဆောင်မှုကဏ္ဍမှပါဝင်နိုင်စေဖို့…စစ်ရေး၊နိုင်ငံရေး၊စီးပွားရေးနှင့်စီမံအုပ်ချုပ်ရေးအမြင်များ ကိန်းအောင်း" နေရမည်ဆိုသည့် အချက်ကိုဆက်လက်ဆုပ်ကိုင်ထားသည်။[32] တပ်မတော်သည် လူမှုရေးဝန်ဆောင်မှုများ ပေးခြင်း၊ သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးများ ဆောင်ရွက်ခြင်း နှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများအား ကူညီထောက်ပံ့ရာ တွင်လည်း ပွင့်လင်းထင်ရှားစွာ ဆက်လက် ပါဝင်နေပေသည်။[33]

28 One of these MOCs is an airborne infantry unit.

29 Additionally, the Tatmadaw Kyi operates at least seven Regional Operations Commands that oversee four infantry battalions each.

30 Naypyitaw (2015), p. 13.

31 See Chapter 5

32 Ibid., pp. 18–19.

33 Ibid., pp. 24–25.

ပြည်ပကျူးကျော်ဝင်ရောက်မှုအတွက် ဆက်လက်ပြင်ဆင်ထားကာ ဒေသတွင်း တန်ခိုးအာဏာကြီးထွားစေဖို့ စွမ်းဆောင် ရည်ကို ဖြည်းဖြည်းချင်း တည်ဆောက်လာနေသော တပ်မတော်မှာ နိုင်ငံအဝှမ်း မြောက်များစွာသော EAO အဖွဲ့များ၏ တော်လှန်မှုအား တန်ပြန်လုပ်ဆောင်ရန် ရည်ရွယ်ပြီး ပြင်ဆင်ထားပေသည်။ တပ်မတော်မှ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များနှင့် ဆက်ဆံရန် နည်းလမ်းအား အပိုင်းသုံးပိုင်းအားဖြင့် ပိုင်းခြားနိုင်ပါသည်။ ၎င်းတို့မှာ တန်ပြန်သောင်းကျန်းမှုချေမှုန်းရေး တိုက်ပွဲစဉ်များ၊ မဟာဗျူဟာကျသော အပစ်အခတ် ရပ်စဲမှုများနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များအား တပ်မတော်၏ ကွပ်ကဲအုပ်ချုပ်မှု အောက်တွင်ရှိသော အရန်လက်နက်ကိုင် အဖွဲ့အစည်းများအဖြစ် အသွင်ပြောင်းခြင်း အစီအစဉ်များဖြစ်ပါသည်။။ ၁၉၈၀ ခုနှစ် နှောင်းပိုင်းနှစ်များကတည်းက EAO အဖွဲ့အများစု နှင့် အပစ်အခတ်ရပ်စဲရေး လုပ်ဆောင်ကာ၊ တစ်ပြိုင်တည်းမှာပင် ၎င်းတို့ အုပ်စုအနည်းငယ်စီကို တော်လှန်ပုံကန်မှုချေမှုန်းရေး စစ်ဆင်ရေးများကို ပြင်းပြင်းထန်ထန် ဆောင်ရွက်လာခဲ့သည်။ တစ်ချိန်တည်းမှာပင် ဒေသန္တရဖွံ့ဖြိုးရေး လုပ်ဆောင်မှုများမှ တစ်ဆင့် နိုင်ငံ၏ စီမံအုပ်ချုပ်ရေးနှင့် အခြေခံအဆောက်အအုံများကို ချဲ့ထွင်ကာ ၎င်းတို့၏ နယ်မြေများသို့ စိမ့်ဝင်စေရန် (သို့) ဝန်းရံထားရန်အတွက် တပ်ဖြန့်ကျက်ထားမှုတိုးမြှင့်ကာ အပစ်အခတ်ရပ်စဲ နယ်မြေများအား သေးငယ်ကျုံ့ဝင်လာစေရန် လုပ်ဆောင်လာခဲ့သည်။ အထူးသဖြင့် မကြာသေးမီ နှစ်များအတွင်း EAOs များ ကျယ်ကျယ်ပြန့်ပြန့် လွှမ်းမိုးနေဆဲဖြစ်သည့် အပစ်အခတ်ရပ်စဲရေး ဒေသများတွင် အစိုးရအနေဖြင့် လူမှုရေးဝန်ဆောင်မှုများနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများ ချဲ့ထွင်ဖို့ နိုင်ငံတကာအကူအညီ အရင်းအမြစ်များ အသုံးပြုခြင်းနှင့် များစွာသောရင်းနှီးမြှုပ်နှံမှုများ လုပ်ဆောင် လာခဲ့သည်။

တော်လှန်ပုံကန်မှု ချေမှုန်းရေးဆိုင်ရာ စစ်ဆင်ရေးများ လုပ်ဆောင်သည့်အခါ တပ်မတော် အနေဖြင့် ဦးတည် ဒေသများရှိ ၎င်း၏ ရန်သူအရေအတွက်ထက် အင်အား သာလွန်မှုရှိစေရန် အမြောက် နှင့် ခြေလျင်တပ်ရင်းများဖြင့် လွှမ်းမိုးစစ်ဆင်လေ့ရှိသည်။ စစ်ဆင်ရေးများမှာ ခြေလျင်တပ်များ ချီတက်ရာတွင် လက်နက်ကြီး အမြောက်ပစ်ကူပေးခြင်းများနှင့် ယခုနှစ်များတွင် လေကြောင်း ပုံးကြဲခြင်းများမှ တစ်ဆင့် EAO အဖွဲ့၏ နယ်မြေများအား သိမ်းယူနိုင်မှုကို အလေးပေး ထားပေသည်။ ဤနည်းဖြင့် တပ်မတော်သည့် EAO များ၏ နယ်မြေတစ်လျှောက် တပ်စခန်းများအား ကွန်ယက်သဖွယ် အခိုင်အမာ တည်ဆောက်လာခြင်းဖြင့် EAO အဖွဲ့များ၏ ပျောက်ကျား လှုပ်ရှားမှုများကို ကန့်သတ်မှုများပြုလုပ်လာခဲ့ပါသည်။ အချိန်ကြာမြင့်လာသည့် အမျှ မြန်မာအစိုးရသည် ၎င်းတသီးတခြားဖြစ်နေသော တပ်စခန်းများအား တပ်မတော်၏ ကွယ်ကွယ်မှုဖြင့် လမ်းဖောက်ချိတ်ဆက်ကာ၊ ဤနည်းဖြင့် ပတ်ပတ်လည်ရှိ ဒေသများသို့ မိမိတို့၏ စီမံခန့်ခွဲနိုင်မှုအား တစ်ဖြည်းဖြည်း ချဲ့ထွင်လာခဲ့ပါသည်။

တပ်မတော်သည် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ကျူးလွန်နေပါသည်ဆိုပြီး မကြာခဏ ဆိုသလို United Nations (UN) အဖွဲ့များ၊ ဒေသခံနှင့် နိုင်ငံတကာ လူအခွင့်အရေးအဖွဲ့အစည်းများ၏ စွပ်စွဲမှုကို ခံနေရပါသည်။[34] ၎င်း ချိုးဖောက်မှုများသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ လူထုအတွင်းအရေးပါမှုကိုကန့်သတ်နိုင်ရန်ကြီးမားသာပြောင်းရွှေ့မှုများအားဗဟိုပြုပြီးတပ်မတော်မှ ကာလကြာရှည်ကျင့်သုံးလာခဲ့သော တန်ပြန်သောင်းကျန်းမှု ချေမှုန်းရေး မဟာဗျူဟာဖြစ်သည့် "ဖြတ်လေးဖြတ်"[35] နှင့် ချိတ်ဆက်လျက်ရှိပါသည်။ ထို့ပြင် သိသာထင်ရှားသော "ကိုယ့်အား ကိုယ်ကိုးခြင်း" ပေါ်လစီအရ တပ်ရင်းများတစ်ခုချင်းစီမှ မိမိတို့၏ ကိုယ်ပိုင် အရင်းအမြစ်များအပေါ် ရပ်တည်ရန်လိုအပ်မှုသည် သက်ဆိုင်ရာဒေသများအတွင်း မြေယာသိမ်းယူခြင်း၊ အဓမ္မခိုင်းစေခြင်းနှင့် ခြိမ်းခြောက်ခြင်းအစရှိသော အစီရင်ခံစာများနှင့်အတူ ယှဉ်တွဲတွေ့ရှိ ရပါသည်။[36]

34 See reports by successive UN Special Rapporteurs on Human Rights in Myanmar here: http://ap.ohchr.org/documents/dpage_e.aspx?m=89

35 The term "four cuts" is often interpreted to mean the cutting of four forms of support that populations provide to EAOs (scholars have suggested differing combinations of food, funds, resources, recruits, sanctuary, among others). Others have interpreted it as a four-stage process, that ends with communities turning on the EAOs and cutting the heads of EAO leaders. See Maung Aung Myoe (2009), pp. 25–26; Smith (1999), pp. 258–262; Selth (2001), pp. 91–92, p. 99, pp. 163–164; South (2008), p. 34, pp. 86–87

36 ICG (2014), p. 15.

ယခုလက်ရှိနှစ်များအတွင်း တပ်မတော်မှ "နယ်မြေရှင်းလင်းရေး လုပ်ငန်းများ" ဆိုသည့် စကားရပ်အား အသုံးပြုလာခဲ့ပြီး ၎င်းမှာ ပြည်သူများ နေထိုင်ရာ ဒေသအတွင်းနှင့် ပတ်ဝန်းကျင်တွင် လုပ်ဆောင်လျက်ရှိသော တန်ပြန် သောင်းကျန်းမှု ချေမှုန်းရေး လုပ်ငန်းများအား ရည်ညွှန်းလျက် ရှိပါသည်။ International Crisis Group (ICG) မှ အထက်ပါလုပ်ငန်းများသည် လုပ်မြဲလုပ်ဆောင်ခဲ့သော "ဖြတ်လေးဖြတ်" လုပ်ငန်းများ၏ သဘောသဘာဝနှင့် ဆင်တူနေကြောင်း မှတ်ချက်ပြုခဲ့ပါသည်။[37]

## မြန်မာနိုင်ငံ ရဲတပ်ဖွဲ့

MPF မှာ နိုင်ငံ၏ တစ်ခုတည်းသော တရားဝင်ရဲတပ်ဖွဲ့ဖြစ်ပြီး ကာကွယ်ရေးဦးစီးချုပ်မှ ရွေးချယ်သော လက်ရှိတပ်မတော်အရာရှိမှ ဝန်ကြီးဖြစ်သည့် ပြည်ထဲရေးဝန်ကြီးဌာန၏ လမ်းညွှန်ပဲ့ကိုင်မှု အောက်တွင်ရှိကာ စစ်တပ်အား နာခံလိုက်နာရသော အဖွဲ့ဖြစ်သည်။ ၎င်းတပ်ဖွဲ့တွင် တပ်ဖွဲ့ဝင်အင်အား ပိုမိုများပြားလာသော်လည်း အချိုးညီမျှမှုမရှိသော အမျိုးသမီးတပ်ဖွဲ့ဝင်များ အပါအဝင် ဝန်ထမ်းအင်အား ၁၀၀၀၀၀ ဝန်းကျင် (နိုင်ငံသား ၅၁၀ ဦးအတွက် ရဲတစ်ဦးနီးပါး) ရှိသည်ဟု သိရှိထားရပါသည်။ MPF မှာ နိုင်ငံတကာလေ့လာသူများနှင့် အရပ်သားများက အားနည်းပျော့ညံ့ပြီး အကျင့်ပျက်ချစားမှုရှိသော အဖွဲ့အဖြစ် မြင်ထားခဲ့ကြသည်။[38] ဥရောပသမဂ္ဂမှ ငွေကြေးထောက်ပံ့ပေးသော ရဲတပ်ဖွဲ့ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်အဆက်ဆက်နှင့် စွမ်းရည်မြှင့်တင်ခြင်း အစီအစဉ်များ အပါအဝင် ဆတက်ထမ်းပိုးတိုးတက်လာသော နိုင်ငံတကာ အသိုင်းအဝိုင်းမှ အကူအညီများဖြင့် ၂၀၁၁ ခုနှစ်မှစ၍ ပြုပြင်ပြောင်းလဲရေးများ လုပ်ဆောင်လာနေခဲ့သည်ကို တွေ့ရှိရပါသည်။

ရဲတပ်ဖွဲ့မှာ ယခင်တပ်မတော်မှ အဓိက ကိုင်တွယ်ခဲ့သော လူထုဆန္ဒပြမှုများကဲ့သို့သော ပြည်တွင်းလုံခြုံရေး စိန်ခေါ်မှုများ တွင် ဦးဆောင်အခန်းကဏ္ဍမှ စတင်ပါဝင်လာခဲ့ပြီး ၎င်း၏ တိုက်ခိုက်ရေးအသင့် တပ်ရင်းပမာဏကိုလည်း တိုးချဲ့လာခဲ့သည်။[39] MPF မှာ အခြားသော အစိုးရဌာနများနှင့် အတူ အပစ်အခတ်ရပ်စဲထားသော ပဋိပက္ခနယ်မြေများ အပါအဝင် ဝေးလံခေါင်ပါးသော ဒေသများ အတွက် စီမံအုပ်ချုပ်ရေးဗဟိုအဖြစ် သတ်မှတ်ထားသော လူနေထိုင်မှု အနည်းငယ်သာရှိသည့် "တိုက်နယ်မြို့လေးများ" ၈၄ ခုတွင် ချဲ့ထွင်ရောက်ရှိလာခဲ့သည်။ သို့သော် ဤတပ်ဖွဲ့များမှာ ၎င်းဗဟိုနေရာများတွင်သာ အများစုရှိနေပြီး ဝေးလံခေါင်ပါးမှု အရှိဆုံး ဒေသများတွင်တော့ သံသယရှိသူ ရာဇဝတ်သားများကို ဖမ်းဆီးခေါ်ဆောင်ဖို့ အရန်စစ်တပ်နှင့် တပ်မတော်ကို အားကိုး ရပါသည်။

## နယ်ခြားစောင့်တပ်များနှင့် ပြည်သူ့စစ်အဖွဲ့များ

မြန်မာနိုင်ငံ၏ အထင်ရှားဆုံး အရန်စစ်တပ်များမှာ ၂၀၀၉ ခုနှစ်နှင့် ၂၀၁၀ ခုနှစ်တွင် တပ်မတော်ကိုယ်စားပြု ပြည်သူ့စစ် နှင့် အပစ်ရပ် EAO အဖွဲ့များဖြင့် ဖွဲ့စည်းထားသည့် BGF ၂၃ ဖွဲ့နှင့် PMF အနည်းဆုံး ၁၅ ဖွဲ့တို့ ဖြစ်သည်။ ၎င်းတို့ ဖွဲ့စည်းပုံလုပ်ငန်းစဉ်ကို အခန်း ၄ တွင် အသေးစိတ် ဆွေးနွေးထားပါသည်။ BGF များတွင် တပ်မတော် အရာရှိများနှင့် ၎င်းတို့ ရာထူးအဆင့်များတွင် ထောက်ပံ့ရေးဝန်ထမ်းများ ပါဝင်ပြီး ပုံမှန် တပ်မတော်ခြေလျင်တပ်ဖွဲ့အများစုကဲ့သို့ တိုင်းစစ်ဌာနချုပ်များ၏ တိုက်ရိုက် ကွပ်ကဲမှုအောက်တွင် ရှိသည်။ BGF တစ်ခုစီတွင် တပ်ဖွဲ့ဝင် ၃၂၆ ဦးရှိသည်ဟု ယူဆရသော်လည်း အမှန်မှာ အရွယ်အစား အမျိုးမျိုးဖြစ်သည်။ PMF မှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရှိထားပြီး ၎င်းတို့ ရာထူးအဆင့်များတွင် တပ်မတော် အရာရှိ/တပ်ဖွဲ့ဝင်များ မပါဝင်သော်လည်း တပ်မတော်၏ ကွပ်ကဲမှုအောက်တွင်တော့ ရှိသည်။

37 ICG (2016), p. 7, p. 10.
38 USIP (2013), p. 22.
39 Selth (2013a).

BGFs နှင့် PMFs များမှာ အခြားသော အစိုးရအဖွဲ့အစည်းများ၊ လုံခြုံရေးတပ်ဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ၎င်းတို့အား ဝင်/ထွက်ခွင့်ပြုခြင်းများ လုပ်ရသော်လည်း ၎င်းတို့အပေါ် တရားဝင်မဟုတ်သော တကယ့်အာဏာပိုင်အဖွဲ့အစည်းအဖြစ် ရှုမြင်ကြသည့် အရပ်သားများနေထိုင်ရာ အစွန်အဖျားနေရာများတွင် ထုံးစံအားဖြင့် တပ်စွဲထားကြသည်။ ၎င်းတို့မှာ တိုင်းဒေသကြီး/ပြည်နယ် (သို့) မြို့နယ်၊ မြို့တော်များအပါအဝင် အဓိကမြို့ကြီးများတွင် ရုံးခန်းကြီးများ ဖွင့်လှစ်ထားရှိသည်။

BGF နှင့် PMF အများစုမှာ ပေါင်းစပ်ကုမ္ပဏီများမှတစ်ဆင့် များစွာသော စီးပွားရေး လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေကြ သည်။ ၎င်းလုပ်ငန်းများတွင် သဘာဝသယံဇာတ ထုတ်နုတ်ခြင်းများ၊ စိုက်ပျိုးရေး၊ နယ်စပ်ကုန်သွယ်ရေး၊ ဟိုတယ်စီမံခန့်ခွဲရေး၊ ကုန်ထုတ်လုပ်ရေးနှင့် လက်လီလုပ်ငန်းများ ပါဝင်သည်။ တဖန် BGFs နှင့် PMFs အချို့တွင် ၎င်းတို့ ကိုယ်ပိုင်ပါတီမှ တစ်ဆင့်လည်းကောင်း၊ တပ်မတော်တည်ထောင်ခဲ့သည့် USDP မှလည်းကောင်း၊ လွှတ်လပ်သော လူပုဂ္ဂိုလ်များအနေနှင့် သော်လည်းကောင်း အစိုးရပိုင်းမှ ယခင်အဖွဲ့ဝင်များနှင့် နီးစပ်သော မိတ်ဖက်များပါ ပါရှိသည်။

BGFs နှင့် PMFs များမှာ ၎င်းတို့ လွှမ်းမိုးသောဒေသများတွင် တရားစီရင်ရေးနှင့် လုံခြုံရေးကို စီမံရာ၌ များများစားစား ပါဝင်မှုရှိသော်လည်း ပုံစံတကျတော့ သိပ်မရှိပေ။ မြန်မာပြည်ရှိ ကျေးလက်ဒေသ အများစုတွင် အသေးစားပြစ်မှုနှင့် အရပ်ဘက် အငြင်းပွားမှုများကို ကျေးရွာအဆင့်တွင် သူကြီး၊ အကြီးအကဲများနှင့် အခြားသြဇာရှိသူများ ဆုံးဖြတ်သည့် ဓလေ့ဖြင့် ဖြေရှင်း ကိုယ်တွယ်ကြသည်။ သို့သော် ပိုမိုပြင်းထန်သည့် ပြစ်မှု၊ အငြင်းပွားမှုများကို ထုံးစံအားဖြင့် BGF နှင့် PMF များသို့ လွှဲပြောင်းပေးပြီး ၎င်းတို့မှနေ၍ အလွတ်တမ်းစစ်ဆေးမှုများ မလုပ်ခင် ဖမ်းဆီးခြင်း၊ ၎င်းတို့ကိုယ်တိုင် အပြစ်ပေးခြင်း (သို့) မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ လွှဲပြောင်းပေးခြင်းများ ပြုလုပ်သည်။ ဤသို့ အမှုများကို လွှဲပြောင်းပေးပြီးသည့်တိုင် BGF နှင့် PMF များမှာ ၎င်းတို့၏ နယ်ဒေသ ဆိုင်ရာဗဟုသုတနှင့် ၎င်းတို့၏ သြဇာအာဏာများကို အသိအမှတ်ပြုမှုများရှိသောကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အား ဆက်လက် အကူအညီပေးရသည်။

## တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ လုံခြုံရေးလုပ်ငန်းများ

EAO အဖွဲ့များသည် အရွယ်အစားနှင့် အာဏာတို့တွင်လည်းကောင်း ၊ ဒေသန္တရရှိ လူမှုအသိုင်းအဝိုင်းနှင့် ဆက်ဆံရေးများ တွင်လည်းကောင်း များစွာ ကွာခြားကြပါသည်။ အချို့သောအဖွဲ့ များတွင် အုပ်ချုပ်ရေးနှင့် နိုင်ငံရေးအရထိတွေ့ ဆက်ဆံရန် အတွက် ကောင်းစွာ ထူထောင်ထားသည့် အရပ်ဘက်အဖွဲ့ အစည်းများရှိပြီး၊ အချို့သော အဖွဲ့များမှာတော့ လက်နက်ကိုင်အဖွဲ့ အစည်းများသာ ဖြစ်ကြပါသည်။ လုံခြုံရေးရှုထောင့်မှကြည့်လျှင် EAO အဖွဲ့ အများစုသည် နယ်မြေကာကွယ်ရေးအပေါ် အဓိက အလေးပေးထားရာ တပ်မတော်က ယင်းအဖွဲ့များ လွှမ်းမိုးသည့် နယ်မြေများတွင် တပ်စွဲ၍ မလွယ်ကူအောင် ရည်ရွယ်ပြီး ပြောက်ကျားစစ်ဆင်ရေးများအား ပြုလုပ်ခြင်းအားဖြင့်ဖြစ်ပါသည်။ EAO အဖွဲ့အများစုမှာ ၎င်းတို့နယ်မြေတွင်းရှိ အရပ်သားတို့၏ ငြိမ်ဝပ်ပိပြားမှု၊ တရားစီရင်ပေးမှု စသည်တို့ လုပ်ဆောင်ဖို့အတွက် အထူးအဖွဲ့အစည်းရှိသော်လည်း ဖွဲ့စည်းပုံမှာတော့ ကွဲပြားမှုရှိသည်။[40] ဤအခန်းကဏ္ဍမှာ ၎င်းတို့လူမျိုးများအတွက် တာဝန်တစ်ခု ဖြစ်သည်ဟု မြင်ထားပြီး ၎င်းတို့အုပ်ချုပ်ရန် ကြိုးပမ်းနေသည့် ဒေသများတွင် တရားဝင်အသိအမှတ်ရသည့် အာဏာပိုင်အဖွဲ့အစည်းအဖြစ် ထူထောင်ရန် ကြိုးပမ်းအားထုတ်ရာတွင် အလွန်အရေးကြီးသည်။ EAO တရားရေးစနစ်များတွင် လွှတ်လပ်သော ရဲတပ်ဖွဲ့နှင့် တရားစီရင်ရေးများမှ သာမန်ခြေလျင် စစ်သားများထိ တရားစီရင်ရေး ပြင်ပတာဝန်နှင့် တရားဥပဒေလေးစားလိုက်နာစေရေး တာဝန်တို့မှာ အမျိုးမျိုး ကွဲပြားမှုရှိသည်။

EAO အဖွဲ့အများစုမှာ ၎င်းတို့ စစ်တောင်ပံများကို စစ်ဆင်ရေးတပ်မဟာ၊ စစ်တိုင်း

40 McCartan and Jolliffe (2016).

(သို့) စစ်ဒေသကြီးများအဖြစ် ဖွဲ့စည်းထားပြီး ၎င်းတို့ စစ်ဆင်ရေး လုပ်ဆောင်သည့် နယ်မြေများမှာ ပုံမှန်အစိုးရ၏ မြို့နယ် ၂ ခုမှ ၅ ခုနှင့် ညီမျှသည်။ ဤတပ်ဖွဲ့များမှာ ခြေလျင်အများစုပါသော တပ်ရင်းများဖြင့် ဖွဲ့စည်းထားပြီး တစ်ခါတစ်ရံတွင် စနစ်တကျ ဖွဲ့စည်းထားသော အမြောက်တပ်၊ ဆေးနှင့် စုံစမ်း ထောက်လှမ်းမှု စွမ်းရည်များလည်း ပါရှိသည်။ အချို့ EAO အဖွဲ့များမှာ အမြောက်အထူးပြုနှင့် ထောက်လှမ်းရေးတပ်ဖွဲ့ အချို့မှာ ဆေးအထူးတပ်ဖွဲ့ပါရှိပြီး ၎င်းတို့တွင် အမျိုးသမီးဝန်ထမ်းများပါသည်။ 'ဝ' ပြည်သွေးစည်း ညီညွတ်ရေးပါတီ (UWSP) မှာ ခန့်မှန်းခြေ တပ်သားအင်အား ၂၀၀၀၀ မှ ၃၀၀၀၀ ထိရှိသော အင်အားအကြီးဆုံး EAO ဖြစ်ပြီး သံချပ်ကာကားများနှင့် လူသယ်လေကြောင်း ကာကွယ်ရေး စနစ်များရှိသည်ဟုဆိုသည်။ တိုက်ခိုက်ရာတွင် EAOs အများစုမှာ ခြံခိုတိုက်ခိုက်ခြင်း၊ မြေမြှုပ်မိုင်းနှင့် လက်လုပ်ဗုံးများ သုံးကာ တပ်မတော် ကင်းလှည့်မှုနှင့် ထောက်ပံ့ရေးလမ်းကြောင်းများကို ဖျက်ဆီးနှောက်ယှက်ဖို့နှင့် ၎င်းတို့အဓိကနယ်မြေများကို ကာကွယ်ဖို့ အဓိကအမှီသဟဲပြု သုံးစွဲ သည်။ မြေပြင်အနေအထားကို သိခြင်း၊ ဒေသခံများ၊ လူ့အသိုင်းအဝိုင်းများနှင့် ဆက်ဆံရေး ရှိခြင်း၊ နိုင်ငံတကာ နယ်စပ်များနှင့် နီးကပ်ခြင်း တို့ကြောင့် ၎င်းတို့၏ အဓိကနေရာများမှ စွန့်ခွာနိုင်ကာ ခိုလှုံ့ဖို့ လွယ်ကူပေသည်။

EAO အဖွဲ့များမှ အများအားဖြင့် အမြဲတမ်းနှင့် အရန်တပ်များကို ပေါင်းစည်းနိုင်ကာ ၎င်းတို့ ဩဇာရှိသော ဒေသများမှ ဒေသခံများကို အဓိကအားထားသည်။ EAO အဖွဲ့အများစုမှာ ၎င်းတို့နယ်မြေရှိ မိသားစုတိုင်းကို အမျိုးသားတစ်ဦး တပ်ထဲဝင်ဖို့ ထောက်ပံ့ရန် (သို့) ၎င်းတို့အဖွဲ့အစည်းလုပ်ငန်းတစ်ခုအတွက် မိသားစုဝင်တစ်ဦး ပို့ပေးရန် တောင်းဆိုလေ့ရှိသည်။ ဤသည်ပင်လျှင် EAO ထိန်းချုပ်မှု အောက်တွင် ကြာရှည်နေလာခဲ့ဖူးသော အသိုင်းအဝိုင်းများကကောင်းစွာ နားလည်ပြီး အမြစ်တွယ်နေသည့် တာဝန်ဝတ္တရားများ ဖြစ်လာတော့သည်။ အချို့ EAOအဖွဲ့များမှာ ကြိုကြားကြိုကြား လူသစ်ခန့်ရန် တိုက်တွန်းမှုများ ရှိသည့်အခါတွင် ဖြစ်စေ(သို့) တသမတ်တည်းဖြစ်သော ချေးတပ်ခွဲ မူဝါဒများမှတစ်ဆင့် အဓမ္မ လူသစ်စုဆောင်းမှုကိုတိုက်ရိုက်ကျင့်သုံးသည်။ အထူးသဖြင့် စစ်ပွဲဖြစ်ချိန်များတွင် ဤအလေ့အထများ အပြင် အခွန် ကောက်ခံမှု၊ အထောက်အပံ့များ တောင်းဆိုမှုတို့ကြောင့် အတင်းအကြပ် ရွှေ့ပြောင်းရမှု အမျိုးမျိုး ဖြစ်လာစေတော့သည်။[41]

ရပ်ရွာအသိုင်းအဝိုင်းတို့တွင် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ရန် EAO အဖွဲ့အများစုက စီစဉ်ပြုလုပ်ပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် သီးခြား လုံခြုံရေးဆိုင်ရာအတွက် သော်လည်းကောင်း၊ စုံစမ်းထောက်လှမ်းရေးဆိုင်ရာ အတွက်သော် လည်းကောင်း၊ သို့တည်းမဟုတ် တရားစီရင်ရေးဆိုင်ရာအတွက် သော်လည်းကောင်း တာဝန်များအား ကျေးရွာနှင့် ကျေးရွာအုပ်စုများရှိ ခေါင်းဆောင်မှုကော်မတီ အဖွဲ့ဝင်များထံအပ်နှင်းခြင်း အမျိုးမျိုးရှိကြရာဝယ် ကာကွယ်ရေးအတွက် နယ်မြေခံတပ်များအား လေ့ကျင့်သင်ကြားပေးခြင်း နှင့် လက်နက် တပ်ဆင်ပေးခြင်းမှ တစ်ဆင့်သော်လည်းကောင်း၊ အဖွဲ့အစည်းအတွင်း ဥပဒေအာဏာ သက်ရောက်စေရေးစနစ်မှ သော်လည်းကောင်း၊ သို့တည်းမဟုတ် နှစ်ဆင့်လုံးဖြင့်သော်လည်းကောင်း ဖြစ်ပါသည်။ အချို့နည်းလမ်းများသည် တပ်မတော်မှဖွဲ့စည်းသည့် ကျေးရွာအဆင့် ပြည်သူ့စစ်များနှင့် ဆင်တူသော်လည်း EAO အဖွဲ့များ သည် တပ်မတော်၏ PMF အဖွဲ့များကဲ့သို့ ကြီးမားသည့် တပ်များမ ဖွဲ့စည်းပေ။ ယင်းကဲ့သို့သော နယ်မြေအဆင့်တွင် EAO ကဖွဲ့စည်းသည့် တပ်များသည် တစ်ခါတစ်ရံ EAO လက်နက်ကိုင်တပ်များ အတွက် လိုအပ်လျင် အရန်အင်အားအဖြစ် ဖြည့်ဆည်းပေးပါသည်။

EAO အဖွဲ့အများစုတွင် တရားရေးဌာနများ ပုံစံတစ်ခုခုဖြင့် ရှိကြပါသည်။ အချို့ ပုံစံများတွင် စီမံအုပ်ချုပ်ရေးနယ်မြေတိုင်း ရှိ တရားသူကြီးများအား ၎င်းတို့က တိုက်ရိုက် ကြီးကြပ်မှု ပေးပါသည်။ အချို့ ပုံစံများတွင် ၎င်းတို့က ဥပဒေထုတ်ပြန်ခြင်းနှင့် ယင်းနှင့် စပ်လျဉ်း၍ လေ့ကျင့်သင်တန်းပေးခြင်း၊ ထို့ပြင် အသိပညာများ ဖွံ့ဖြိုးစေရန် ပြုလုပ်ပေးခြင်းတို့ အပေါ်တွင် အလေးပေးထား၍

41 South and Jolliffe (2014).

တရားသူကြီးများမှာ အမှီအခိုကင်းလွတ်ပြီး လွတ်လပ်စွာတည်ရှိကြပါသည်။ အချို့သော EAO အဖွဲ့များတွင် တရားရေးဌာနတစ်ခု ဗဟိုအဆင့်တွင်ရှိသော်လည်း လက်တွေ့တွင် သက်ဆိုင်ရာ ဒေသအဆင့်ရှိ တရားရေးဆိုင်ရာကိစ္စများအား ကိုင်တွယ်ရန် တရားဝင် လုပ်ထုံးလုပ်နည်းများ အလွန်နည်းပါး နေပါသေးသည်။

ကရင်အမျိုးသားအစည်းအရုံး (KNU)၊ ကချင်လွတ်လပ်ရေးအဖွဲ့ ချုပ် (KIO)၊ နှင့် UWSP တို့တွင် သီးသန့်ရဲတပ်ဖွဲ့များ ရှိသည်ဟု သိရှိရပြီး နောက်ပိုင်းအဖွဲ့အစည်း (၂) ခု၏ ရဲတပ်ဖွဲ့များသည် မြို့ပြများတွင်သာ လှုပ်ရှားလျက်ရှိပါသည်။ KNU က ယင်း၏ ကရင်အမျိုးသား ရဲတပ်ဖွဲ့တွင် တပ်ဖွဲ့ဝင် (၆၀၀) ဦး ရှိကြောင်း၊ ၎င်းတို့အား အခြေခံ စုံစမ်းမေးမြန်း ဖော်ထုတ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများအား လေ့ကျင့်ပေးထားပြီး စီမံအုပ်ချုပ်ရေးနယ်မြေတိုင်းရှိ တရားသူကြီးများနှင့် နီးကပ်စွာ လုပ်ကိုင်ဆောင်ရွက် ကြကြောင်း ပြောဆိုပါသည်။ လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် တရားသူကြီးများ ရှိခြင်းနှင့် မရှိခြင်းတို့မှာ အခြားသော EAO အဖွဲ့ များ အသီးသီးတွင် ကွာခြားကြပြီး ဖမ်းဆီးမှုများနှင့် အခြားသော လုံခြုံရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရန် ယေဘုယျအားဖြင့် ယင်းတို့၏ လက်နက်ကိုင်တပ် သို့မဟုတ် ကျေးရွာအဆင့်တပ်တို့အပေါ်တွင် မှီခိုကြပါသည်။ EAO အဖွဲ့များသည် သေးငယ်သော ရာဇဝတ်မှုများနှင့် တရားမ ရေးရာ အငြင်းပွားမှုများအား ကျေးရွာ အဆင့်တွင် ဓလေ့ထုံးထမ်းများ အရ စီရင်စေသော်လည်း ၎င်းတို့၏ တရားဝင်စနစ်ဖြင့် တရားစီရင် နိုင်ရန် အချို့သော ရာဇဝတ်မှုများဖြစ်သည့် လူသတ်မှု၊ အဓမ္မကျင့်မှု နှင့် တန်ဖိုးကြီးပစ္စည်းများ ခိုးယူမှု စသည်တို့အား ကျေးရွာလူကြီးများက သတင်းပေးပို့ပေးရန် လိုအပ်ပါသည်။

လူ့အခွင့်အရေးအဖွဲ့အစည်းများဖြစ်သည့် UN အဖွဲ့များအပါအဝင်၊ နိုင်ငံတကာ (သို့မဟုတ်) ဒေသခံအဖွဲ့များမှ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၏ လူ့အခွင့်အရေးချိုးဖောက်မှုများအား အစီရင်ခံခြင်းမှာ တပ်မတော်မှ ကျူးလွန်မှုများအပေါ် အစီရင်ခံခြင်းနှင့် ယှဉ်လျှင် အလွန်နည်းပါးလျက်ရှိပါသည်။ တိုင်းရင်းသား လက်နက် ကိုင်အဖွဲ့များအနေဖြင့် လူ့အခွင့်အရေးအပေါ် ၎င်းတို့၏ ကျင့်ဝတ်များနှင့် အလေးထားမှုများမှာ သက်ဆိုင်ရာ အဖွဲ့များအလိုက် များစွာ ကွဲပြားမှုရှိကြရာ ပို၍အခြေခိုင်သော အဖွဲ့များအနေဖြင့် ၎င်းတို့၏ စစ်ရေး မဟာဗျူဟာ အစီအစဉ်များအတွက် အရပ်သားများအပေါ် ဦးတည်မှုမရှိစေဘဲ ၎င်းတို့ လှုပ်ရှားသော သက်ဆိုင်ရာနယ်မြေများရှိ ဒေသခံပြည်သူများနှင့် ကောင်းမွန်သော ဆက်ဆံရေးရှိခြင်း အပေါ် တည်မှီနေပါသည်။ ထို့အပြင် အချို့သော EAO အဖွဲ့များသည် နိုင်ငံတကာ လူသားခြင်းစာနာမှု ဥပဒေဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းများ ရရှိထားပြီး စစ်မှုထမ်း သူများအား ထိန်းကျောင်းပေးသည့် ခိုင်မာသည့် လူမှုအဖွဲ့အစည်းဌာနများ အများအားဖြင့် ရှိနေကြပါသည်။ သို့ပေမယ့် တစ်ချို့နေရာ ဒေသများတွင်၊ ဒေသခံ လူ့အခွင့်အရေးအဖွဲ့အစည်းများသည် ၎င်းတို့ဦးတည်သည့် ဒေသများ အတွင်းရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ နိုင်ငံရေးပန်းတိုင်များနှင့် တစ်စိတ်တစ်ဒေသ အားဖြင့် ပေါင်းစည်းမှု ရှိကြခြင်း သို့မဟုတ် ၎င်းတို့၏လုံခြုံရေးဆိုင်ရာ ပံ့ပိုးမှုများအပေါ်မှီခိုနေရ တို့ကြောင့် တပ်မတော်၏ ချိုးဖော်မှုများထက်စာလျှင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ချိုးဖောက်မှုများအပေါ်အစီရင်ခံခြင်းမှာနည်းပါးလျက်ရှိပါသည်။မည်သို့ပင်ဆိုစေEAOအဖွဲ့များသည် ပြည်သူများအား အတင်းခိုင်းစေသည့် လုပ်အား၊ အစားအစာနှင့် အရင်းအမြစ်များထုတ်ယူခြင်းနှင့် အတူ ရွာများတွင် စစ်သားစုဆောင်းခြင်း၊ အထူးသဖြင့် အခြားတိုင်းရင်းသားလူမျိုး အရပ်သားများအား ရန်သူများအား ပံ့ပိုးသည်ဟုဆိုကာ အပြစ်ပေးခြင်းများ လုပ်ဆောင်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ ယခုနှစ်များတွင်၊ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ဖြစ်ပွားလျက်ရှိသော ပဋိပက္ခများတွင်ပါဝင်သော EAO များသည် ခြိမ်းခြောက်မှု နည်းလမ်းများ၊ အတင်းအဓမ္မ ပြောင်းရွှေ့စေခြင်းများနှင့် အတင်းအဓမ္မ စစ်သားစုဆောင်းခြင်းအများအပါဝင် အခြားသော အနိုင်ကျင့်ညှဉ်းပန်းမှုများအား တိုး၍ လုပ်ဆောင် လာကြပါသည်။

၃

# လုံခြုံရေးကဏ္ဍ ပေါင်းစည်းခြင်းတွင် အတိတ်မှ အတွေ့အကြုံများ

*လုံခြုံရေးဆိုင်ရာ ပေါင်းစည်းခြင်းကို မြန်မာနိုင်ငံကကြိုးပမ်းမှုတွင် ရလဒ်ပေါင်းစုံဖြင့် ရှည်ကြာသည့် သမိုင်းစဉ်ရှိခဲ့ပါသည်။ ယခု အပိုင်းတွင် EAO အဖွဲ့များအား ပုံစံအမျိုးမျိုးသော အရန်တပ်ဖွဲ့များအဖြစ်သို့ ပြောင်းလဲရန် အစိုးရအဆက်ဆက်၏ ကြိုးပမ်းမှုများအား သုံးသပ်ထင်ဟပ်ပြထားပါသည်။ လက်ရှိ ရှုမြင်ပုံများ၊ စိုးရိမ်မှုများနှင့် အဓိက ပတ်သက်သူများ၏ အနေအထားတို့မှာ ယင်းအတိတ်က အတွေ့အကြုံများ၏ လွှမ်းမိုးမှုကြောင့် ဖြစ်ပါသည်။*

မြန်မာနိုင်ငံ၏ လက်နက်ကိုင်အုပ်စုများကို ညွှန့်ပေါင်းတပ်ဖွဲ့ တစ်ခုအဖြစ်သို့ ပေါင်းစည်းရေးမှာ အရေးကြီးပါသော်လည်း နိုင်ငံ၏ ခေတ်သစ် သမိုင်းတစ်လျှောက် အငြင်းပွားဖွယ် ကိစ္စဖြစ်ခဲ့ရပါသည်။ အမှန်ဆိုရလျှင် တပ်မတော်သည်ပင်လျှင် ပဋိပက္ခ အလွန်ကာလ ပေါင်းစည်းရေး မအောင်မမြင်ဖြစ်မှုကြောင့် မဖြစ်မနေ ထွက်ပေါ်လာရခြင်း ဖြစ်ပါသည်။ ဒုတိယ ကမ္ဘာစစ်အတွင်း လွတ်လပ်ရေး သူရဲကောင်း ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သည့် လူများစုဗမာလူမျိုး တပ်များက ဂျပန်ဘက်အားပေးကာ ကရင်၊ ကချင်၊ ချင်းနှင့် အခြား ဗမာမဟုတ်သူတပ်များက မဟာမိတ်၏ ရည်မှန်းချက်များကို ထောက်ခံခဲ့သည့် အတွက် တစ်ဖွဲ့နှင့် တစ်ဖွဲ့ အပြန်အလှန် တိုက်ခိုက်ခဲ့ကြသည်။ စစ်ပြီးခါနီး အောင်ဆန်းက ဘက်ပြောင်းလိုက်သောအခါ၊ ယခင်က ဆန့်ကျင်ဘက် ဖြစ်ခဲ့သော နယ်ခံတိုင်းရင်းသားတပ်ဖွဲ့များနှင့် သက်တောင့်သက်သာ မဖြစ်သည့် မဟာမိတ်အဖြစ်ဘေးချင်းယှဉ်၍ အတူတကွဖြစ်သွားပြီး အောင်ပွဲကို ဆက်ခံနိုင်ခဲ့သည်။ ၁၉၄၅ ခုနှစ်တွင် Kandy သဘောတူညီချက်[42] နှင့်အတူအဆိုပါတပ်ဖွဲ့များအားစစ်ပြီးကာလအမျိုးသားတပ်ဖွဲ့များအဖြစ်ဗြိတိသျှလက်အောက်တွင် တပ်ပေါင်းခဲ့ပါသည်။ ယင်းလက်နက်ကိုင်တပ်ဖွဲ့များတွင် တိုင်းရင်းသား လူမျိုးအပေါ် မူတည်ကာ ခွဲထားသည့် တပ်ရင်းများပါရှိခဲ့ကာ ကရင်၊ ဗမာ၊ ကချင် နှင့် ချင်းရိုင်ဖယ်တပ်များတို့ ပါဝင်ခဲ့ပြီး၊ အချို့သော တပ်များကို ဩဇာညောင်းသည့် တစ်သီးပုဂ္ဂလခေါင်းဆောင်များက ယင်းတို့၏ ကိုယ်ပိုင်အကျိုးစီးပွားများနှင့် အစီအစဉ်များဖြင့် ကွပ်ကဲခဲ့ကြသည်။[43]

၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးနောက်ပိုင်း တပ်မတော်၏ များစွာသော တပ်ဖွဲ့ဝင်များသည် အမျိုးအမျိုးသော ကွန်မြူနစ်၊ ဆိုရှယ်လစ် သို့မဟုတ် အမျိုးသားရေးစသည့်တော်လှန်ရေးများအတွက် ခွဲထွက်သွားခဲ့ကြပြီးနိုင်ငံသည်ပြည်တွင်းစစ်အတွင်းသို့ကျရောက်ခဲ့ပါသည်။ကနဦးတွင်တပ်အင်အား ၁၂၀၀၀ ခန့်[44] ရှိရန် စီစဉ်ထားခဲ့ရာမှ လွတ်လပ်ရေးရပြီး နောက်ပိုင်းတွင် တပ်မတော်တွင် တပ်ဖွဲ့ဝင် ၅၀၀၀ ဖြင့်သာရပ်တည်ခဲ့ရပြီး ၁၉၄၉[45] အစောပိုင်းအရောက်တွင် ဦးရေ ၂၀၀၀ အထိ လျော့ကျသွား

42 In September 1945 General Aung San led a military delegation to the Allied Forces South East Asia Command Headquarters in Kandy, where he signed a historic agreement to form a new armed forces, which paved the way for Burma’s independence from Britain.

43 Callahan (2003), pp. 75–99.

44 Ibid., p. 98.

45 Ibid., p. 173. The 2,000 figure is also discussed on p.119.

ခဲ့ပါသည်။ သို့ဖြစ်သော်လည်း ၁၉၄၉ ခုနှစ်တွင် ဦးနေဝင်းက တပ်မတော်အား ကွပ်ကဲမှုအာဏာကို ရယူလိုက်ပြီး ဗမာအမျိုးသား အများစုဖြင့် အကြီးအကျယ် တပ်ဖွဲ့ဝင်သစ်များ ဖြည့်တင်းခဲ့ရာ၊ ၁၉၆၂ ခုနှစ်တွင် ဦးနေဝင်းက အစိုးရအားထိန်းချုပ်မှုကို ရယူလိုက်ချိန်တွင် တပ်မတော်သည် တပ်ဖွဲ့ဝင် ၁၀၀၀၀၀ ကျော်ဖြင့် ရပ်တည်ခဲ့ပါသည်။[46]

၁၉၆၀ ပြည့်လွန်နှစ်များကတည်းက လက်နက်ကိုင် တော်လှန်ရေးအပေါ် တပ်မတော်က တန်ပြန်လှုပ်ရှားမှုများလုပ်ရာတွင် အဓိက လုပ်ဆောင်ချက်မှာ EAO အဖွဲ့များကို တပ်မတော်၏ ကွပ်ကဲမှု လက်အောက်ရှိ အရန်တပ်ဖွဲ့ များအဖြစ်သို့ ကူးပြောင်း စေရန် ဖြစ်ကာ မကြာသောကာတွင်တော့ တပ်မတော်၏ အမြဲတမ်းတပ်ဖွဲ့များ အဖြစ်သို့ တရားဝင် ပေါင်းစည်းစေရန် ဖြစ်သည်။ ထိုကဲ့သို့ ဆောင်ရွက်ရာတွင် ရလဒ်အမျိုးမျိုးကို ရပါသည်။ အရွယ်အစား ကြီးမားသည့် EAO အဖွဲ့ အများစုသည် လွတ်လပ်သော လက်နက်ကိုင်လှုပ်ရှားသူများအဖြစ် ဆက်လက်ရပ်တည် လိုကြပြီး၊ ၎င်းတို့ ဒေသတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်အား ခွင့်ပြုပေးမည့် အကောင်းဘက် လုံးဝ ကူးပြောင်းသည့် နိုင်ငံရေးအပြောင်းအလဲ အာမခံချက်ရှိမှသာ တပ်မတော်အတွင်းသို့ ဝင်ရောက်လိုကြပါသည်။ ယနေ့ခေတ်တွင် ယခင်အဓိက EAO အဖွဲ့များ တပ်မတော်ကွပ်ကဲမှု အောက်ဝင်ရောက်သည်မှာ BGF (၂၃)ဖွဲ့ နှင့် အနည်းဆုံး PMF (၁၅) ဖွဲ့ တို့ဖြစ်ကြပါသည်။

## EAO အဖွဲ့များအား အရန်တပ်ဖွဲ့ ယူနစ်များ အဖြစ်သို့ ပြောင်းလဲခြင်း

ပဋိပက္ခ၏ စောစောပိုင်း ကာလများကတည်းက တပ်မတော်မှာ လွတ်လပ်ရေးကြိုးပမ်းစဉ်က စစ်ဝန်ထမ်းကဲ့သို့သော အရန်စစ် အမျိုးမျိုးကို ရှေ့တန်းတွင် အသုံးပြုခဲ့ဖူးသည်။ သို့သော် ယနေ့ ခေတ်၏ ပိုမိုပုံစံကျသော BGF နှင့် PMF များ၏ ရှေ့ပြေးမှာ ဦးနေဝင်းမှ ရှမ်းပြည်နယ်ရှိ ဒေသခံ လက်နက်ကိုင်များအား ပြည်နယ်ခွင့်ပြု ပြည်သူ့စစ်များအဖြစ် ပြောင်းလဲခဲ့သည့် ၁၉၅၀ ခုနှစ် နှောင်းပိုင်းနှင့် ၁၉၆၀ အစောပိုင်းနှစ်များ[47] ကတည်းက ထွက်ပေါ်လာခဲ့သည်။ ကာကွယ်ရေး (KKY) ဟု ခေါ်ဆိုသော ဝ၊ ရှမ်း နှင့် နယ်စပ်သို့ တရုတ်ပြည်မှ ကူးပြောင်းလာသော ကူမင်တန် အမျိုးသားရေးဝါဒီ အကြွင်းအကျန်များ ပါဝင်သည့် တရုတ်လူများပါဝင် သော အရန်စစ် ၂၃ ဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ဤအရန်စစ်များမှာ တိုင်းရင်းသားအမျိုးသားရေးဝါဒီ လက်နက်ကိုင်အုပ်စုများနှင့် အခြား ဝရမ်းပြေးအဖွဲ့များ တိုက်ခိုက်ရာတွင် ပူးပေါင်းပါဝင်ပေးသည့်အတွက် ပြည်နယ် အခြေခံအဆောက်အအုံများနှင့် အရင်းအမြစ်များ အသုံးပြုစေခဲ့သည်။[48] သို့သော် KKY မှာ ထိန်းချုပ်ရ ခက်လာသည့်အတွက် ၁၉၆၉ ခုနှစ်တွင် စစ်အစိုးရမှ မူးယစ်ဆေးဝါး ကုန်ကူးမှု စွဲချက်များဖြင့် လူသိများသည့် အရန်စစ်ခေါင်းဆောင် ခွန်ဆာကို ဖမ်းဆီးခဲ့ပြီး ၁၉၇၃ တွင် ရှမ်းပြည်နယ် KKY အားလုံးကို ဖျက်သိမ်းရန် အမိန့်ပေးခဲ့သောကြောင့် အချို့မှာ မြေအောက်အဖွဲ့အစည်း၊ အချို့မှာ နိုင်ငံရေးဆန့်ကျင်သူများ ဖြစ်လာပါတော့သည်။

ထိုအတောအတွင်း တပ်မတော်၏ မူဝါဒမှာ မော်စီတုန်းဝါဒီမ၏ "ပြည်သူ့စစ်ပွဲ" အယူ အဆဖြင့် ပုံသွင်းခံခဲ့ရပြီး ၎င်းမှ တစ်ဆင့် အရပ်သားလူထုအား စည်းရုံးလှုံ့ဆော်ခြင်းများဖြင့် မဟာဗျူဟာကျသော စစ်ဘက်ရေးရာ ပန်းတိုင်များရရှိနိုင်ရန် လုပ်ဆောင်လာပါတော့သည်။[49] ယခုအရွေ့၏ အစိတ်အပိုင်း တစ်ခုအဖြစ် တပ်မတော်သည် အမျိုးသား လုံခြုံရေး အရေးအခင်းများ အတွက် ပြင်ဆင်သည့်အနေဖြင့် ပြည်သူလူထုများအကြား ဒေသခံအရန်တပ်များဖွဲ့စည်း နိုင်ရန် ပြည်သူ့အရန်တပ် (သို့မဟုတ်) ပြည်သူ့စစ်ကနဦးအစီအစဉ်များအားစတင်ခဲ့ပါသည်။ "ပြည်သူ့စစ်" ဦးဆောင်လှုပ်ရှားမှု မွေးဖွားလာခဲ့သည်။ ၁၉၇၃ ခုနှစ်မှစ၍ ပြည်သူ့စစ် အစီအစဉ် မှာ EAO အဖွဲ့များ အား နိုင်ငံတော်ကို ထောက်ခံပေးသည့် တပ်ဖွဲ့များအဖြစ် ပြောင်းလဲဖို့ ပင်မနည်းလမ်းဖြစ်လာခဲ့သည်။ ၁၉၇၀ ခုနှစ် နှင့် ၁၉၈၀ ခုနှစ်များတလျှောက် နိုင်ငံတော်သို့ သစ္စာခံထားသော ယခင် သူပုန်

46 Ibid., p. 173.

47 As Buchanan (2016) notes, while this programme is usually said to have begun in 1963, some sources show that it could have started in the late 1950s. See pp. 8–9.

48 For more on the history of Shan State militia, see Lintner (1999), pp. 231–232; Smith (1999), p. 221 and Buchanan (2016), pp. 9–11.

49 Maung Aung Myoe (2009), pp. 22–25.

ခေါင်းဆောင်များ ကွပ်ကဲမှုအောက်တွင် အရေအတွက် မသိနိုင်သော ပြည်သူ့စစ်များ ပေါ်ထွက်လာခဲ့သည်။ ၁၉၈၀ အလယ်နှစ်များတွင် ပြည်သူ့စစ်သည် စုစုပေါင်း အရေအတွက်မှာ ခန့်မှန်းခြေ ၃၅၀၀၀ သို့ မြင့်တက်လာခဲ့သည်။[50]

ဤသို့ ဦးဆောင်လှုပ်ရှားမှုများ ရှိသော်လည်း ထင်ရှားသောအုပ်စုများ ဖြစ်သည့် KIO နှင့် KNU တို့ကို ၁၉၆၀ လွန်နှင့် ၁၉၈၀ လွန်နှစ်များတွင် ၎င်းတို့ကွပ်ကဲမှုအောက် ရောက်ရှိစေရန် နိုင်ငံတော်က စွဲဆောင်နိုင်ဖို့ မတတ်နိုင်ခဲ့ပေ။ အမှန်တကယ်ပင် ယင်းအုပ်စုအများစုနှင့် အခြားတိုင်းရင်းသား အမျိုးသားရေးဝါဒီအုပ်စုများနှင့် ပံ့ပိုးသူ/ဝန်ဆောင်မှုရယူသူ ဆက်ဆံရေးကို တည်ထောင်ခဲ့သည့်အတွက် ၎င်း၏ ဌာနချုပ်ကိုတရုတ်နယ်စပ်သို့ ရွှေ့ပြောင်းခံခဲ့ရသည့် ဗမာပြည်ကွန်မြူနစ်ပါတီမှာ အဆိုပါအလားတူ လုပ်ဆောင်မှုမျိုးတွင် ပိုမိုထိရောက်အောင် လုပ်နိုင်ခဲ့ပေသည်။ တိုင်းပြည်၏ ၁၉၈၈ ခုနှစ် ဒုတိယ အာဏာသိမ်းမှုနှင့် ၁၉၈၉ ခုနှစ်တွင် နောက်ဆက်တွဲအနေဖြင့် CPB ပြိုကွဲပြီးနောက် CPB အဆင့်များနှင့် ၎င်း၏ "ဖောက်သည်" ကိုယ်စားပြုများမှ ပေါ်ထွက်လာသည့် EAOs အသစ်များနှင့် စစ်အစိုးရ သစ်မှာ အပစ်အခတ်ရပ်စဲမှု ဆွေးနွေးနိုင်ခဲ့သည့်အတွက် ဤသို့ လုပ်ဆောင်ခဲ့သော နိုင်ငံတော်၏ အောင်မြင်မှုမှာ စတင် ပြောင်းလဲလာတော့သည်။ ၎င်း အပစ်အခတ်ရပ်စဲမှုများ နောက်တွင် SLORC စစ်အစိုးရသစ် (နောက်ပိုင်းတွင် SPDC) မှာ KIO, PSLD,[51] NMSP, PNO အပါအဝင် နိုင်ငံ၏ ကွန်မြူနစ်မဟုတ်သော EAOs များစွာနှင့် ဆက်လက်၍ အပစ်အခတ်ရပ်စဲမှု လုပ်ဆောင် ခဲ့သည်။

KIO, NMSP နှင့် SSA စသည့် ဝါရင့်အဖွဲ့များမှာ နိုင်ငံရေးအရ ဖြေရှင်းရန် ဆက်လက်တွန်းအားပေးနေချိန်တွင် EAO အဖွဲ့အချို့နှင့်မတူဘဲ အပစ်ရပ် EAO အဖွဲ့အသစ်များမှာမှ တစ်ချို့မှာ တပ်မတော်နှင့် ပူးပေါင်းဆောင်ရွက်မှု စတင်ခဲ့ပြီး တစ်ချို့မှာ ၎င်း၏ ကွပ်ကဲမှုအောက်ထိ ကျရောက်လာခဲ့သည်။ ဉပမာ- ၁၉၉၅ ခုနှစ်တွင် KNU မှ ခွဲထွက်အုပ်စုကြီး တစ်ခုဖြစ်သည့် DKBA မှာ ၎င်း၏ မိခင်အဖွဲ့အစည်းကို တပ်မတော်နှင့် ပူးပေါင်း၍ ပူးတွဲစစ်ဆင်ရေးများ စတင်လုပ်ဆောင်ခဲ့ပြီး ၎င်း၏ ကိုယ်စားပြု ပြည်သူ့စစ် အမှန်တကယ် ဖြစ်လာခဲ့သည်။ ၁၉၉၆ တွင် တပ်မတော်သည် KKY အဖွဲ့ဝင်ဟောင်း ခွန်ဆာဦးဆောင်ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ တစ်ခုဖြစ်သော မုံတိုင်းစစ်တပ် (Mong Tai Army-MTA) မှ ထိန်းချုပ် ထားသော နယ်မြေများကို သိမ်းယူရန် UWSP နှင့် ပူးပေါင်းမှုပြုခဲ့ပါသည်။  ကရင်၊ ကရင်နီ၊ ပအိုးဝ်၊ ကချင်၊ ကယန်း၊ ပလောင်၊ ရှမ်း စသော အခြားသော အုပ်စုခွဲများနှင့် အခြားသော EAOs များမှာ နိုင်ငံတော်၏ ကိုယ်စားပြုတပ်များ လုံးဝ ဖြစ်လာတော့သည်။ ဤအုပ်စုများထဲမှ တစ်ချို့ မှာ ဖွေဖေါက်ခွဲထွက်အုပ်စုများဖြစ်ကြပြီး တစ်ချို့မှာ သေးငယ်ပြီး ထင်ရှားသော ပြည်သူ့စစ်အနေနဲ့သာ အနားယူချင်ကြသော EAO ခေါင်းဆောင်များမှ ဦးဆောင်ခဲ့ကြသောကြောင့် ၎င်းတို့၏ ယခင်စစ်သည်အင်အားစုမှာ ပျော်ဝင်သွားကာ အချို့မှာ တခြား EAO များနှင့် ပူးပေါင်းသွားခြင်းများ ရှိခဲ့သည်။

၂၀၀၈ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြဌာန်း၍ ၎င်းတွင် "ပြည်ထောင်စုတွင်းရှိ လက်နက်ကိုင် တပ်ဖွဲ့များအားလုံး ကာကွယ်ရေး ကွပ်ကဲမှုအောက်တွင် ရှိရမည်ဟု" ဖော်ပြခဲ့သည်။ တဖန် ၎င်းတွင် နိုင်ငံတွင်းမှ "ပြည်သူ့စစ်" အစဉ်အလာနှင့် ပတ်သက်၍ ဖော်ပြရာတွင် -

*အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ သဘောတူညီချက်ဖြင့် ကာကွယ်ရေး လုပ်ငန်းမှ လူထု တစ်ရပ်လုံးအား ပြည်ထောင်စု၏ လုံခြုံရေးနှင့်ကာကွယ်ရေးတွင် ပါဝင်စေဖို့ စီမံနိုင်သည့် အခွင့်အာဏာရှိပေသည်။ ပြည်သူ့စစ် မဟာဗျူဟာမှာ ကာကွယ်ရေးဌာန၏ ဦးဆောင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်သည်။*[52]

50 See Buchanan (2016), 35,000 figure is attributed to Selth (2001a), p. 78. Note that this figure includes a large number of militia established from local civilians by the Tatmadaw so does not only represent former rebels brought under Tatmadaw command.

51 Formerly the Palaung State Liberation Organisation and Palaung Liberation Front. Antecedent to the Palaung State Liberation Front that has been fighting the Tatmadaw since 2011.

52 Constitution of Myanmar (2008), Article 340.

၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ရေးဆွဲဖို့ ပြင်ဆင်ခဲ့သည့် အမျိုးသားညီလာခံမှာ လွန်စွာတစ်သီးတစ်သန့်ဖြစ်ခဲ့ပြီး ၎င်းတွင် ပါဝင်ခဲ့သည့်ဖက်ဒရယ် လိုလားသော အပစ်ရပ် EAOs အဓိကအုပ်စုမှာ အုပ်ချုပ်ရေးတွင် ဗဟိုချုပ်ကိုင်မှုစနစ်နှင့် စစ်တပ်၏ ဩဇာတိက္ကမ ကြီးမားသော အခန်းကဏ္ဍကို ချာတာထဲတွင် ထည့်သွင်းထားသည်ဟု အခါအခါ ညည်းညူ ပြောကြားခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြီးနောက် အပစ်ရပ် EAO အဖွဲ့များမှာ နိုင်ငံ၏ "စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ" လမ်းကြောင်း နှင့် ကိုက်ညီစေဖို့ တပ်မတော်၏ ထိန်းချုပ်မှုအောက်သို့ ရောက်လာရမည်ဟု ပြောကြားခဲ့သည်။ ၎င်းအတိုင်းပင် ၂၀၀၉ ခုနှစ် ဧပြီလ၌ အပစ်ရပ် EAO အဖွဲ့ အားလုံးအား တပ်မတော်၏ တပ်ဖွဲ့စည်းပုံနှင့် တရားဝင်ပေါင်းစည်းရမည့် ၃၂၆ ယောက်ပါ တပ်ဖွဲ့အသစ် BGF များအဖြစ် ဖွဲ့စည်းဖို့ စစ်အစိုးရမှ တောင်းဆိုမှုများ လုပ်ဆောင်ခဲ့သည်။ ယခင် ပြည်သူ့စစ်များနှင့် မတူဘဲ ၎င်းတပ်ဖွဲ့ ရာထူးအဆင့်များတွင် သာမန်တပ်မတော်အရာရှိ ၃၀ နှင့် ထောက်ပံ့ရေးဝန်ထမ်းများပါရှိကာ စစ်သည်အားလုံး လစာ၊ အကျိုး ခံစားခွင့်၊ ကျန်းမာရေး စောင့်ရှောက်မှုနှင့် သင်တန်း စသည့်အစုံလိုက်ရရှိမည်ဖြစ်သည်။

အပစ်ရပ် EAO အဖွဲ့များ၏ တုန့်ပြန်မှုမှာ အမျိုးမျိုးပင်ဖြစ်သည်။ ၎င်းတို့ဖွဲ့စည်းရန် အစိုးရ၏ တောင်းဆိုမှုကို နောက်ဆုံး လက်ခံကြသည့်သူများနှင့် ဩဇာအရှိဆုံးအဖွဲ့များ အပါအဝင် အချို့မှာ ငြင်းဆိုခဲ့ကြသောကြောင့် တပ်မတော်၏ ထိုးစစ်ဆင်မှု အသစ်များကိုပင် ဖြစ်စေခဲ့သည်။ (အချပ်ပိုကိုကြည့်ပါ။) ဖွဲ့စည်းလိုက်သည့် BGF တပ်ရင်း၂၃ ခုမှာ ယခင်အပစ်ရပ် အုပ်စု ၅ ခုနှင့် ပိုမိုသေးငယ်သော လက်ရှိပြည်သူ့စစ်အဖွဲ့ တစ်ချို့မှ ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။ ထိုအတောအတွင်း EAOs အနည်းဆုံး ၁၅ ခု (သို့) အုပ်စုငယ်များမှ PMF ဟုခေါ်သည့် နောက်ထပ်တပ်ဖွဲ့သစ်တစ်မျိုး ဖွဲ့စည်းနိုင်ရန် သတ်မှတ်ချက်များ ဆွေးနွေးနိုင်ခဲ့သည်။ ၎င်းတပ်ဖွဲ့မှာ ၎င်းတို့ရာထူးအဆင့်များတွင် တပ်မတော်တပ်ဖွဲ့ဝင်များ မပါဝင်ဘဲ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပိုမိုရရှိ သော်လည်း များများစားစားမဟုတ်သည့် အကူအညီသာ ရရှိမည်ဖြစ်ပြီး စစ်အစိုးရကိုတော့ သစ္စာခံနေရမည်ဖြစ်သည်။ ၎င်းနောက် တွင် BGF နှင့် PMF အချို့မှာ တွဲဖက်နိုင်ငံရေးပါတီများ တည်ထောင်ခဲ့ကာ အဖွဲ့ဝင်များကို စစ်တပ်ထောက်ခံသည့် USDP တွင်းသို့ ထည့်ကာ ၂၀၁၀ ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

အပစ်ရပ် အကြီးဆုံး နှစ်ဖွဲ့ဖြစ်သည့် KIO နှင့် UWSP မှာ ပိုမိုကောင်းမွန်သည့် သတ်မှတ်ချက်များဖြင့် စေ့စပ်ညှိနှိုင်းဖို့ ကြိုးစားခဲ့သော်လည်း နောက်ဆုံးတွင် အပေးအယူကို ပယ်ဖျက်ခဲ့သည်။ KIA မှာ ၎င်းကို ပိုမို၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြီး BGF စံထက် ပိုမို၍ အဆင့်မြင့်မည့် ကချင်ဒေသစောင့်တပ်ဖွဲ့အဖြစ်သို့ ပြောင်းလဲပေးရန် အပါအဝင် တောင်းဆိုမှု အများအပြား လုပ်ဆောင်ခဲ့သည်။[53] ကချင်ဘာသာရေး၊ ယဉ်ကျေးမှုနှင့် အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ် ၃၂၄ ဦးပါ အစည်းအဝေးမှ ထောက်ခံခဲ့သည်ဟုဆိုသော ၎င်းအုပ်စု၏ နောက်ဆုံး တန်ပြန်တောင်းဆိုချက်မှာ ၂၀၁၁ ခုတွင် ဖွဲ့စည်းမည့် ကချင်ပြည်နယ် အစိုးရ တွင် KIO အား အလိုအလျောက် ရာထူးနေရာများပေးရန် တောင်းဆိုခဲ့သည်။ ၎င်းအချိန်က KIO တာဝန်ရှိသူ တစ်ဦးက "တစ်နိုင်ငံတည်းမှာ အမျိုးမျိုးသောစစ်တပ်တွေ မရှိသင့်ဘူးဆိုတာ ကျွန်တော်သိပါတယ်၊ ဒါပေမဲ့ ဗမာပြည်မှာ ခုထိစစ်မှန်တဲ့ ငြိမ်းချမ်းရေး မရသေးပါဘူး၊ ဒါကြောင့် ဒီနိုင်ငံဟာ စစ်တပ်တစ်ခုထက် ပိုနေရခြင်းဖြစ်ပါတယ်" ဟုပြောဆိုခဲ့သည်။[54]

တစ်ချိန်တည်းမှာပင် UWSP မှလည်း ၎င်းတို့နယ်မြေတွင် ခရိုင်များအား နယ်မြေဧရိယာ သတ်မှတ်ခြင်းနှင့် စပ်လျဉ်းသော အခြား တောင်းဆိုမှုများနှင့် အတူ အစိုးရ၏ တောင်းဆိုမှုကို

53 The KIO reportedly stated that they would form an autonomous "brigade". Though such units do not exist in the current Tatmadaw, it is assumed this would represent a larger command made up of multiple battalions. For two of the more detailed articles on these counter-proposals, see Kachin News Group (2009), "Junta yet to respond to KIO's demands", 19 August; available at: www.kachinnews.com/news/1049-junta-yet-to-respond-to-kios-demands.html; and Kachin News Group (2009), "Snr-Gen Than Shwe rejects KIO's demands", 30 July 2009; available at: www.kachinnews.com/news/1009-snr-gen-than-shwe-rejects-kios-demands.html

54 Mizzima (2009), "Kachins Reject Border Guard Role", 7 September; available at: http://reliefweb.int/report/myanmar/myanmar-kachin-rejects-border-guard-force-proposal

မှုအားဖြင့် လက်ခံသော်လည်း တပ်မတော်တပ်ဖွဲ့ဝင်များကိုတော့ တပ်ရင်းအဆင့်တွင် ပေါင်းစည်းပါဝင်ဖို့ ခွင့်မပြုသော တန်ပြန် အဆိုပြုချက်တစ်ခုကို တင်သွင်းခဲ့သည်။[55] UWSP တာဝန်ရှိသူ တစ်ဦး ပြောခဲ့သည်မှာ "အုပ်စုနာမည်ပြောင်းတာကတော့ သူတို့အတွက် ပြဿနာမဟုတ်ပါဘူး၊ ဒါပေမဲ့ စစ်တပ်ဖွဲ့စည်းပုံကို ပြောင်းလဲတာ တော့ ၄င်းတို့ ဆယ်စုနှစ်များစွာ ရုန်းကန်တိုက်လာခဲ့တာတွေကို အဓိပ္ပါယ်မဲ့စေတဲ့အတွက် မဖြစ်နိုင်ဘူး"။[56] ဤအဆိုပြုချက်ကို SPDC မှ လည်း ပယ်ချခဲ့သည်။ သို့သော် ၂၀၁၂ ခုနှစ်တွင် UWSP မှာ အခြားသော ရှမ်းပြည်နယ်ရှိ PMFs များ တရားဝင် အဆင့်အတန်းနှင့် အသိအမှတ်ပြုမှုကို ရရှိပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်အဆင့်ကို မြင်ခဲ့ကာ PMF ဖွဲ့စည်းဖို့ ပြန်လည်စဉ်းစားလာ တော့သည်။[57]

အစိုးရ၏ တောင်းဆိုမှုကို ပယ်ချခဲ့သော အပစ်ရပ် EAOs များမှာ ၄င်းတို့၏ အပစ်ရပ်ထားမှုကိုလည်း စင်စစ်ဖျက်သိမ်း ခံလိုက်ရသည်။ ၄င်းမှာ ပဋိပက္ခအသစ်များ ပေါ်ထွန်းစေခဲ့ပြီး နောင်ခုနှစ်နှစ် ကြာပြီးနောက်တွင် ရှမ်းပြည်မြောက်ပိုင်းနှင့် ကချင်ပြည် ဒေသတော်တော်များများမှာ တပ်မတော်၊ ယခင်အပစ်ရပ်အဖွဲ့များနှင့် ၄င်းတို့၏ အစွန်အဖျားတပ်များ ပုံမှန်တိုက်ပွဲများဖြင့် ဝါးမြိုခဲ့သည်ထိ မြင့်တက်လာတော့သည်။ ဤတိုက်ပွဲသစ်များမှာ တပ်မတော်မှ BGF တောင်းဆိုမှုများကို ပယ်ချခဲ့သည့် MNDAA သို့ ၂၀၀၉ ခုနှစ်တွင် ထိုးစစ်ဆင်တိုက်ခိုက်မှုများဖြင့် စတင်လာခဲ့တော့သည်။ MNDAA မှာ အကြီးအကျယ်ရှုံးနိမ့်ကာ ၄င်း၏အကြီးတန်းခေါင်းဆောင်ပိုင်းမှာ တရုတ်ပြည်နယ်သို့ ထွက်ပြေးသွားခဲ့ပြီး အဆင့်နိမ့်ခေါင်းဆောင်များမှာ ခွဲထွက်အုပ်စုကို ဖွဲ့စည်း၍ BGF တစ်ခု ဖြစ်လာတော့သည်။ ရှမ်းပြည်တပ်မတော် (SSA) ခွဲထွက်အဖွဲ့ တစ်ဖွဲ့ က PMF အဖြစ် ဖွဲ့စည်းလိုက်စဉ် တစ်ဘက်တွင် (SSA) ၏ အင်အားကောင်းသည့် ခွဲထွက်အုပ်စုမှာ BGF တပ်ဖွဲ့ စည်းရန် လက်မခံခဲ့သောကြောင့် ၂၀၁၁ ခုနှစ် မတ်လတွင် တပ်မတော်က ယင်းအဖွဲ့အား ထိုးစစ်စဉ် တိုက်ခိုက်ခဲ့ပါသည်။ ၄င်းနောက် ၂၀၁၁ ခုနှစ် ဇွန်လတွင် တပ်မတော်နှင့် KIO တို့တိုက်ပွဲများဖြစ်ပွားခဲ့ပြီး တပ်မတော်မှ BGF တောင်းဆိုမှုများမှာ ပဋိပက္ခအသစ်ထပ်ဖြစ်ရခြင်း အကြောင်းရင်းများစွာမှ တစ်ခုဖြစ်သည်ဟု ပြောကြားခဲ့သည်။ UWSP မှာ ငြိမ်းချမ်းရေးကို ထိန်းသိမ်းထားနိုင်ခဲ့သော်လည်း ၄င်းမှာ ဒေသတွင်း အပစ်ရပ်မဟုတ်သော EAO အဖွဲ့ အတော်များများနှင့် နီးစပ်သည့် ဆက်ဆံရေးများ ရှိခြင်းကြောင့် တပ်မတော်နှင့် ၄င်း၏ ဆက်ဆံရေးမှာ ယိုယွင်းလာခဲ့သည်။

၂၀၁၁ ခုနှစ် နှင့် ၂၀၁၂ ခုနှစ်တွင် တောင်းဆိုမှုများ ပယ်ချခဲ့သည့် EAO အဖွဲ့အများစုနှင့် အပစ်အခတ်ရပ်စဲရေးကို နောက်ဆုံးတွင် ပြန်လည် ညှိနှိုင်းလုပ်ဆောင်နိုင်ခဲ့သည်။ သို့သော် ၄င်းတို့၏ ယုံကြည်မှုမှာတော့ ကြီးစွာထိခိုက်ခဲ့သည်။ အချုပ်ဆို ရသော် SPDC မှ ၄င်း၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှု အစီအစဉ်တစ်ရပ်နှင့် အညီ တည်ငြိမ်အေးချမ်းမှုကို တိုးမြှင့်ရန် ရည်ရွယ်ခဲ့ သည့် အစီအစဉ်တစ်ခုအနေဖြင့်အဓွမ်းတင်ခဲ့သည်မှာနောက်ဆုံးလက်နက်ကိုင်ပဋိပက္ခများသာလျှင်မြန်စွာ တိုးပွားလာခဲ့သည်။ ဘက်စုံပြုပြင် ပြောင်းလဲရေးများနှင့် တိုက်ရိုက် ချိတ်ဆက်မှုမရှိသောကြောင့် EAO အဖွဲ့များမှာ ၄င်းတို့အား နိုင်ငံတော်၏ တရားဝင် လုံခြုံရေးတပ်ဖွဲ့များသို့ ပြောင်းလဲမည်ဆိုသည့် အစိုးရ၏ ကြိုးပမ်းမှုအားလုံးကို များစွာသံသယဖြစ်နေဆဲဖြစ်သည်။

55 S.H.A.N. (2010), "War Looms as Junta Sets Deadline", 9 March; available at: https://democracyforburma.wordpress.com/tag/war-looms-as-junta-sets-latest-deadline/

56 Mizzima (2009), "UWSA turns down junta's 'Border Guard" proposal", 22 May; available at: http://archive-2.mizzima.com/archive/2177-uwsa-turns-down-juntas-border-guard-proposal.html

57 Mizzima (2012), "Powerful Wa army considers becoming People's Militia Force", 13 July ; available at: http://archive-2.mizzima.com/news/inside-burma/7521-powerful-wa-army-considers-becoming-peoples-militia-force.html

# ၄။ အများသဘောတူညီမှုသို့ ရောက်ရှိခြင်း

၂၀၁၁ ခုနှစ်တွင် SPDC တွင် ဝန်ကြီးချုပ်ဖြစ်ခဲ့ပြီး တိုင်းရင်းသား ပဋိပက္ခနယ်မြေများတွင် နှစ်များစွာ တာဝန်ထမ်းဆောင်ခဲ့ သည့် ယခင် ဗိုလ်ချုပ်တစ်ဦးဖြစ်ခဲ့သူ သမ္မတ ဦးသိန်းစိန် ဦးဆောင်သော စစ်တပ်ကျောထောက်နောက်ခံပြု အစိုးရမှာ အာဏာရ လာခဲ့သည်။ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လမှ စ၍ အရေးပါသော စီးပွားရေးပိတ်ဆို့မှုများ ထားရှိခဲ့သည့် အနောက်နိုင်ငံများနှင့် ဆက်ဆံရေး ပြန်လည် တည်ဆောက်ခြင်း၊ စီးပွားရေးကို ဖွင့်လှစ်ပေးရန် ရည်ရွယ်သော ပြုပြင်ပြောင်းလဲမှုများကို တစ်ခုပြီးတစ်ခု စတင်လာ ခဲ့သည်။ ကချင်၊ ရှမ်း နှင့် ရခိုင်ပြည်နယ်များတွင် ပဋိပက္ခများ အထွေထွေတိုးပွားလာမှု ရှိသော်လည်း KNU အပါအဝင် EAO အဖွဲ့ တစ်ချို့ နှင့် အပစ်အခတ်ရပ်စဲရေးများ အသစ်ချုပ်ဆိုနိုင်ခဲ့ပြီး အပစ်ရပ်နှင့် အပစ်ရပ်စဲထားခြင်းမရှိသည့် EAOs အများစုပါဝင်သော ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အသစ်မှ တစ်ဆင့် နိုင်ငံရေးတိုးတက်မှု ရရှိလာခဲ့သည်။[58]

၂၀၁၃ ခုနှစ်လောက်တွင် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် (NCA) ကို လုပ်ဆောင်ဖို့ အစိုးရနှင့် တပ်မတော်က တစ်ဖက် EAOs ၁၇ ခုက တစ်ဖက်နှင့် ဆွေးနွေးပွဲများ လုပ်ဆောင်ခဲ့သည်။ တိုင်းပြည်မြောက်ပိုင်းတွင် တိုက်ပွဲများ ဆက်လက် ဖြစ်ပွားခဲ့သောကြောင့် ပြဿနာများစွာ ကျန်ရှိနေပြီး တပ်မတော်မှ EAOs များသို့ လေကြောင်းနှင့် လက်နက်ကြီးများ သုံးကာ ပြင်းပြင်းထန်ထန် ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ သို့သော် ပထမဆုံးအကြိမ် ဆွေးနွေးပွဲများ ပြန်လည်လုပ်ဆောင်၍ အစိုးရမှ EAO အဖွဲ့များနှင့် စုပေါင်း ညှိနှိုင်းမှုအား အဓိက အောင်မြင်မှုအဖြစ် ရှုမြင်ခဲ့ကြသည်။ ၂၀၁၅ ခုနှစ်၊ မတ်လတွင် NCA စာသားများအား သဘောတူညီခဲ့ကြသည်။ ၎င်းတွင် ဖက်ဒရယ်အုပ်ချုပ်မှုစနစ်ကို ဖွဲ့စည်းရန်ဟူသည့် ထင်ရှားသော ရည်မှန်းချက်ဖြင့် နိုင်ငံရေး ညှိနှိုင်း ဆွေးနွေးမှုလုပ်ဆောင်ရန် ကတိကဝတ်တစ်ခုပါရှိခဲ့သည်။ တဖန် "လုံခြုံရေးပြန်လည်ပေါင်းစည်းခြင်း" အား DDR နှင့် SSR လုပ်ငန်းစဉ် အဖြစ် လျော့တိလျော့ရဲသဘော ရည်ညွှန်းခြင်းမှာ ဤပြုပြင်ပြောင်းလဲရေးများနှင့်အညီ ငြိမ်းချမ်းရေးဖြေရှင်းချက်၏ အဓိက အစိတ်အပိုင်းတစ်ရပ်ဖြစ်လာမည်ဟု သဘောတူညီခဲ့ကြခြင်းဖြစ်သည်။

နောက်ဆုံးတွင်၊ ရှေ့တန်းတော်တော်များများ၌ တင်းမာမှုများ ဆက်လက်မြင့်တက်နေရာ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလတွင် တပ်မတော်၊ ဦးသိန်းစိန် အစိုးရတို့နှင့် အတူ EAO အဖွဲ့ ရှစ်ဖွဲ့သာ လက်မှတ်ရေးထိုးခဲ့သော်လည်း နေရာတော်တော်များများတွင် လက်နက်ကိုင်

58 During the current peace process, between 2011 and 2014, 14 bilateral ceasefires between individual groups and the government were signed, although fighting continued to escalate elsewhere. This was not the first attempt at signing ceasefires. Over 40 groups had been involved in ceasefire processes during the previous military government era – some had transformed into BGFs and PMFs, while others refused to cooperate formally with the Tatmadaw.

ပဋိပက္ခများ ဆက်လက်ဖြစ်ပေါ်နေခဲ့ပါသည်။ မည်သို့ပင်ဆိုစေ လက်မှတ်ရေးထိုးထားသော အဖွဲ့များ အားလုံးအတွက် အရေးပါသော ထိုးဖောက်ကျော်ဖြတ်မှုတစ်ခု အနေဖြင့် လုံခြုံရေးကဏ္ဍ ပေါင်းစည်းခြင်းနှင့်အတူ ဖက်ဒရယ်စနစ်အား အကောင်အထည် ဖော်ဆောင်ခြင်းလုပ်ငန်းစဉ်များ အပေါ် အပြန်အလှန်ဆွေးနွေးနိုင်ရန် စာရွက်ပေါ်တွင် လက်မှတ် ရေးထိုးပြီး ဝန်ခံကတိပြုမှုအား အာမခံချက်ရှိစေပါသည်။ ဤသည်ပင်လျှင် မြန်မာနိုင်ငံတွင် ပိုမို၍ဖက်ဒရယ် ကျသော လုံခြုံရေးဖွဲ့စည်းပုံသို့ အသွင်ကူးပြောင်းမှုမှာ မည်သို့ပုံစံဖြစ်မည်ဆိုသည်နှင့် EAOs များမှ မည်သို့ ပေါင်းစည်းနိုင်မည်တို့အတွက် အရေးပါသော မေးခွန်းများကို ဖြစ်ပေါ်လာစေပါတော့သည်။

## အနာဂတ် ဖက်ဒရယ်အပေါ် အများသဘောတူညီမှု

*ဤအပိုင်းတွင် ဖက်ဒရယ်မှုနှင့် ပတ်သက်၍ ၁၀ စုနှစ်များစွာ တင်းမာမှု ဖြစ်ခဲ့ပြီးနောက် ငြိမ်းချမ်းရေးသည် ဖက်ဒရယ်သဘောသဘာဝ အားဖြင့် တည်ဆောက်ထားသော အုပ်ချုပ်မှုဆိုင်ရာစနစ် တစ်ရပ် အပေါ်တည်မှီနေသည်ဟူသော နိုင်ငံ၏ အဓိက နိုင်ငံရေးပါဝင် ပတ်သက်သူများအကြား ကြာမြင့်စွာ စောင့်စားခဲ့ရသည့် အများ သဘောတူညီမှုဆီ ဦးတည်သွားမည့် လုပ်ငန်းစဉ်ကို ထည့်သွင်း သုံးသပ်ထားပါသည်။*

ဖယ်ဒရယ်မှုသည် လွတ်လပ်ရေးမရခင် အချိန်ကတည်းက မြန်မာနိုင်ငံရှိ အများစုဖြစ်သော ဗမာလူမျိုးနှင့် အခြားသော တိုင်းရင်းသားလူမျိုးများအကြား အငြင်းပွားစရာကိစ္စများ၏ အလယ်ဗဟိုရှိ ပင်မအကြောင်းအရာဖြစ်ပါသည်။ ၁၉၄၇ ခုနှစ်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့် တစ်ပိုင်းတစ်စရှိသော တောင်တန်းဒေသများမှ ဗမာမဟုတ်သူ ခေါင်းဆောင်များ၏ စိတ်ဆန္ဒကို တရားဝင် မေးမြန်းခဲ့ရာတွင် အများစုမှာ လွတ်လပ်ရေးအား "ဖြစ်နိုင်သမျှ အပြည့်အဝဆုံးသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်"ကို အာမခံပေးသည့် ဖက်ဒရေးရှင်းတစ်ခု၏ အစိတ်အပိုင်းအနေဖြင့် ဆန္ဒရှိထားကြောင်း အတည်ပြုထားသည်။[59] တိုင်းရင်းသားအားလုံး၏ "ဖယ်ဒရယ် လှုပ်ရှားမှု" အား ရှမ်းတိုင်းရင်းသားလွှတ်တော် ကိုယ်စားလှယ်များနှင့် အိမ်ရှေ့မင်းသားများက ဦးဆောင်ပြုလုပ်ခဲ့သောအခါ အဆိုပါ တောင်းဆိုချက် များအား ၁၉၆၀ ပြည့်လွန်နှစ်များအစောပိုင်းတွင် ပြန်လည်သုံးသပ်မှုပြုလုပ်ခဲ့ပြီးနောက် ၁၉၆၂ ခုနှစ် တွင် စစ်တပ် အာဏာသိမ်းမှု ဖြစ်ခဲ့ရပါသည်။

ဒီမိုကရေစီနည်းကျသည့် ဖက်ဒရယ်ပြည်ထောင်စုတစ်ခု အောင်မြင်စွာ ရရှိရန် တိုက်တွန်း ဖိအားပေးရေး အတွက် ၁၉၇၆ ခုနှစ်တွင် KNU နယ်မြေအတွင်းတွင် အမျိုးသားဒီမိုကရေစီ တပ်ပေါင်းစု (NDF)ဟုခေါ်တွင်သော EAOတို့၏မဟာမိတ်အဖွဲ့အားအဖွဲ့ဝင် (၁၀) ဖွဲ့ (နောက်ပိုင်းတွင် ၁၂ ဖွဲ့) ဖြင့် ဖွဲ့စည်းခဲ့ပါသည်။ အဓိကအဖွဲ့ဝင်များတွင် KIO, NMSP၊ KNPP နှင့် SSPP တို့ပါဝင်ကြပြီး ၎င်းတို့သည် ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် အဓိက လှုပ်ရှားသူများ ဖြစ်ကြကာဖက်ဒရယ်မှုအတွက် အပြင်း အထန် ထောက်ခံအားပေးကြရာတွင် ယနေ့ထိတိုင်ဖြစ်ပါသည်။ ထိုအချိန် ကတည်းက မြန်မာနိုင်ငံရှိ EAO အဖွဲ့များနှင့် တိုင်းရင်းသားလူမျိုး နိုင်ငံရေးပါတီ အများစုသည်ဖက်ဒရယ်စနစ်အစိုးရအား ၎င်းတို့၏ အဓိကပစ်မှတ်အဖြစ် တစ်သမတ်တည်းတောင်းဆိုကြပြီး တစ်ချိန်တည်းတွင်လည်း တိုင်းရင်းသားလူမျိုး လူမှုအဖွဲ့အစည်းများသည် ယင်းအယူအဆနှင့် ပတ်သက်၍ ကျယ်ကျယ် ပြန့်ပြန့်သိရှိအောင် ဆောင်ရွက်ကြသည့်အတွက် လူထုအတွင်းတွင် အရေးပါသည့် ထောက်ခံမှုအား ရရှိလျက်ရှိပါသည်။

ဖက်ဒရယ်အခြေခံမှုအား ငြိမ်းချမ်းရေး တည်ဆောက်မှုအတွက် အခရာအဖြစ် အစဉ်သဖြင့် ထောက်ခံမှုအား NLD က ၁၉၉၀ ပြည့်လွန်နှစ်များကတည်းက ပြောကြားနေခဲ့ခြင်းဖြစ်ပါသည်။[60] ၂၀၁၅ ခုနှစ် မူဝါဒကြေညာစာတမ်းတွင် NLD က ဖက်ဒရယ်ပြည်ထောင်စုမှာ ငြိမ်းချမ်းရေးရဖို့ လိုအပ်သောကြောင့်ဖက်ဒရယ်ပြည်ထောင်စုအတွက် NLDမှာ "အမြဲတမ်း ခိုင်မာစွာ ရပ်တည် ခဲ့ကြောင်း" နှင့် ၎င်းမှာ အစိုးရ၏ အဓိကရည်မှန်းချက် ဖြစ်ကြောင်း၊[61] ထိုအတိုင်းပင် သူမ၏ စည်းရုံးရေး မိန့်ခွန်းများနှင့် သူမ၏ ပထမဆုံးသော မိန့်ခွန်းတွင် ဒေါ်အောင်ဆန်းစုကြည် မှ "စစ်မှန်သော

59 The Frontier Areas covered today's Kachin, Shan, Chin, and Kayah States, and parts of Kayin State, Rakhine State and Sagaing Region. See the recommendations of the Frontier Areas Commission of Enquiry (FACE) report (1947), p. 18, in which it was observed, "The view of the witnesses from the Federated Shan States and from the Kachin Hills are strongly in favour of a federated Burma in which the Federated Shan States will form a state or unit and the Kachin Hills another. They desire the fullest possible autonomy for the states within the federation but agree that certain subjects of general scope should be entrusted to the federation."

60 See a report by an NLD-led committee representing 251 disavowed members of Parliament, which discussed federalism as a central issue at the heart of the armed conflicts and concluded that such a form of government would be necessary to achieve peace. Committee Representing the People's Parliament (1999), pp. 88–89.

61 NLD Manifesto (2015), p. 2, 5, 6.

ဖက်ဒရယ် ဒီမိုကရက်တစ် ပြည်ထောင်စုအား မွေးထုတ် ပေးနိုင်ရန်" ဖွဲ့စည်းပုံကို ပြောင်းလဲရန် သံန္နိဋ္ဌာန် ချမှတ်ခဲ့သည်။[62] ၂၀၁၆ ခု မတ်လ သမ္မတ၏ အဖွင့်မိန့်ခွန်းတွင် သမ္မတ ဦးထင်ကျော်မှ "အမျိုးသားပြန်လည် သင့်မြတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး (နှင့်) ဖက်ဒရယ်ပြည်ထောင်စု ဖြစ်ထွန်းစေမည့် ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်လာစေရေး" ဟူ၍ ၎င်းအစိုးရ၏ အဓိက မူဝါဒများအနေဖြင့် မြွက်ကြားခဲ့သည်။[63]

သို့သော်ငြားလည်း တပ်မတော်မှဖက်ဒရယ်သဘောကို ဆန့်ကျင်နေသမျှ NLD နှင့် တိုင်းရင်းသားများ၏ အမျိုးသားရေး လှုပ်ရှား မှုများကြားက ကာလရှည်ကြာစွာ ကိုင်စွဲလာသည့် အများဆန္ဒမှာ လက်တွေ့အားဖြင့် သိပ်အရာရောက်မည် မဟုတ်ပေ။ SLORC/SPDC ၏ အုပ်စိုးမှု ကာလတစ်လျောက် "ဖယ်ဒရယ်မှု" ဟူသည့် စကားလုံးမှာ အစိုးရမီဒီယာနှင့် ဖွဲ့စည်းပုံရေးဆွဲသည့် ပမာဏခြေလှမ်း ဆောင်ရွက်မှုများဖြစ်သည့် အမျိုးသားညီလာခံတွင် လုံးဝရှောင်လွှဲလာခဲ့သည်။ ညီလာခံအားဖြင့် ပေါ်ထွက်လာ သည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေက ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများအတွက် ပြဋ္ဌာန်းထားသော်လည်း ယင်းတို့မှာ အလွန့်အလွန် အားနည်းကာ ဗဟိုဦးစီးမှုချုပ်ကိုင်ကာ ခန့်အပ်တာဝန်ပေးခြင်းနှင့် နိုင်ငံတော်အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးအာဏာများ နည်းပါးနေပါသည်။[64] မကြာသေးသော ၂၀၁၅ ခုနှစ် မတ်လတွင် တပ်မတော်က White Paper တွင် ဖော်ပြထားသည်မှာ ၎င်းက ၁၉၆၂ ခုနှစ်တွင် အာဏာရယူခဲ့ခြင်း မှာဖက်ဒရယ်မှုအားဖြင့် ပြည်ထောင်စုပြိုကွဲမည့်အရေ းအတွက် ဖြစ်သည် ဟူ၍ဖြစ်ပါသည်။[65]

အစိုးရ၏ အနေအထားပြောင်းလဲလာခြင်း၏ ပထမဆုံး အရိပ်အယောင်သည် ၂၀၁၄ ခုနှစ် ဩဂုတ်လတွင် ထွက်ပေါ်လာရာ EAO အဖွဲ့များ၏ ညှိနှိုင်းရေးခေါင်းဆောင်က အစိုးရသည်ဖက်ဒရယ်ပြည်ထောင်စုကို ထူထောင်လိုသည့်တောင်းဆိုချက်ကို လက်ခံ လိုက်ပြီဟု ကြေညာချက်အပြီးတွင် ဖြစ်ပါသည်။[66] ၂၀၁၅ ခုနှစ် ဇန်နဝါရီလအတွင်း သမ္မတဦးသိန်းစိန်၏ လွတ်လပ်ရေးနေ့ မိန့်ခွန်းတွင်ဖက်ဒရယ်မူအားအခြေခံသည့် ပြည်ထောင်စုအား ထူထောင်ရန် သဘောတူညီချက် ရှိထားပြီးဖြစ်သည်ဟု ပြောကြားခဲ့ပါသည်။[67]နောက်ဆုံး ၂၀၁၅ အောက်တိုဘာ ၁၅ ရက်နေ့တွင် NCA အားလက်မှတ်ရေးထိုးလိုက်ကြရာ နိုင်ငံရေး သာတူညီမျှမှု၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ကမ္ဘာ့တစ်ဝှမ်းလက်ခံထားသည့် လွပ်လပ်မှု [နှင့်တကွ] သာတူညီမျှမှု တို့၏ အခြေခံမူများ အပေါ် အခြေပြုပြီး ဒီမိုကရေစီနည်းကျသည့် အလေ့အထများအား အာမခံချက်ပေးသည့် ဒီမိုကရေစီနှင့်ဖက်ဒရယ် အခြေခံမူများ အပေါ်အခြေခံသည့် ပြည်ထောင်စုတစ်ခု တည်ထောင်ရန် တပ်မတော်အားနစ်မြှုပ်လုပ်ကိုင်စေလိုက်ခြင်းဖြစ်ပါသည်။[68] အရေးအကြီးဆုံးမှာ ယင်းသဘောတူညီ ချက်အားဖြင့် လက်မှတ်ပါဝင်ရေးထိုးသူအားလုံးအား ယခင်အစိုးရ၏ ဒို့တာဝန်အရေး(၃)ပါး အပေါ်ကတိကဝတ်ပြုစေခြင်း ဖြစ်ကာ တိုင်းရင်းသားခေါင်းဆောင်များ ခွဲထွက်သွားမည့်အရေးအား ထိရောက်စွာ တားမြစ်ခြင်းပင် ဖြစ်ပါသည်။

သို့ဖြစ်သော်လည်း အဓိကအားဖြင့် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရတို့ အကြား အာဏာအား မည်သို့ ခွဲဝေသင့်သည်၊ ပြည်ထောင်စုသည် မည်သည့် ပုံစံဖြင့် တည်ဆောက်သွားမည်ဆိုသည့်အပေါ် အရေးပါသည့် သဘောထားကွဲလွဲမှုများ ရှိနေ ပါသေးသည်။ လက်တွေ့တွင် ၂၀၁၆ ခုနှစ် ဇန်နဝါရီလနှင့် ဩဂုတ်လအတွင်း ကျင်းပခဲ့သည့်

62 Global New Light of Myanmar (2016), "Amendment Essential: State Counsellor offers New Year Message", 17 April; available at: http://globalnewlightofmyanmar.com/amendment-essential/

63 The Myanmar Times (2016), "Transcript: President U Htin Kyaw's inaugural address", 30 March; available at: www.mmtimes.com/index.php/national-news/19730-transcript-president-u-htin-kyaw-s-inaugural-address.html

64 Jolliffe (2015), pp. 30–43. Nixon, Hamish; Joelene, Cindy; Kyi Par Chit Saw; Thet Aung Linn; and Arnold, Matthew (2013), 'State and Region Governments in Myanmar', The Asia Foundation; available at: http://asiafoundation.org/resources/pdfs/StateandRegionGovernmentsinMyanmarCESDTAF.PDF

65 Naypyitaw (2015), p. 47.

66 Radio Free Asia (2014), "Myanmar Government Agrees to Federal System in Cease-Fire Talks", 15 August; available at: www.rfa.org/english/news/myanmar/ceasefire-08152014182134.html.

67 Global New Light of Myanmar (2015), "Main objective of our reforms is to enable people to enjoy peace and development democratically", 1 April ; available at: http://globalnewlightofmyanmar.com/main-objective-of-our-reforms-is-to-enable-people-to-enjoy-peace-and-development-democratically/

68 NCA (2015), Article 1a.

ပထမဦးဆုံးသော နိုင်ငံရေးဆွေးနွေးပွဲနှစ်ခုအတွင်း တပ်မတော်က ၎င်းတို့ကာလကြာရှည်စွာ ငြင်းပယ်ခဲ့သည့် စကားလုံး 'ဖယ်ဒရယ်မူ' အပေါ် ပြန်ပြောင်း၍ နိုင်ငံ၏အုပ်ချုပ်ရေးစနစ်မှာ အမှန်တကယ်တော့ဖက်ဒရယ်ဖြစ်နေပြီးသား ဖြစ်သည်ဟု တဲ့တိုးပင် ပြောလာခဲ့သည်။ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလတွင် သမ္မတအကြံပေးမှ "ဖယ်ဒရယ်စနစ် ဖြစ်လာမဲ့အစား တိုင်းပြည်မှာ သူတစ်လူငါတစ်မင်း အုပ်ချုပ်မှုတွေ ... ဖြစ်လာပြီး နိုင်ငံတော် (သို့) ပြည်ထောင်စုအစိုးရနဲ့ ပြည်နယ်အစိုးရတွေအကြား တန်ခိုးအာဏာ ပြိုင်ဆိုင်မှုတွေ ဖြစ်လာနိုင်တယ်" ဟု ၎င်း၏ စိုးရိမ်ပူပန်မှုကို ထောက်ပြခဲ့သည်။[69] တပ်မတော်ခေါင်းဆောင်ပိုင်း အကြားရှိ စိုးရိမ်မှုများ ထက်စာလျှင် ယခုကဲ့သို့သောအမြင်မျိုးမှာ များစွာပျော့ပြောင်းမှု ရှိပါသည်။ NLD မှာဖက်ဒရယ် လိုလားသူအဖြစ် အချိန်ကြာမြင့်စွာ ကြွေးကြော်လာခဲ့သော်လည်း ပြည်နယ်များနှင့် တိုင်းဒေသကြီးများအား မည်သို့သော အဆင့်ရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ခွင့်ပြုပေးလျှင် အဆင်ပြေနိုင်မည့်အကြောင်း လက်ရှိ အချိန်အတောအတွင်းတွင် ရှင်းလင်းစွာပြောကြားထားခြင်းမရှိသေးပါ။

## 'လုံခြုံရေးကဏ္ဍပြန်လည် ပေါင်းစည်းခြင်း' အပေါ် လျော့ရဲသည့် အများသဘောတူညီမှု

*ယခုအပိုင်းတွင် 'လုံခြုံရေးကဏ္ဍ ပြန်လည် ပေါင်းစည်းခြင်း' အနာဂတ် ဖော်ဆောင်နိုင်မည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် စပ်လျဉ်းပြီး ပါဝင်ပတ်သက်သူများ အကြား လျော့ရဲသည့် သဘောတူညီမှုများ ရရှိနိုင်ရန် ယခုလက်ရှိ တိုးတက်မှုများအကြောင်း အချုပ်အားဖြင့် ဖော်ပြထားပါသည်။ အစိုးရနှင့် EAO များအကြား စေ့စပ်ညှိနှိုင်းမှု လုပ်ငန်းများ (၂)နှစ်တာ ကာလပြီးသည့်နောက်၊ SSR နှင့် DDR လုပ်ငန်းစဉ်ဟု မရေမရာ ရည်ညွှန်းခဲ့သော လုံခြုံရေး ပြန်လည်ပေါင်းစည်းမှုမှာ ယခုပြုပြင် ပြောင်းလဲမှုများနှင့် အညီ ငြိမ်းချမ်းရေး ဖြေရှင်းမှု၏ အဓိက အပိုင်းဖြစ်မည်ဟု ဟူ၍ ၂၀၁၅ ခုနှစ် တွင် သဘောတူညီ ခဲ့ကြသည်။[70]*

မြန်မာနိုင်ငံ၏ ဆက်လက်လျှောက်လှမ်းလျက်ရှိသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အပစ်ခတ်ရပ်စဲ/မရပ်စဲ ထားသည့် EAO ညွန့်ပေါင်းအဖွဲ့အား ထည့်သွင်းထားပါသော်လည်း BGF တပ်များနှင့် PMF အဖွဲ့ များမပါပဲ၊ မကြာခဏဆိုသလို လုံခြုံရေးကဏ္ဍ၏ အနာဂတ်နှင့် ပတ်သက်၍ တင်းမာမှုများ ဖြစ်လာလေ့ရှိပါသည်။

၂၀၁၁ ခုနှစ်တွင် ဦးသိန်းစိန် အစိုးရမှ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ စတင်သည့် အချိန်က အပစ်အခတ်ရပ်ပြီးနောက် EAO အဖွဲ့များသည် လက်နက်စွန့်လွှတ်ပြီး နိုင်ငံရေးပါတီဖွဲ့၍ သာမန်လွှတ်တော်အမတ်များအနေဖြင့် လွှတ်တော်သို့ ဝင်ရောက်မှသာ နိုင်ငံရေးကိစ္စများအပေါ် လွှမ်းမိုးမှုရရှိမည်ဖြစ်ကြောင်း ကနဦးတွင် ပြောဆိုရပ်တည်ခဲ့သည်။ သို့သော် ၂၀၁၃ ခုနှစ်တွင် ဦးသိန်းစိန် မှ ထိုကဲ့သို့သော ရပ်တည်ချက်မှာ မဖြစ်နိုင်တော့မှန်းသိလာပြီး အစိုးရညှိနှိုင်းသူများအား "မိမိတို့ရဲ့ ဆွေးနွေးပွဲတွင် လက်နက် ဖြုတ်သိမ်းသည့် အကြောင်း မပြောကြရန်" နှင့် ၎င်းမှာ လောလောဆယ် မအောင်မြင်နိုင်ကြောင်း သတိပေးမှာကြားခဲ့သည်။[71] BGF တပ်ဖွဲ့ ဖွဲ့စည်းရန် တောင်းဆိုချက်အားလုံးကို တပ်မတော်ကရုပ်သိမ်းလိုက်ပြီးနောက် မကြာခင်တွင်လည်း EAO အဖွဲ့များ လက်နက်ဖြုတ်သိမ်းခြင်းမပြုမီ လွှတ်တော်ပြင်ပ နိုင်ငံရေးဆွေးနွေးရန်အတွက်လိုအပ်ချက် အား လက်ခံခဲ့ပါသည်။

သို့သော် ၂၀၁၅ ခုနှစ် မတ်လ တပ်မတော်နေ့တွင် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မှ EAO အဖွဲ့များအနေဖြင့် "ငြိမ်းချမ်းရေးအတွက် စစ်မှန်သော ဆန္ဒရှိပါက" DDR လုပ်ငန်းစဉ်ကို လုပ်ဆောင်ကြရန် ကြေညာ၍ နိုင်ငံတကာ အသိအမှတ်ပြု အသုံးအနှုန်းများကို ပထမဆုံးအကြိမ် တရားဝင်သုံးခဲ့ပုံရသည်။[72] တပ်မတော်မှာ ယခင်က ရှုံးနိမ့် EAO (သို့) ခွဲထွက် အုပ်စုငယ်များ အားတပ်ဖျက်သိမ်းခြင်း၊ တပ်မှ ထွက်ခွာစေခြင်းများ စီစဉ်ခဲ့သော်လည်း ဤလုပ်ငန်းစဉ်များတွင် ၎င်းတို့အား လူ့အဖွဲ့ အစည်းသို့ ပြန်လည်အသားကျ ပေါင်းစည်းပေးရန် အစီအစဉ်များ အများအားဖြင့် မပါဝင်ခဲ့ပေ။ ထိုအချိန်မှစ၍ ကာကွယ်ရေး

69 Soe Thane (2015), "Navigating the choppy waters of Myanmar's post-election era", Nikkei Asian Review, 11 January; available at: http://asia.nikkei.com/Viewpoints/Viewpoints/Navigating-the-choppy-waters-of-Myanmar-s-post-election-era. This article was later republished in the state-owned newspaper, Global Light of Myanmar.

70 See NCA (2015), Article 6 and Article 20.g. An addendum to the NCA with agreed clarifications of some terms states that it was agreed in August 2015 that "Security reintegration means the process of SSR-DDR". This phrase was also used at the first union peace conference in January 2016 in the thematic working group on security matters.

71 The President was quoted by negotiator Aung Naing Oo, in his illustrative blog article about DDR in Myanmar. Aung Naing Oo (2014), "DDR and the Peace Process in Myanmar"; available at: http://aungnaingoo2014.blogspot.com/2014/12/ddr-and-peace-process-in-myanmar.html

72 Global New Light of Myanmar (2015), "Defence Services Commander-in-Chief promises to support elections in November", 27 March; available at: www.globalnewlightofmyanmar.com/defence-services-commander-in-chief-promises-to-support-elections-in-november/

ဦးစီးချုပ်မှာ DDR လိုအပ်ချက်အား အကြိမ်များစွာ အလေးပေးဖော်ပြခဲ့ပြီး "နိုင်ငံတိုင်းမှာ စစ်တပ်တစ်တပ်တည်းရှိသည်"[73] ဟု အခိုင်မာပြောကြားခဲ့ပြီး EAO အဖွဲ့များ အားလုံးအား လက်ရှိတပ်မတော်နှင့် ပူးပေါင်းရန် ဖိတ်ကြားခဲ့ပါသည်။[74] အင်တာဗျူးတစ်ခုတွင် ဦးမင်းအောင်လှိုင်က DDR မှာ လက်နက်ကိုင်ပဋိပက္ခကို အဆုံးသတ်ဖို့ လိုအပ်သော ရှေ့ပြေးဖြစ်သည်ဟု တင်ပြခဲ့ပုံရကာ ဤအချက်နဲ့တင် တပ်မတော်မှာ "စစ်တပ်အခန်းကဏ္ဍနေသွား" ရန် တစ်နည်းအားဖြင့် နိုင်ငံရေးနယ်ပယ်မှ ဆုတ်ခွာမည်ဟု ပြောဆိုခဲ့သည်။[75]

ထိုအတောအတွင်းEAOအဖွဲ့များမှDDRကိုတစ်ဖက်သက်လုပ်ခြင်းမှာလက်နက်ချသည်နှင့် သွားတူနေသည်ဟု ဆိုကာ ၎င်းလုပ်ငန်းစဉ်သို့ ဝင်ရန် ငြင်းဆိုခဲ့ပြီး ထိုသို့လုပ်မည့်အစား ကိုယ်စားပြုဖက်ဒရယ်ပြည်ထောင်စုတပ်မတော် ပိုမိုဖွဲ့စည်းဖြစ်ပေါ် စေမည့် ရည်ရွယ်ချက်ဖြင့် SSR ကို ပိုမို၍ အလုံးစုံဖြစ်လာစေရန် အကြိမ်ကြိမ်တောင်းဆိုခဲ့သည်။ ဦးမင်းအောင်လှိုင်မှလည်း ၎င်း၏ တပ်မတော်မှာ "တိုင်းရင်းသားလူနည်းစုမှ ဆင်းသက်လာသည့် တပ်ဖွဲ့ဝင် ၄၅၀၀ ရှိပြီး ၎င်းတွင် တိုင်းရင်းသားအားလုံးပါဝင်" နေပြီး သား ဖြစ်သည်ဟုဆိုကာ ထိုတောင်းဆိုချက်များကို အခါခါပယ်ချခဲ့သည်။[76] တဖန် တပ်မတော်နှင့် ယခင်အစိုးရတို့မှာ SSR အသုံးအနှုန်းအား NCA စာသားထဲတွင် သုံးစွဲမှုကို အခါတလဲလဲ ဆန့်ကျင်ခဲ့ပြီး "လုံခြုံရေးကဏ္ဍပေါင်းစည်းမှု" (သို့) DDR ဟုသာ အလေးပေးဖော်ပြခဲ့သည်။[77] ၂၀၁၅ ခုနှောင်းပိုင်းတွင် တပ်မတော်စေ့စပ်ညှိနှိုင်းသူများက KIO သို့ စာတမ်းများပေးထားခဲ့ပြီး ၎င်းမှာ SSR ကို ၎င်းတို့နားလည်ထားသည့် SSR ဖြစ်သည်ဟုဆိုခဲ့သည်။ ၎င်းတို့မှာ DDR နှင့်ပတ်သက်သော နိုင်ငံတကာလက်စွဲကို မြန်မာဘာသာသို့ ပြန်ဆိုထားခြင်းသာဖြစ်သည်။

၂၀၁၅ ခုနှစ် မတ်လ NCA စာသားမှာ နိုင်ငံရေးဆွေးနွေးပွဲများ မှရရှိလာသော နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများအပေါ် သဘောတူညီထားသည်နှင့် အညီ "လုံခြုံရေးပြန်လည်ပေါင်းစည်းမှု" လုပ်ဆောင်ရန် အဖွဲ့အားလုံးကို ကတိခံထားစေသည်။[78] ၎င်းအသုံးအနှုန်း၏မသေချာမှု/ဒွိဟဖြစ်မှုနှင့် ပတ်သက်၍ EAO ခေါင်းဆောင်များမှ စိုးရိမ်မကင်းသောကြောင့် အောက်တိုဘာ လက်မှတ်ထိုးမှု မတိုင်ခင် နောက်ထပ်ညှိနှိုင်းပွဲများ လုပ်ဆောင်ခဲ့ကာ "လုံခြုံရေး ပြန်လည်ပေါင်းစည်းမှု ဆိုသည်မှာ SSR-DDR လုပ်ငန်းစဉ်ကို ဆိုလိုသည်" စသည့်အပိုဒ်များ ပါဝင်သည့် အသုံးအနှုန်းတစ်ချို့ကို ရှင်းပြသည့် အချပ်ပို ထည့်သွင်းရန် သဘောတူညီခဲ့သည်။[79] ဤသည်မှာ တပ်မတော်မှ SSR အသုံးအနှုန်းအား ၎င်းပြန်ဆိုရာတွင် ပိုမိုပျော့ပြောင်းနူးညံ့လာသည့် ပထမဆုံးသော အမှတ်လက္ခဏာဖြစ်သည်။

၎င်းနောက် ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင်ပြုလုပ်သော ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ (UPC) ၏ အဖွင့်မိန့်ခွန်းတွင် ဦးမင်းအောင်လှိုင်က "ကျွန်တော်တို့တွေ လက်နက်ဖြုတ်သိမ်းရေး၊ တပ်ရုပ်သိမ်းရေးနှင့် ပြန်လည်ပေါင်းစည်းရေးနဲ့ လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲရေး (SSR) ကို နိုင်ငံတကာ အသိုင်းအဝိုင်းရဲ့ မျှော်မှန်းချက်များနှင့်အညီ လက်တွေ့ အကောင် အထည်ဖော်ရပါမယ်"[80] ဟူ၍ ပြောကြားခဲ့ပါသည်။ ၎င်းအတိုင်း "DDR-SSR လုံခြုံရေးပြန်လည်ပေါင်းစည်းမှု" စကားစုကို လုံခြုံရေးကိစ္စ ရပ်ဆိုင်ရာ (အကြောင်းအရာအလိုက်) အလုပ်အမှုဆောင်အဖွဲ့မှ

73 See the Tatmadaw's own news website, Myawady (2016), "Senior General Min Aung Hlaing receives Chinese Special Envoy to Myanmar", 30 June; available at: www.myawady.net.mm/en/headlines/item/1844-2015-06-30-10-24-05

74 Soe Than Lyann (2016), "Ethnic armed groups 'welcome' to join military, says Min Aung Hlaing", Frontier Myanmar, 12 January; available at: http://frontiermyanmar.net/en/news/ethnic-armed-groups-welcome-join-military-min-aung-hlaing

75 Myawady (2015), "The Interview with Commander in Chief of Defence Services Senior General Min Aung Hlaing and BBC News Agency", 20 July; available at: www.myawady.net.mm/en/headlines/item/1906-2015-07-20-14-10-15

76 Hein Ko Soe (2015), "Government rejects ethnic group bid for a federal force", Mizzima, 10 December; available at: www.burmanet.org/news/2014/12/10/mizzima-news-government-rejects-ethnic-group-bid-for-a-federal-force-hein-ko-soe/

77 http://reliefweb.int/report/myanmar/security-sector-crucial-issue-says-absdf

78 At the time of writing, the NCA has only been signed by eight out of 17 involved EAOs, but the text itself was agreed by most of the major parties. See NCA (2015), Article 6 and Article 20.g.

79 According to the addendum, this phrase was agreed in August 2015, which is when meetings took place between leading members of five major EAOs to clarify remaining issues.

80 Min Aung Hlaing's speech was not formally published by the government or by any other source in full. The commander-in-chief was quoted saying the above in Eleven Media (2016), "Tatmadaw seeks democracy designed for Myanmar", 13 January; available at: http://elevenmyanmar.com/local/tatmadaw-seeks-democracy-designed-myanmar

ပထမဆုံး UPC တွင်လည်း သုံးစွဲခဲ့ပါသည်။ ၂၀၁၆ ခုနှစ် မေလတွင် ဦးမင်းအောင်လှိုင် မှ SSR-DDR ဆိုသည်မှာ "အဖွဲ့တွေအနေနဲ့ သူတို့ရဲ့လက်နက်တွေကို တပ်မတော်သို့ စွန့်လွှတ်ရမည်ဟု မဆိုလိုဘဲ၊ နိုင်ငံရေးပြဿနာကို လက်နက်နဲ့ ဖြေရှင်းရမယ် ဆိုတဲ့ သူတို့ရဲ့ အတွေးအခေါ်နှင့် မူဝါဒတွေကို စွန့်လွှတ်တာကို ဆိုလိုသည် ဟူ၍ အသေးစိတ်ပြောကြားခဲ့သည်။ ကနဦး ခြေလှမ်းတွေ လှမ်းပြီးတဲ့နောက်ပိုင်း ငါးနှစ်တာကာလအတွင်းတွင် DDR-SSR လုပ်ငန်းစဉ်တွေကို ရှောင်လွှဲ၍ မရနိုင်ပါဘူး။"[81] အခြေအတင် ငြင်းခုန်ရမည့် မသေချာသည့် ထင်ရှားသော အချက်များစွာ ရှိသော်ငြားလည်း ဤအသံကောင်းဟစ်ထားမှုသည် မြန်မာ့လုံခြုံရေးကဏ္ဍ အနာဂတ်နှင့် ပတ်သက်၍ အလျော့အတင်းလုပ်နိုင်ရန် ပိုမို ခိုင်မာသော အခြေခံတစ်ခု ဖြစ်လာပါသည်။

၂၀၁၅ ခုနှစ် အောက်တိုဘာတွင် လက်မှတ်ရေးထိုးခဲ့သည့် EAO အဖွဲ့များမှာ ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် ပထမဆုံး UPC မတိုင်မီ အစိုးရ တပ်မတော်နှင့် နိုင်ငံရေးညှိနှိုင်းဆွေးနွေးမှုဆိုင်ရာ မူဘောင်တစ်ရပ်ကို ဆက်လက် သဘောတူညီခဲ့သည်။ ၎င်းတွင် အဓိက အကြောင်းအရာ နယ်ပယ် ၆ ခုပါရှိကာ လုံခြုံရေးမှာ တစ်ခုအပါအဝင်ဖြစ်ပြီး အဆိုများကို ချပြကာ ဥပဒေနှင့် ဖွဲ့စည်းပုံ ပြောင်းလဲမှုများကို အဆိုပြုရန် ပါဝင်တက်ရောက်သူများမှ မဲပေးရမည်ဖြစ်သည်။ "လုံခြုံရေး" ခေါင်းစဉ်ခွဲအောက်တွင် ခေါင်းစဉ် နှစ်ခု ပါသည်။ "နိုင်ငံတော် လုံခြုံရေးနှင့် ပတ်သက်သော ကိစ္စများ" နှင့် "လုံခြုံရေးပြန်လည်ပေါင်းစည်းမှုနှင့် ပတ်သက်သောကိစ္စများ" ဟူ၍ဖြစ်သည်။ ၂၀၁၆ ခုနှစ် ဩဂုတ်လမှ စက်တင်ဘာလအတွင်း NLD မှ ဦးဆောင်စတင်ခဲ့သည့် ၂၁ ရာစု ပင်လုံညီလာခံပြီးနောက် တွင် နိုင်ငံရေးဆွေးနွေးပွဲအတွက် မူဘောင်ကို အတော်များများ ချိန်ညှိယူလျက်ရှိခဲ့ပြီး အသားမကျသေးသော အခြေအနေတွင် ဖြစ်ပါသည်။ သို့သော်လည်း လုံခြုံရေး ကိစ္စရပ်များဆွေးနွေးရန်အတွက် အခြေခံ အပိုင်းနှစ်ပိုင်းပုံစံမှာ နိုင်ငံတော်အဆင့်များတွင် ဆက်လက် ဆွေးနွေးသွားမည့်ပုံရှိပါသည်။

81 Lun Min Mang (2016), "Tatmadaw sets out peace conference conditions", The Myanmar Times, 16 May; available at: www.mmtimes.com/index.php/national-news/20303-tatmadaw-sets-out-peace-conference-conditions.html

# ၅။

# မြန်မာနိုင်ငံ၏ လုံခြုံရေးကဏ္ဍအတွက် အနာဂတ်မျှော်မှန်းချက်များ

### တပ်မတော်၏ အနာဂတ် မျှော်မှန်းချက်- "အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ် တပ်မတော်"

*ယခုအပိုင်းတွင်အဓိက သက်ဆိုင်သူ အုပ်စု (၃) စု (တပ်မတော်၊ NLD နှင့် EAO အဖွဲ့ များ) တို့၏ မြန်မာနိုင်ငံ လုံခြုံရေးကဏ္ဍ အနာဂတ်နှင့် ပတ်သက်၍ မျှော်မှန်းချက် အထွေထွေအား တင်ပြထားသော စာရွက်စာတမ်း နှင့် သတင်းအစီရင်ခံချက်များ အပေါ် မှီငြမ်းထားပါသည်။ ယင်း အနာဂတ်မျှော်မှန်းချက်များသည် ရေးသားဖော်ပြစဉ်အတွင်း အသက်ဝင်လျက်ရှိပြီး၊ ရှေ့ဆက် ညှိနှိုင်းဆွေးနွေးမှုများ အတွက် ပါဝင်ပတ်သက်သူများ၏ ပြင်ဆင်မှုဖြင့် အဆင့်ဆင့် အလျှင်အမြန် တိုးတက်ပြောင်းလဲလာပါလိမ့်မည်။ မည်သို့ပင်ဆိုစေကာမူ ယခင်ကရှိခဲ့သော အကြောင်းအရာများ၊ စာရွက်စာတမ်းများနှင့် အဓိကလှုပ်ရှားသူများနှင့် တွေ့ဆုံမေးမြန်းချက်များအား ပြန်လည် သုံးသပ်ခြင်းဖြင့် ၎င်းတို့၏ ကျယ်ပြန့်သော*

၂၀၁၁ ခုနှစ်ကတည်းက အစပြု၍ တပ်မတော်သည် အစိုးရကဏ္ဍရပ်အားလုံးအား ကြီးကြပ်ထိန်းချုပ်သည့် အချုပ်အချာ အာဏာ အရှိဆုံးအဖွဲ့ အစည်းအဖြစ်မှရွေးကောက်ခံ အရပ်သားအစိုးရ ပုဂ္ဂိုလ်များနှင့် ပြည်နယ်အဖွဲ့အစည်းများစုပေါင်းထားသော အာဏာခွဲဝေ သုံးစွဲသည့် အဖွဲ့အစည်းအဖြစ်သို့ ပြောင်းလဲ လာခဲ့ပါသည်။ ထို့အတွက်ကြောင့် တပ်မတော်က အုပ်ချုပ်ရေးနှင့် စီးပွားရေး အပိုင်းများတွင် အရေးပါသော အခန်းကဏ္ဍများအား ဆက်လက် ရယူထားသော်လည်း မူလတာဝန်များဖြစ်သည့် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို မဖြစ်မနေ ပိုမို၍သီးခြား အလေးပေးလာရပါသည်။ သို့ရာတွင် တပ်မတော်သည် မြန်မာ့နိုင်ငံရေး၏ အခန်းကဏ္ဍမှ အလုံးစုံ နုတ်ထွက်ရန် မျှော်လင့်သည်ဟု ဆိုလိုခြင်း မဟုတ်ပါ။ အဓိက အပြောင်းအလဲများနှင့် ကောင်းမွန်သည့်ဘက်သို့ ပြုပြင် ပြောင်းလဲရေးဆိုင်ရာ အခွင့်အလမ်းများ ဖြစ်ပေါ်နေသော်လည်း တပ်မတော်၏ ဗိုလ်ချုပ်များက အတိအလင်း တစ်သတ်မတ်တည်း အခိုင်အမာပြောဆိုသည်မှာ နိုင်ငံရေးမှ တပ်မတော်၏ အခန်းကဏ္ဍကို ထုတ်ပယ်ပစ်ရန် အချိန်မတန်သေးဟူ၍ ဖြစ်ပါသည်။ ၎င်း၏ မဟာဗျူဟာမြောက် အလေးပေးထားမှုမှာ "အင်အား တောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်" ဖွဲ့စည်းရန် ဟူသော ညွှန်းဆိုရည်မှန်းချက်နှင့် အညီ ၎င်း၏ စစ်ရေး၊ နိုင်ငံရေး နှင့် စီးပွားရေးစွမ်းရည်ကို တည်ဆောက်ရန် အဓိကဖြစ်သည် ဆိုသည်ပင်။[82]

ထို့အပြင် တပ်မတော်အနေဖြင့် "နောင်ကြီးပါသော"[83] ပြင်ပ စစ်ရေးပံ့ပိုးမှုများအား ခိုင်မြဲစွာ ငြင်းဆိုလာခဲ့ပြီး ဒေသတွင်းရှိ အခြားသော စစ်တပ်များထက် နိုင်ငံတကာချည်နှောင်မှုများအပေါ် ပိုမို သတိပြုလျက်ရှိပါသည်။ တပ်မတော်သည် အစဉ်အလာအားဖြင့် ထောက်ပံ့ပေးသူများဖြစ်သော ရုရှားနှင့် တရုတ်တို့ထံမှ အချို့သော ပံ့ပိုးမှုများကို လက်ခံရယူပြီး၊ ၎င်းတို့နှင့် မဟာဗျူဟာကျသော ဆက်ဆံရေးအား ထိန်းသိမ်းထားရှိပါသည်။ သို့သော် ယခုနှစ်များတွင် အနောက်ခြမ်းနိုင်ငံများမှ စစ်တပ်များနှင့် ဆက်ဆံရေးအားလည်း တဖြည်းဖြည်း စတင်တည်ဆောက်လာခဲ့ပါသည်။ သို့ရာတွင် တပ်မတော်အနေဖြင့် နိုင်ငံတကာ သတ်မှတ်ချက်များ၊ စံနှုန်းများနှင့် ကိုက်ညီသော SSR လုပ်ငန်းများအတွက် ပြည့်စုံသော ချဉ်းကပ်ပုံနည်းလမ်း တစ်ခုအား လက်ခံမည့်

82 Naypyitaw (2015), p. 18; Global New Light of Myanmar (2016), "Here to Stay", 27 March.

83 Naypyitaw (2016), p.16.

*အမြင်သဘောထားများနှင့် ကာလကြာရှည်စွာ ဆောင်ရွက်ရမည် ဟု အကြံပြုထားသည့် အထူးပြု စီစဉ်ဆောင်ရွက်ရန် ကိစ္စများအား လွယ်ကူစွာ နားလည်စေနိုင်ရန် ခြုံငုံသုံးသပ်လေ့လာမှု ပြုထားပါသည်။*

အလားအလာမရှိသည်များကို ယခုအပိုင်းတွင် ဆက်လက် ဆွေးနွေးသွားပါမည်။

## အပြောင်းအလဲအတွက် လမ်းစတစ်ခုလား?

တပ်မတော်သည် စတင် တည်ထောင်ခဲ့စဉ်ကတည်းက မူဝါဒအပြောင်းအလဲဆိုင်ရာ လှိုင်း (၃) ခုအား ဖြတ်သန်းခဲ့ရ ပါသည်။ ၁၉၅၀ ပြည့်လွန်နှစ်များအတွင်း ပြည်တွင်းတော်လှန်မှုများအား ဖိနှိပ်နိုင်ပြီး ပြည်ပမှကျူးကျော်မှုအား တွန်းလှန်နိုင်သည့် တပ်မတော်တစ်ခု ထူထောင်ရန် (ယင်းကာလအတောအတွင်း တပ်မတော်သည် နိုင်ငံတွင်း ကုန်သွယ်ရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ ကဏ္ဍအတော်များများအတွင်း အကြီးများဆုံးသောအဖွဲ့ ဖြစ်လာခဲ့ပါသည်) နှင့် ၁၉၆၀ လွန်နှစ်များ ပထမ စစ်အစိုးရလက်ထက်တွင် တော်လှန်ပုံကန်မှုချေမှုန်းရေးနှင့် အပြင်ပန်း ဆိုရှယ်လစ်လမ်းစဉ်များကို လိုက်ကာ ပြည်သူ့စစ်သဘောကို စတင်သွတ်သွင်းရန်နှင့်၊ ၁၉၉၀ ခုနှစ် နှင့် ၂၀၀၀ ခုနှစ် နှောင်းပိုင်း နှစ်များတွင် ဒုတိယစစ်အစိုးရလက်ထက်၌ "စည်းကမ်း ပြည့်ဝသော ဒီမိုကရေစီ" ကို နောက်ဆုံးတည်ဆောက်ဖို့ ပြင်ဆင်သည့်ကာလတွင် စစ်တပ်၏ စွမ်းရည်များကို ခေတ်မီစံနှုန်းများ မှီလာစေဖို့ တိုးမြှင့်ချဲ့ကားရန် တို့ဖြစ်လာခဲ့သည်။[84]

၂၀၁၂ ခုနှစ်မှစ၍ တပ်မတော်သည် နိုင်ငံ၏ နိုင်ငံရေးအသွင်ကူးပြောင်းမှုနှင့် ကိုက်ညီစေရန် စစ်တပ်မူဝါဒအသစ်ကို ထုတ်လုပ်နေကြောင်း ကောလဟာလများ ထွက်လာခဲ့သည်။[85] အနောက်တိုင်း ဝေဖန်သူတစ်ချို့မှ ထိုသို့သော ပြုပြင်ပြောင်းလဲမှု များမှ တပ်ဖွဲ့အား လုပ်ငန်းသဘော ပိုမိုကျွမ်းကျင်လာစေရန်၊ ၎င်း၏ ပုံရိပ်ကို တိုးတက်စေရန်နှင့် တပ်ဖွဲ့များအား အရပ်ဘက် ထိန်းချုပ်မှု အောက်သို့သွတ်သွင်းရန် ရည်ရွယ်ကောင်း ရည်ရွယ်နိုင်သည်ဟု ထောက်ပြခဲ့ကြသည်။[86] အမှန်ပင် တပ်မတော်နှင့် သူ၏ ယခင်အဖွဲ့ဝင်များမှာ အစကတည်းက တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး အသွင်ကူးပြောင်းမှုအား ဦးဆောင်စတင်ခဲ့ကြပြီး အခြားသော ကဏ္ဍများစွာအား ဖြေလျော့ပေးကာ ပြုပြင်ပြောင်းလဲရန် ယခုထိနည်းပါးသေးသော်လည်း တစ်ခါမှ မကြုံဖူးခဲ့သော စိတ်ဆန္ဒကို ပြသခဲ့ကြသည်။[87] တဖန်ကာကွယ်ရေး ဦးစီးချုပ်မှလည်း အမေရိကန်နှင့် အခြားသော အကြီးစား နိုင်ငံတကာ ပါဝင်နေသူများနှင့် အစမ်းသဘော ချိတ်ဆက် ဆောင်ရွက်ကာ အနောက်နိုင်ငံများနှင့် စစ်ရေးဆက်ဆံမှု ပြန်လည်တည်ဆောက်ရန် စိတ်ဝင်စားမှုကို ပြသလာခဲ့သည်။[88]

UN နှင့် အခြားသောအဖွဲ့များမှ အရေးကြီးသည့် စိုးရိမ်ပူပန်စရာများ ရှိနေသေးသည်ဟု ဆိုသော်လည်း ၂၀၁၁ ခုနှစ်မှ စတင်ကာ တပ်မတော်၏ အပြုအမူပိုင်းများတွင် သိသာထင်ရှားသည့် အပြောင်းအလဲအချို့ ရှိလာခဲ့ပါသည်။[89] တပ်ဖွဲ့များမှာ အဓမ္မစေခိုင်းမှု[90]၊ ခြိမ်းခြောက်ငွေညှစ်ခြင်း နှင့် ပုံမှန်မဟုတ်သော အခွန်ကောက်ခံမှုများသည်လည်း လျော့နည်းလာကြောင်း အစီခံမှုများ ရှိလာခဲ့ပါသည်။ တပ်မတော်မှာ အမျိုးသမီးများအား ရာထူးအဆင့်တိုးလာစေရန် ပြုပြင် ပြောင်းလဲမှု အား အကန့်အသတ်နှင့် စတင်လုပ်ဆောင်လာပြီး၊ လူမှုရေး မီဒီယာနှင့် သတင်းဌာနများနှင့် ဆက်ဆံမှုကိုလည်း စတင်လာခဲ့သည်။ ကလေးစစ်သားများအား တပ်တွင်းမှ ထွက်ခွာစေခြင်းများ ဆက်လက် လုပ်ဆောင်လာခဲ့သော်လည်း လူသိထင်ရှား ထွက်ခွာစေခြင်းမှာ တစ်နှစ်တစ်ကြိမ် (သို့) နှစ်ကြိမ်ဖြင့် ကလေးငယ် ဒါဇင်အနည်းငယ်ကိုသာလျှင် သိသိသာသာလွှတ်ပေးခဲ့သည့် အနေအထားဖြစ်ခဲ့သည်။ တဖန် တပ်မတော်မှ ပြည်တွင်း လုံခြုံရေးတာဝန်များကို MPF သို့

84 Maung Aung Myo (2009), pp. 16–46.

85 Callahan (2012), pp. 127–128; ICG (2014), pp. 14–15.

86 Ibid.

87 This process began in 2003, when the SPDC announced a seven step roadmap for the emergence of a genuine and disciplined democratic system, but was largely viewed by the opposition and international community as a means to consolidate Than Shwe's grip on power. The international community largely changed its perspective after the Thein Sein government began initiating a range of liberalisation reforms in 2011.

88 Selth (2013b), pp. 23–24.

89 See reports by successive UN Special Rapporteurs on Human Rights in Myanmar here: http://ap.ohchr.org/documents/dpage_e.aspx?m=89

90 See Karen Human Rights Group (2013), "Civilian and Military order documents: November 2009 to July 2013", 17 October; available at: http://khrg.org/2013/10/civilian-and-military-order-documents-november-2009-july-2013. Also this progress was rewarded by the International Labour Organisation which lifted sanctions that had been tied to ongoing forced labour in 2013. See www.ilo.org/ilc/ILCSessions/102/media-centre/news/WCMS_216355/lang--en/index.htm

လွှဲပြောင်းပေးမှု အချို့ကို လုပ်ဆောင်လာပြီး ရဲတပ်ဖွဲ့မှာ အနောက်တိုင်းအင်အားကြီးနိုင်ငံများ နှင့် တရုတ်တို့ဘက်မှ ငွေကြေးနှင့် နည်းပညာပံ့ပိုးမှုများကိုလည်း ပိုမိုရရှိစေရန် ဖြစ်လာခဲ့သည်။

မည်သို့ပင်ဆိုစေ၊ တပ်မတော်၏ ပြုပြင်ပြောင်းလဲမှုများသည် ဒီမိုကရေစီ အဖွဲ့ချုပ် နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များမှ လိုလားသော အခြေခံကျပြီး ပြည့်စုံသည့် ပြောင်းလဲမှုများ အတွက် တပ်မတော်ကပြင်ဆင်နေသည်ဟု ညွှန်ပြနေခြင်းမဟုတ်သည်ကို ယခုအပိုင်းတွင် ဆွေးနွေး သွားပါမည်။ တပ်မတော်၏ ရပ်တည်ချက်နှင့် အစီအစဉ်မှာ ၎င်း၏ အင်အားနှင့် စွမ်းရည်ကိုသာ ပိုမိုတောင့်တင်း လာစေရန် တည်ဆောက်ဖို့ အဓိက အာရုံစိုက်ထားကြောင်း ပြသနေပြီး ၎င်း၏ ပင်မတန်ဖိုးများနှင့် တိုင်းပြည်အတွက် အမြော်အမြင်များမှ သွေဖီသွားမည်ဟု ယူဆရသည့် အကြီးစား လိုက်လျောပေးမှုများ လုပ်ဆောင်သွားရန်ကိုမူ ဆန့်ကျင်နေမည်ဖြစ်သည်။[91]

## တပ်မတော်၏ နိုင်ငံရေးမျှော်မှန်းချက်

တပ်မတော်ကလိုလားသည့် SSR လုပ်ငန်းစဉ် ပုံစံကိုနားလည်ရန်မှာ နိုင်ငံရေးတွင် တပ်မတော်၏ အခန်းကဏ္ဍအား တပ်မတော်က အဘယ်သို့ ရှုမြင်နေသည်ကိုလည်းကောင်း၊ ယင်းရှုမြင်ပုံက နိုင်ငံ၏ ကူးပြောင်းမှု အရပ်ရပ်အပေါ် မည်သို့ သက်ရောက်နေသည်ကို လည်းကောင်း ဦးဆုံးနားလည်သိရှိမှသာဖြစ်ပါမည်။ ၁၉၆၀ ပြည့်လွန်နှစ်များကထဲက တပ်မတော်က ကန့်ကွက် ပြောဆိုခဲ့သည်မှာ နိုင်ငံရေးရာများအား လူကြိုက်များသည့် ရွေးကောက်ခံ အရပ်သားများ လက်ထဲသို့ ဝကွက်အပ်လိုက် မည်ဆိုပါက နိုင်ငံသည် နိုင်ငံရေး ဂိုဏ်းဂဏကွဲမှုအောက် ကျရောက်သွားနိုင်ကာ၊ တော်လှန်မှုများမှ အကာအကွယ်မဲ့သွားနိုင်မည်၊ ထို့ပြင် အစိတ်စိတ်အမွှာမွှာ ဖြစ်သွားမည် ဟူ၍ဖြစ်ပါသည်။[92] NLD တောင်ပြိုကမ်းပြိုအနိုင်ရခဲ့သည် ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲ ကတည်းက၊ နိုင်ငံသည် တစ်ချိန်သောအခါတွင် ဒီမိုကရေစီအား ရရှိလိမ့်မည်ဖြစ်သော်လည်း နိုင်ငံမငြိမ်မသက်မှုအောက် မကျရောက်စေရန် ဆိုလျှင် တပ်မတော်၏ ထိန်းကျောင်းမှုဖြင့် ဖြည်းဖြည်းချင်း အစဉ်တကျ ပြုလုပ်သည့် လုပ်ငန်းစဉ်ပေါ်တွင် မူတည်နေကြောင်း တပ်မတော်က အစဉ်တစိုက်ပြောကြားခဲ့ပါသည်။

NLD က အာဏာမရယူမီ ရက်အနည်းငယ်အလို ၂၀၁၆ ခုနှစ် မတ်လတွင်း တပ်မတော်နေ့ မိန်းခွန်းတွင် ကာကွယ်ရေးဦးစီးချုပ် ဦးမင်းအောင်လှိုင်က "နိုင်ငံ၏ သမိုင်းစဉ်တစ်လျှောက်လုံး အကြပ်အတည်းရိုက်သည့်အခါများတွင် [ယခင်ကလည်း ဆောင်ရွက် ခဲ့သည်] နိုင်ငံရေးအား တပ်မတော်မှ ခေါင်းဆောင်မှုပေးရန် တာဝန်ရှိသည်" ဟု ပြောကြားခဲ့ပါသည်။ ဒွိဟမဖြစ်သော "Here to Stay" ခေါင်းကြီးစဉ်ဖြင့် ယင်းမိန်းခွန်းအား နိုင်ငံပိုင်သတင်းစာတွင် ဖော်ပြခဲ့ပါသည်။[93]

ယင်းပြောဆိုချက်သည် တာဝန်နှင့် စပ်လျဉ်း၍ စစ်မှန်သော ရှုထောင့်အား ကိုယ်စားပြုခြင်း ရှိမရှိ သို့မဟုတ် လက်ရှိ အာဏာနှင့် ပိုင်ဆိုင်ထားမှုများအား ခုခံကာကွယ်ပြောဆိုနေခြင်း ဟုတ်မဟုတ် ဆိုသည်မှာ ငြင်းခုံစရာအချက် တစ်ခုသာဖြစ်ပါသည်။ သို့ပါသော်လည်းယခု အနာဂတ်မျှော်မှန်းချက်နှင့် ပတ်သက်၍ တပ်မတော်က အလေးအနက်ထားကာ တစ်သမတ်တည်း ဖြစ်ခဲ့သည်မှာ ဆယ်စုနှစ် (၂) ခု ကြာညောင်းခဲ့ပြီ ဖြစ်ပါသည်။ မကြုံစဖူးဖြစ်သည့် ပြုပြင်ပြောင်းလဲရေးအား ၂၀၁၁ ခုနှစ်ကတည်း က တပ်မတော်က ကြီးကြပ်လုပ်ဆောင်ခဲ့သော်လည်း အရေးပါသည့် လုပ်ပိုင်ခွင့် အာဏာများအား ပြတ်သားစွာ အတိအလင်း ရယူထား ဆဲ ဖြစ်ကာ နိုင်ငံ၏ အချုပ်အချာအာဏာနှင့် တည်တံ့ခိုင်မြဲရေးအပေါ် စောင့်ရှောက်ပေးသူအဖြစ် မိမိကိုယ်မိမိ ရှုမြင်ထားပါသည်။ ၂၀၁၆ ခုနှစ် အစောပိုင်းတွင် ဖြန့်ဝေပေးခဲ့သည့် အင်္ဂလိပ်စာဖြင့် ရေးသားထားသော ကာကွယ်ရေး စက္ကူဖြူစာတမ်း (Defence White Paper) တွင် ၎င်း၏ ရပ်တည်ချက်အား အောက်ပါအတိုင်းဖော်ပြ သတ်မှတ်ထားပါသည်။

91 More below. See also Naypyitaw (2016).
92 Egreteau (2016).
93 Global New Light of Myanmar (2016), "Here to Stay", 27 March.

*As the Tatmadaw had formulated the prevailing conditions for emergence of the democracy system, it will continue holding the firm stance in implementing the national politics in accordance with the Constitution unswervingly from the current path.* (ဒီမိုကရေစီစနစ် ပေါ်ထွန်းနိုင်စေရေး တပ်မတော်မှ အခြေအနေအရပ်ရပ်ကို ချမှတ်ခဲ့သည့် အတိုင်း လက်ရှိလျှောက်လှမ်းနေသည့် လမ်းကြောင်းမှ မသွေဖီဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အညီ အမျိုးသားနိုင်ငံရေးကို အကောင်အထည်ဖော်ရာ၌ တပ်မတော်သည် မြဲမြံသော ရပ်တည်ချက်ကို ဆက်လက် ကိုင်စွဲသွားမည်ဖြစ်သည်။)[94]

နိုင်ငံ၏အမြင့်ဆုံးဥပဒေအဖြစ်တပ်မတော်ကတရားသေဆန်ဆန်ရှုမြင်ထားပြီးအရေးတကာ့ အရေးကြီးဆုံးအဖြစ် ကာကွယ်ပေးရမည့် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် တပ်မတော်၏ လက်ရှိ လုပ်ပိုင်ခွင့်အာဏာများနှင့် ယင်း၏ နိုင်ငံရေး အမြင်တို့အား လက်ရှိ တွင် တခမ်းတနား ဖော်ပြထားပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အများအားဖြင့် အရပ်ဘက်အုပ်ချုပ်မှုစနစ်ကို ပြဋ္ဌာန်းထားသော်လည်း စစ်တပ်မှာတော့ ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍများတွင် လုံးဝနီးပါး ကိုယ်ပိုင်လွတ်လပ်ခွင့်နှင့် နေ့စဉ် စီမံအုပ်ချုပ်ရေးအတွက် ခိုင်မာသော အခန်းကဏ္ဍများကို ရရယူထားပြီး တရားဥပဒေပြုရေးများတွင် ပါဝင်မှု နည်းပါးနေပါသည်။ တဖန် လွှတ်တော်တွင် ၂၅ ရာခိုင်နှုန်းသော အမတ်ထိုင်ခုံများကို အလိုအလျောက် ခွဲတမ်းရထားခြင်းဖြင့် စစ်တပ်မှာ ဖွဲ့စည်းပုံပြင်ဆင်မှု အများစုအတွက် ဗီတိုအာဏာကို ကိုင်စွဲထားသောကြောင့် မည်သည့် နိုင်ငံရေးလှုပ်ရှားမှုမှ နိုင်ငံရေးဖွဲ့စည်းမှုစနစ်ကို ပြောင်းလဲခြင်း (သို့) စစ်တပ်၏ အခွင့်အာဏာကို ရုပ်သိမ်းခြင်းများ မပြုနိုင်သည့် အနေအထား ဖြစ်လာခဲ့ပြီး တပ်မတော်၏ ခွင့်ပြုခြင်းမရှိပဲ မြန်မာ့ အုပ်ချုပ်ရေး သို့မဟုတ် နိုင်ငံရေးဆိုင်ရာ ဖွဲ့စည်းပုံများအား သိသာထင်ရှားသော ပြောင်းလဲမှုများ မလုပ်နိုင်သော အကျိုးဆက်များဖြစ်လာခဲ့ပါသည်။

အပ်နှင်းထားသည့် အကျိုးစီးပွားများအား ကာကွယ်ရန်သို့မဟုတ် နိုင်ငံအတွက် စစ်မှန်သော တာဝန်သိမှုအရလား မဆိုနိုင်ပဲ တပ်မတော်၏ လုပ်ပိုင်ခွင့်အား အကန့်အသတ် ဖြစ်နေသည့် အခြေအနေများ၌ပင် တပ်မတော်သည် ဖွဲ့စည်းပုံအခြေခံ ဥပဒေအား ကာကွယ်ရန် စိတ်ပိုင်းဖြတ်ထားကြောင်း တွေ့မြင်ရပါသည်။ အမှန်ဆိုရလျှင် ၁၉၆၀ ပြည့်လွန်နှစ်များကတည်းက စစ်အာဏာရှင် အဆက်ဆက်အောက်တွင် ကျရောက်နေခဲ့ရခြင်းနှင့် စာလျှင် ယခုသွားနေသည့်ပုံစံမှာ မတူကွဲပြားမှုများနှင့် ယှဉ်တွဲကာ နေထိုင်မှုပိုမို၍ ပါဝင်နေပါသည်။ အဓိကအားဖြင့် NLD အစိုးရ စတင်ဖွဲ့ စည်းလိုက်ကတည်းက တပ်မတော်သည် ၎င်း၏ ကိုယ်ပိုင်ရေးရာ ကိစ္စများတွင် ကိုယ်ပိုင်ဆုံးဖြတ်လုပ်ပိုင်ခွင့်အား ထိန်းသိမ်းထားသော်လည်း ၎င်းတို့သည် သမ္မတ၏ လက်အောက်ခံ ဖြစ်သည်ဟု ခံယူထားကြောင်း ကြိမ်ဖန်များစွာ ဖော်ပြခဲ့ပါသည်။ ဦးမင်းအောင်လှိုင်က အလေးပေးပြောသည်မှာ ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ သမ္မတသည် နိုင်ငံတော်အကြီးအကဲအဖြစ်နှင့် ကာကွယ်ရေးဦးစီးချုပ်ထက် ရာထူးအဆင့်အားဖြင့် မြင့်မားကြောင်း ပြောပါသည်။[95] ၂၀၁၆ ခုနှစ် မေလတွင် ပြည်တွင်း သတင်းသမားများအား ပြောဆိုရာတွင် ၎င်းတွင် ကာကွယ်ရေးဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးနှင့် နယ်စပ်ရေးရာဝန်ကြီးများအား အဆိုပြုခန့်အပ်ခွင့် ရှိသော်လည်း "ပြည်ထောင်စုဝန်ကြီးများသည် ၎င်းတို့၏ လုပ်ငန်းဆောင်တာများတွင် ၎င်းတို့သည် အစိုးရအား ကိုယ်စားပြုပြီး သမ္မတဦးဆောင်သည့် အစိုးရ၏ မူဝါဒအတိုင်း လိုက်နာ ဆောင်ရွက်ကြပါတယ်"။ ထို့အတွက်ကြောင့် "တပ်မတော်တွင် ၎င်းတို့အတွက် လိုက်နာဆောင်ရွက်ရန် မူဝါဒအားချမှတ်ပိုင်ခွင့်မရှိ" ဟူ၍ ဖြစ်ပါသည်။[96]

ကာကွယ်ရေးနှင့် ပတ်သက်၍ စစ်တပ်စစ်ဆင်ရေးများနှင့် ပတ်သက်သော အသေးစိတ် အတိအကျကို သမ္မတသို့ သတင်းပို့ရခြင်းမှ တပ်မတော်မှာ ကင်းလွတ်ခွင့်ရှိသော်ငြားလည်း

94 Naypyitaw (2015), p. 49.

95 See Myawady, "Excerpts from the meeting with local media that reflect the stance and actions of the Tatmadaw", 17 March 2016; available at: www.myawady.net.mm/en/headlines/item/2288-excerpts-from-the-meeting-with-local-media-that-reflect-the-stance-and-actions-of-the-tatmadaw

96 Ibid.

ဘတ်ဂျက်လုပ်ငန်းစဉ်မှာ ဥပမာအနေဖြင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တစ်ဆင့် သမ္မတထံအစီရင်ခံကာ နောက်ဆုံးတွင် လွှတ်တော်သို့ အစီရင်ခံရသည်ဟု ဦးမင်းအောင်လှိုင်မှ ထပ်မံရှင်းပြပါသည်။ တဖန် "လိုအပ်မယ်ဆိုရင် (သမ္မတမှ သဘာပတိဖြစ်နေတဲ့) အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီ (NDSC) ကနေ ဘယ်လို လုပ်မယ်၊ ဘာလုပ်မယ်ဆိုပြီး ခေါ်ယူပါတယ်။ ကျွန်တော်တို့က အစီရင်ခံရပါတယ်" ဟု သူကဆိုပါသည်။[97] ဆက်လက်ပြီး လွှတ်တော်ထဲတွင် တပ်မတော်မှ ၂၅ ရာခိုင်နှုန်း ရှိနေခြင်းသည် "အတိုက်အခံ" အနေဖြင့် မမြင်စေချင်ဘဲ၊ ယင်းတို့ ရှိနေခြင်းသည် "လုပ်သင့်၊ မလုပ်သင့် တာတွေ" တင်ပြရန်နှင့် "တရားဥပဒေနဲ့ မညီသော" အရာများကို "ဥပဒေအတိုင်း" ဖြစ်စေရန် အလို့ငှာ ရှိနေခြင်း ဖြစ်သည် ဟုပြောခဲ့ပါသည်။[98]

တပ်မတော်မှ ဤသို့လိုက်လျောမှုများမှာ စစ်တပ်အင်အားအပြင် နိုင်ငံတွင်းလုံခြုံရေးမှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကဏ္ဍအားလုံး ပြောင်းလဲရမှု အပေါ်တွင်လည်း မူတည်နေသည်ဆိုသည့် အချက်ကို သဘောပေါက်နားလည်နေပုံရပါသည်။ ၂၀၁၆ ခုနှစ် ကာကွယ်ရေး စက္ကူဖြူစာတမ်းမှ တိကျစွာ မှတ်ယူထားသည့်အချက်မှာ လုံခြုံရေးစိန်ခေါ်မှုများကို ကျော်လွှားရန် ပါတီစုံ နိုင်ငံရေး၊ နိုင်ငံတကာစီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးမှာ လွန်စွာအရေးကြီးသည် ဟူ၍ ဖြစ်သည်။[99] ၎င်း၏ ၂၀၁၆ ခုနှစ် တပ်မတော်နေ့ မိန့်ခွန်းတွင် ဦးမင်းအောင်လှိုင်မှ "နိုင်ငံတော်၏ အခြေခံလိုအပ်ချက်များဖြစ်သော တည်ငြိမ် အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုများရရှိ အောင်မြင်စေရန် လုပ်ဆောင်ရာတွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားလူမျိုးများအကြား ပူးပေါင်းဆောင်ရွက်ရန်" လိုအပ်မှုမှာ တပ်မတော်၏ ဦးစားပေးအချက် ၄ ခုထဲမှ တစ်ချက်ဖြစ်ကြောင်း ပြောကြားခဲ့သည်။[100]

ဤအဆင့်များမှာ ဒီမိုကရေစီ အုပ်ချုပ်ရေးစနစ် ဆက်လက်ဖွံ့ဖြိုးလာသည်နှင့် အမျှ နိုင်ငံရေးအာဏာမှ လုံးဝဆုတ်ခွာရန် ပဏာမ ခြေလှမ်းများအဖြစ် အကောင်းမြင်ကြည့်၍ ရကောင်းရနိုင်ပေသည်။ သို့သော် တပ်မတော်ရှုထောင့်မှ ကြည့်ပါက ဤ တိုးတက်မှုဆိုသည် နိုင်ငံရေးတွင် ၎င်းဆက်လက်ပါဝင်နေရန်နှင့် လုံခြုံရေးကိစ္စရပ်များတွင် အထိုက်အလျောက် ကိုယ်ပိုင် ထိန်းချုပ်ခွင့် ရှိထားခြင်းတို့အပေါ် မူတည်နေသည်ဟု မြင်ထားသည်။ အထူးသဖြင့် တပ်မတော်မှာ (ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်း စောင့်ရှောက်ကာအေးချမ်းတည်ငြိမ် မှုနှစ်ခုလုံးကို ထိန်းသိမ်းကာ) တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံတော်ကို လက်နက်ကိုင် သူပုန်ထမှုများမှ ကာကွယ်ရန် ၎င်းသည် အလွန်အရေးပါကြောင်း မြင်ထားပေသည်။ ၂၀၁၆ ခုနှစ် အာဇာနည်နေ့ မိန့်ခွန်းတွင် ဦးမင်းအောင်လှိုင် က "ဒီအတားအဆီးနှစ်ခုကို ကောင်းစွာ ကိုယ်တွယ်ပြီး ကျော်လွှားနိုင်မှသာလျှင် ဒီမိုကရေစီ လျှောက်လှမ်းရာ လမ်းမှာ တိုးတက်မှုရှိမှာ ဖြစ်တယ်"။[101] တစ်နည်းဆိုရသော် ဤနယ်ပယ်များရှိ တိုးတက်မှုနှင့် တပ်မတော်မှာ ကျေနပ်မှုမရမချင်း လက်ရှိ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပေးအပ်ထားသည့်ထက်လွန်၍ တန်ခိုးအာဏာကို အလျော့ပေးရန် ရည်ရွယ်ချက် မရှိပါပေ။

၂၀၁၅ ခုနှစ်၊ နိဝင်ဘာလတွင် ဝါရင့်တပ်မတော် ပညာရှင် Andrew Selth က နိုင်ငံရေးတွင် တပ်မတော်အခန်းကဏ္ဍနှင့် ပတ်သက်၍ တပ်မတော်၏အမြင်ကို အနှစ်ချုပ်ဖော်ပြခဲ့ပြီး အတွေးများ အမြင်မှားများကို ထောက်ပြခဲ့သည်။

*၂၀၁၁ ခုနှစ်တည်းက မကြာခဏမေးလာတဲ့ မေးခွန်းကတော့ "တပ်မတော်က ဘယ်တော့ တန်းလျားပြန်မှာလဲ?" ဖြစ်သည်။ ဤသည်မှာ မြန်မာနိုင်ငံတွင် စစ်မှန်သော ဒီမိုကရေစီနှင့်အရပ်သား*

97 These comments are from the same press conference but are published at Myawady (2016), "Questions and answers of the meeting between the Tatmadaw and Myanmar Media Council and local media", 15 May; available at: www.myawady.net.mm/en/headlines/item/2280-2016-05-15-21-50-42

98 See Myawady, "Excerpts from the meeting with local media that reflect the stance and actions of the Tatmadaw", 17 March 2016; available at: www.myawady.net.mm/en/headlines/item/2288-excerpts-from-the-meeting-with-local-media-that-reflect-the-stance-and-actions-of-the-tatmadaw

99 Naypyitaw (2016), pp. 19–20.

100 Global New Light of Myanmar (2016), "Here to Stay", 27 March.

101 Ibid.

*အစိုးရများစွာ လိုအပ်နေသည့်ဆန္ဒကို ရောင်ပြန်ဟပ် နေသော်လည်း အရေးကြီးအချက်နှင့်တော့ လွဲနေပေသည်။ တပ်မတော်မှာ စစ်ရေးတွင် နိုင်ငံရေးထက် ပိုအဓိကကျသော်လည်း မည်သည့် အခါမှ ၎င်းကိုယ်၎င်းစစ်ရေးနှင့်နိုင်ငံရေး ကဏ္ဍသက်သက်စီရှိသည်ဟု မမြင်ထားခဲ့ပေ။ တကယ်တမ်း ဆိုရလျှင် ၁၉၄၈ ခုနှစ်တွင် နိုင်ငံလွတ်လပ်ရေးကို ပြန်လည်ရရှိသည့်အချိန်မှစ၍ ပြည်တွင်း ပြည်ပရန်သူများကို နှိမ်နင်းပြီး တိုင်းပြည် ဖရိုဖရဲမဖြစ် အောင် ကယ်တင်ခဲ့သည်ဆိုသည့် စိတ်ကူးနှင့် ၎င်းမှာ ပြည့်လျှမ်းနေပေသည်။*[102]

## တပ်မတော်၏ စစ်ရေးအမြင်

တပ်မတော်မှာ ၂၀၁၂ ခုနှစ်ကတည်းက မျှော်လင့်ခဲ့သလို မူဝါဒအသစ်တစ်ရပ် ချမှတ်ဖို့ ရှိနေပါသေးသည်။ သို့သော် အထူးအသဖြင့် ကာကွယ်ရေးနှင့် လုံခြုံရေးကိစ္စရပ်များ ပါဝင်ပြီး တပ်မတော်၏ မဟာဗျူဟာမြောက် မျှော်မှန်းချက်များကို ဖော်ပြထားသော ကာကွယ်ရေး စက္ကူဖြူစာတမ်းအား ၂၀၁၆ ခုနှစ် အစောပိုင်းတွင် ဖြန့်ဝေခဲ့ပါသည်။ ဤစာတမ်းတွင် "အင်အား တောင့်တင်းပြီး၊ စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တစ်ရပ်တည် ဆောက်ရန်"[103]ဟူသည့် ၂၀၁၂ ခုနှစ် အစောပိုင်းက ကာကွယ်ရေး ဦးစီးချုပ်၏ ပြောကြားချက်များကို ထင်ဟပ်ထားသည့် တပ်မတော်၏ အဓိက ကာကွယ်ရေးတာဝန်ကို ဖော်ပြထားလေသည်။[104]

စက္ကူဖြူစာတမ်းတွင် ချမှတ်ထားသည့် မျှော်မှန်းချက်မှာ တပ်မတော်၏ စီးပွားရေးနှင့် စီမံအုပ်ချုပ်ရေးစွမ်းရည်တင်သာမက၊ တိုက်ခိုက်ရေး စွမ်းရည်၊ လက်နက်နည်းပညာများနှင့် အထွေထွေအင်အားကို မြှင့်တင်ဖို့ ပြတ်ပြတ်သားသား အလေးပေးထားပေ သည်။ လက်ရှိ မူဝါဒနှင့် ကိုက်ညီစွာပင် ၎င်းမှာ "နိုင်ငံ့မြေကို ကျူးကျော်ဝင်ရောက်လာသော မည်သည့်ကျူးကျော်သူကိုမဆို ဟန့်တားထိန်းချုပ်နိုင်ရန်၊ တွန်းလှန်သုတ်သင်နိုင်ရန်" "လူထုတစ်ရပ်လုံးပါဝင်သည့် … ပြည်သူ့စစ် မဟာဗျူဟာ"ကို မကြာခဏ ကိုးကားထားပါသည်။[105] တဖန် "အနာဂတ် နိုင်ငံတော်၏ အမျိုး သားနိုင်ငံရေးခေါင်းဆောင်မှုအခန်းကဏ္ဍတွင် ဝင်ဆန့်နိုင်စေဖို့ … စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေးနှင့် အုပ်ချုပ်ရေးအမြင်များ ကိန်းအောင်းနေသည့် အားကောင်းသော ကာကွယ်ရေးတပ်ဖွဲ့တစ်ခု လေ့ကျင့် ပျိုးထောင် ပေးရန်"လိုအပ်မှုများကို ဖော်ပြထားပါသည်။ [106]

ဤစက္ကူဖြူစာတမ်းတွင် တော်လှန်ပုံကန်မှု ချေမှုန်းရေး နည်းလမ်းများကို ပြောင်းလွဲကျင့်သုံးခြင်း၊တပ်ဖွဲ့အားပွင့်လင်းမြင်သာမှုရှိစေရန်၊လူထု၊တရားစီရင်ရေးနှင့်အစိုးရတို့အား တာဝန်ခံယူမှု/တာဝန်ခံမှုများ ပိုမိုအားကောင်းလာစေရန်၊ နှင့် တပ်ဖွဲ့များအား လုပ်ငန်းသဘော ကျွမ်းကျင် သူများဖြစ်အောင် လုပ်ရမည်ဆိုသော အချက်များအား ဖော်ပြထားခြင်းမရှိပေ။ တပ်ဖွဲ့များတွင် တိုင်းရင်းသားများ ဖွဲ့စည်းပါဝင်မှုနှင့် ၎င်းတို့၏ ခေါင်းဆောင်မှုပိုင်း ကိုယ်စားပြုနိုင်မှုကိုလည်း ဖော်ပြထားခြင်း မရှိပေ။ "လူ့အခွင့်အရေး" အသုံးအနှုန်းကိုလည်း ဤ (လူ့အခွင့်အရေး) နှင့် အခြား လစ်ဘရယ် အစီအစဉ်များအရ "အချို့အင်အားကြီး နိုင်ငံတွေက သေးငယ်တဲ့နိုင်ငံတွေရဲ့ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နေကြတယ်"ဟူသော သုံးသပ်ချက်နှင့် ဆက်စပ်၍သာ လူ့အခွင့်အရေးကို ဖော်ပြထားသည်။[107] တရားဥပဒေလေးစား လိုက်နာစေရေးတွင် ရဲတပ်ဖွဲ့နှင့် အခြားအဖွဲ့များ၏ အရေးပါမှုကို ဖော်ပြထားသော်လည်း ဤလုပ်ငန်းများအား အထောက်အကူပြုရန် တပ်မတော်သည် ဆက်လက်ပါဝင်ရမည်ဟူ၍ အထပ်ထပ်အခါခါ ညွှန်းဆိုထားလေသည်။

အများရှေ့တွင် တပ်မတော်သည် တပ်မတော် (ကြည်း) အား "အဆင့်မီစစ်တပ်"

102 Selth (2015b), p. 2.
103 Naypyitaw (2015), p. 18.
104 See Min Aung Hlaing's speech in Global New Light of Myanmar, 28 March 2012.
105 Naypyitaw (2015), pp. 18–19.
106 Ibid.
107 Naypyitaw (2015), p. 5.

တစ်ခုဖြစ်လာစေရန် တိုးမြှင့် ဆောင်ရွက်သွားမည်ဟု အခါခါပြောကြားခဲ့သော်လည်း ၎င်း၏ ဆိုလိုရင်းကို ရှင်းလင်းစွာ ချက်ချင်းမသိရပေ။ ဤအသုံးအနှုန်းကို အနည်းဆုံး ၂၀၁၄ ခုနှစ် ကတည်းက စတင်သုံးစွဲလာခဲ့ပြီး ရာထူးအဆင့်အားလုံး သင်တန်းပေးသည့် စံများကို တိုးမြှင့်ခြင်း၊ တစ်ခါတစ်ခါ လက်နက်နှင့် အခြားနည်းပညာများအား ခေတ်မီလာစေရန် လုပ်ဆောင်ခြင်းများနှင့် များစွာ ဆက်စပ်နေခဲ့သည်။[108] BBC နှင့် အင်တာဗျူးတစ်ခုတွင် ဦးမင်းအောင်လှိုင် က စစ်သည်များ၏ ချမ်းမြေ့သာယာမှုကို တိုးမြှင့်ခြင်း၊ သင်တန်းများ ပိုမိုကောင်းစွာ ပေးခြင်းအပြင် ဤသည်မှာ "ကျွမ်းကျင်ပြီး အင်အားပြည့်ဝသော တပ်တစ်ခု" ဖြစ်လာစေရန် "ကျွမ်းကျင်မှု" ရှိပြီး "ခေတ်မီသော" တပ်တစ်ခု တည်ဆောက်ရန် ရည်ရွယ်သည့် အစီအစဉ်ဖြစ်သည်ဟု ပြောကြားခဲ့သည်။[109] စစ်တပ်စွမ်းရည်ကို မြှင့်တင်ရန် အလေးပေး အာရုံစိုက် ထားသည့် ပုံစံရသော်လည်း တိုင်းရင်းသား ဝေဖန်ပြောဆိုသူတစ်ဦးမှ ၎င်းအား ပို၍ 'လူသားဆန်လာခြင်း'၊ 'ကျွမ်းကျင်ပညာရှင်ဆန်လာခြင်း' နှင့် အတူ ပြည်သူလူထု၏ ထိန်းကွပ်မှုအောက် ရောက်ရှိလာခြင်းအဖြစ် တူညီသော အဓိပ္ပါယ် ဖွင့်ဆိုမှု ပြုထားပါသည်။[110] သို့သော် ဤအဆင့်မီစစ်တပ် ဆိုလိုရင်းကိုတော့ တပ်မတော်မှ ညွှန်းဆိုပြသခြင်းများ မတွေ့ရပေ။

၎င်း၏ ခေတ်မီစေရေးအစီအစဉ်နှင့် အညီ တပ်မတော်မှာ ၎င်း၏ သံချပ်ကာယာဉ်များ သိုလှောင်စုစည်းမှုကို ထပ်မံဖြည့်စွက် ရင်း လေနှင့် ရေစွမ်းရည် မြှင့်တင်ခြင်းများ သိသိသာသာ တိုးမြှင့်လုပ်ဆောင်လာခဲ့သည်။ တဖန် တန်ပြန်တော်လှန်ပုံကန်မှု ချေမှုန်းရာတွင် ပုံမှန် အသုံးပြုသည့် ၎င်း၏ အမြောက်တပ်များကိုလည်း ပိုမိုအားကောင်းစေရန် အထူးစိတ်ဝင်စားမှု ပြသလာခဲ့သည်။[111] တရုတ်၊ ရုရှား၊ အိန္ဒိယနှင့် (ဖြစ်နိုင်ခြေ) မြောက်ကိုရီးယားတို့မှ ဝယ်ယူမှု အများအပြား လုပ်ဆောင်နေစဉ် မကြာသေးမီက စစ်အသုံးအဆောင်များအား လေ့လာရန် ကာကွယ်ရေး ဦးစီးချုပ်သည် အစ္စရေးနှင့် ဂျာမနီနိုင်ငံများသို့ သွားရောက်ခဲ့သည်။ တဖန် စစ်တပ်မှာ ပြည်ထောင်စု ဘတ်ဂျက် ၁၃.၃၄ ရာခိုင်နှုန်းဖြစ်သည့် ၎င်းအတွက် အမြင့်မားဆုံးဘတ်ဂျက်ကို ၂၀၁၅-၁၆ ခုနှစ်တွင် ရရှိခဲ့ပြီး NLD အာဏာရလာသည့် အချိန်မှစ၍ လွှတ်တော်မှ ထပ်မံ အတည်ပြုခဲ့သည်။ မြန်မာကျပ်ငွေ ၂.၇၅ ထရီလီယန်ရှိသည့် ဤ ဘတ်ဂျက် ခွဲတမ်း၏ ၅၁.၅ ရာခိုင်နှုန်းမှာ လစာနှင့် ထောက်ပံ့စရိတ်များအတွက် သတ်မှတ်ထားပြီး ၂၉ ရာခိုင်နှုန်းမှာ "ယာဉ်များ၊ စစ်သင်္ဘော များ၊ သံချပ်ကာ ကားများနှင့် လက်နက်ကြီးများ" ဝယ်ယူရန်ဖြစ်သည်။[112]

အစိုးရပေါ် ဝန်ထုပ်ဝန်ပိုး သက်သာစေရန် "အခြေခံအားဖြင့် ဝန်ထမ်းများ၏ လူမှုစီးပွား လိုအပ်ချက်များနှင့် ၎င်းတို့၏ လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းရန် ကိုယ့်အားကိုယ်ကိုး နည်းလမ်းများကို ဆောင်ရွက်နေကြောင်း" ဆိုထားသည်ကို ကြည့်ပါက မြန်မာ့စီးပွားရေးနှင့် ၎င်း၏ များစွာသော စီးပွားရေးလုပ်ငန်းကိစ္စရပ်များတွင် ဆက်လက်ပါဝင်နေခြင်းမှာ ခိုင်လုံ မှန်ကန်မှု ရှိကြောင်း ရည်ညွှန်းပုံရပေသည်။[113] ဤစက္ကူဖြူစာတမ်းက "နိုင်ငံတော်လုံခြုံရေး တိုးတက်လာပြီး စီးပွားရေးဖွံ့ဖြိုးလာတဲ့ အခါ ကာကွယ်ရေး အသုံးစရိတ်ကို လျှော့ချသွားမည်ဟု" ဖြည့်စွက်ထားပါသည်။[114]

ထိုအချိန်တွင် တပ်မတော်မှာ ၎င်း၏ အရေးရာကိစ္စများတွင် နိုင်ငံတကာစွက်ဖက်မှုကို စွဲမြဲစွာဆန့်ကျင်ထားလေသည်။ စစ်တပ်မှ ရေးဆွဲခဲ့သော ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ

108 For articles on the Tatmadaw's news website using the term dating back to 2014, see the following list of search results: www.myawady.net.mm/en/component/search/?searchword=standard%20army&searchphrase=exact&Itemid=470

109 Myawady (2015), "The Interview with Commander in Chief of Defence Services Senior General Min Aung Hlaing and BBC News Agency", 20 July; available at: www.myawady.net.mm/en/headlines/item/1906-2015-07-20-14-10-15

110 Sai Wansai (2016), "Extra-judicial killings in Shan State: Military's rare guilt admission signalling a change of heart?", S.H.A.N., 23 July; available at: http://english.panglong.org/2016/07/23/extra-judicial-killings-in-shan-state-militarys-rare-guilt-admission-signalling-a-change-of-heart/

111 Selth (2015a), pp. 7–8. Naypyitaw (2015), pp. 40–43.

112 Quote and note on updated budget, in Htoo Thant and Thin Lynn Aung (2016), "Few Alterations to 2016 Budget in Amended Draft", Myanmar Times, 27 July; available at: www.mmtimes.com/index.php/national-news/nay-pyi-taw/21584-few-alterations-to-2016-budget-in-amended-draft.html. Note, this article gives the figure of 1.2 trillion, but states that this is unchanged from the previous budget. Meanwhile the linked article on the original budget gives the figure of 2.75 trillion, as provided in Naypyitaw (2016), p. 43. The 1.2 trillion figure appears to be a typo.

113 Naypyitaw (2015), p. 43.

114 Ibid.

"မည်သည့် နိုင်ငံတကာတပ်မျှ ပြည်ထောင်စုနယ်မြေအတွင်း တပ်ဖြန့်ကျက်ရန် ခွင့်မပြုပေ" ဟူသည့် ရပ်တည်ချက်ကို ဆက်လက်ဆုပ်ကိုင်ထားသည်။[115] တဖန်နိုင်ငံ၏ ကြာရှည်လေးမြင့်စွာကျင့်သုံးခဲ့သည့် "ဘက်မလိုက်ရေး" မူဝါဒကိုလည်း ဆက်လက် ကိုင်စွဲထားပြီး ၎င်းမှာ လက်ရှိအခြေအနေတွင်တော့ တရုတ်၊ ရုရှား နှင့် ကောင်းစွာ တည်ဆောက်ထားသည့် စစ်တပ်ဆက်ဆံရေးနှင် လက်ရှိတည်ဆောက်ဆဲ ဖြစ်သော အနောက်နိုင်ငံများနှင့် ဆက်ဆံရေးအား ချိန်ညှိနေသည်ဟု ယူဆရသည်။[116] တဖန် ၎င်းမှမည်သူနှင့် မဆို စစ်မဟာမိတ်ဖွဲ့ခြင်းမှ "တားမြစ်"[117] မည်ဖြစ်သော်လည်း "နောင်ကြိုးမပါရှိပါက" နိုင်ငံခြား အကူအညီကို လက်ခံမည်ဖြစ်သည်။[118] "ပြည်ထောင်စုသည် မည်သည့် နိုင်ငံကိုမျှ ကျူးကျော်မှုစတင်မည်မဟုတ်" ဟုဆိုကာ တော်တော်လေး တစ်သီးတစ်သန့် နေမည်ဆိုသော ရပ်တည်ချက်ကိုလည်း ဖွဲ့စည်းပုံ ကတိကဝတ်တွင် ထင်ဟပ်ထားသည်။[119]

သို့သော် တပ်မတော်မှာ ၎င်းနှင့် ကြာရှည်တွဲလာခဲ့သည့် မိတ်ဖက်များနှင့် ဆက်ဆံရေးဆက်လက် တည်ဆောက် ထားသည်။ ထူးခြားသည်မှာ ၂၀၁၆ ခုနှစ် ဇွန်လတွင် ရုရှားနှင့် စစ်ရေးပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်ကို လက်မှတ်ရေးထိုး ခဲ့ပြီး နောက်ပိုင်းတွင် NLD အများစုဖြစ်သည့် လွှတ်တော်မှ ခွင့်ပြုခဲ့သည်။ ဤအပေးအယူတွင် "နိုင်ငံတကာ လုံခြုံရေး ပြဿနာ များအပေါ် သတင်းအချက်အလက် ဖလှယ်ခြင်း၊ အကြမ်းဖက်မှု နှိမ်နင်းခြင်း၊ ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ခြင်း၊ စစ်သည်များနှင့် ၎င်းတို့ မိသားစုများ အပန်းဖြေခရီးထွက်ခြင်းနှင့် ငြိမ်းချမ်းရေး ထိန်းသိမ်းမှုလုပ်ငန်းများတွင် အတွေ့အကြုံဖလှယ်ခြင်းများ ပါဝင်သည်။"[120] ဦးမင်းအောင်လှိုင် မှ "ရုရှားနဲ့ စစ်ရေးပူးပေါင်းဆောင်ရွက်မှုရှိလို့ မြန်မာ့တပ်မတော်ဟာ ခေတ်မီပြီး စွမ်းဆောင်ရည် ပြည့်ဝတဲ့ တပ်မတော်ဖြစ်ဖို့ အခွင့်အလမ်းတွေ ပိုရသွားပါပြီ"ဟု ပြောဆိုခဲ့သည်။[121]

နိုင်ငံတကာ မိတ်ဖက်များနှင့် တပ်မတော်၏ ဆက်ဆံရေး အားကောင်းသလို၊ စုစုပေါင်း ဘတ်ဂျက်အချိုး နည်းလာသော်လည်း ၂၀၁၉ ခုနှစ်လောက်တွင် အမေရိကန် ဒေါ်လာ ၂.၈ ဘီလီယံသို့ ရောက်ရှိရန် ခန့်မှန်းထားသည့်[122] အမြဲတိုးလာ နေသည့် ဘတ်ဂျက်ရရှိနိုင်မှု တို့ကြောင့် ၎င်း၏ ခေတ်မီစေရေး အစီအစဉ်ကို အကောင်အထည် ဖော်ရန် တပ်မတော်မှာ တတ်စွမ်းနိုင်ကြောင်း ပြသနေပေသည်။ လုံးဝပြောင်းလဲနိုင်မည့် ပြောင်းလဲမှုမျိုးကို SSR လုပ်ငန်းစဉ်ဆောင်ရွက်မှုများမှတစ်ဆင့် လုပ်ဆောင်၍ရသည်ဟု မျှော်လင့်ထားသည့် အတိုက်အခံများနှင့် နိုင်ငံတကာ လေ့လာသူများ နှစ်ဖက်စလုံးအတွက် တပ်မတော်သည် သိသာ ထင်ရှားသော နိုင်ငံတကာ အားပေးသူနှင့် ၎င်း၏ ပစ္စုပ္ပန်နှင့် အနာဂတ် အခန်းကဏ္ဍအတွက် ပြတ်သားသည့် အမြော်အမြင်နှင့်အတူ ကောင်းစွာ စွဲမြဲတည်တံ့နေသည့် အဖွဲ့အစည်းဖြစ်သည်ကို နားလည်သဘောပေါက်ရန် လွန်စွာ အရေးကြီးပေသည်။ တပ်မတော်သည် အဓိက SSR လုပ်ငန်းစဉ်များအပေါ်တွင် စိတ်ဝင်စားမှုနည်းပါးသည်ကို တွေ့ရပြီး၊ အနောက်တိုင်း စံနှုန်းများနှင့်ကိုက်ညီစေရေး ၎င်း၏ အခန်းကဏ္ဍနှင့် ဖွဲ့စည်းပုံစနစ်ကို ပြောင်းလဲရန် ထင်ရှားစွာ မျှော်မှန်း၍ စီစဉ်ရေးဆွဲထားသော နိုင်ငံတကာအဖွဲ့များ၏ လုပ်ငန်းအစီအစဉ်များအပေါ် ယုံကြည်မှုအာနည်းလျက်ရှိပါသည်။

115 2008 Constitution, Article 42. B. Naypyitaw (2016), p. 16.
116 Naypyitaw (2016), pp. 1–2.
117 Ibid., p. 17.
118 Ibid., p. 16.
119 2008 Constitution, Article 42. A.
120 TASS (2016), "Russia and Myanmar sign agreement on military cooperation", 16 June; available at: http://tass.ru/en/defense/882419
121 Myawady (2016), "Questions and answers of the meeting between the Tatmadaw and Myanmar Media Council and local media", 15 May; available at: www.myawady.net.mm/en/headlines/item/2280-2016-05-15-21-50-42
122 Selth (2015a), p. 11.

## တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဆက်ဆံရေး၊ လူမျိုးရေးတို့ အပေါ်တပ်မတော်၏ အမြင်များ

EAOs များ၏ အနာဂတ်အခန်းကဏ္ဍ အမြော်အမြင်အပေါ် ကာကွယ်ရေးစက္ကူဖြူ စာတမ်းသည် လုံခြုံရေးကဏ္ဍ ပေါင်းစည်းမှု (သို့) အလားတူ လုပ်ငန်းစဉ်နှင့် ပတ်သက်၍ ထင်ရှားစွာ ရည်ညွှန်းကိုးကားမှု မရှိပေ။ ဆွေးနွေးခဲ့သည့်အတိုင်း ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွင်း ၎င်းမှာ အခြေအတင် ဆွေးနွေးငြင်းခုံဖွယ် အကြောင်းအရာ တစ်ခုဖြစ်ခဲ့သော်ငြားလည်း တပ်မတော်မှ လက်ခံခဲ့ပုံရသည့် SSR နှင့် DDR ပေါင်းစည်းမှု ပါဝင်ကောင်းပါဝင်နိုင်သည့် လုံခြုံရေး ပေါင်းစည်းမှုသဘောတွင်တော့ ယာယီ အများ သဘောတူညီမှု ရရှိခဲ့သည်။

အသုံးအနှုန်းအခေါ်အဝေါ်ပိုင်းတွင် လိုက်လျောရမှု တစ်ချို့ရှိသော်လည်း တပ်မတော် အနေဖြင့် လုံခြုံရေးပေါင်းစည်းမှု လုပ်ငန်းစဉ်ကို မြင်ထားသည့်ပုံစံမှာ ၎င်းအနေဖြင့် သိသိသာသာ ပြောင်းလဲခြင်းမပြုဘဲ EAO အဖွဲ့များကို တပ်မတော်၏ ကွပ်ကဲမှု အောက်သို့ မဖြစ်မနေပါဝင်အောင် လုပ်ဆောင်ခြင်းဖြစ်သည်ဟု မြင်ထားသည်မှာ ထင်ရှားသည်။ တပ်မတော်မှာ ၎င်း၏ ကိုယ်ပိုင် စီးပွားရေးလုပ်ငန်းများနှင့်အစိုးရနှင့်နိုင်ငံတကာမိတ်ဖက်များမှအရင်းအမြစ်များသိသိသာသာရရှိကာ နက်ရှိုင်းစွာ အမြစ်တွယ် နေသည့် အဖွဲ့အစည်း ယဉ်ကျေးမှုတစ်ရပ်ရှိထားသော၊ အမှန်တကယ်ပင် ကြီးမားပြီး ကောင်းစွာ ဖွံ့ဖြိုးနေသည့် ဌာနအဖွဲ့အစည်း တစ်ခုဖြစ်သည်။ ထို့ကြောင့် ၎င်း၏ ဖွဲ့စည်းပုံနှင့် ယဉ်ကျေးမှုတစ်ခုလုံးကို သိသိသာသာ ပြန်လည်ပြောင်းလဲယူရန် အကြောင်းရင်း တစ်ခု အနေဖြင့် ယခင် EAOs တိုက်ခိုက်ရေးသမား သောင်းပေါင်းများစွာနှင့် ပေါင်းစည်းပေးရန်မဖြစ်နိုင်ပေ။

"တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ အနေနဲ့ ပြည်ထောင်စုကို ကာကွယ်ရန် တပ်မတော်နဲ့ လာရောက်ပူးပေါင်းမည့် ဆန္ဒရှိတယ်ဆိုရင်တော့ ကြိုဆိုပါတယ်။" ဟု ၂၀၁၆ ခုနှစ် ဇန်နဝါရီလ UPC ပထမနေ့တွင် ရိုးရှင်းစွာဖြင့် ဦးမင်းအောင်လှိုင် ပြောကြားခဲ့သည်။[123]သို့သော် "အဲဒါက တူညီဝတ်စုံဝတ်ပြီး နိုင်ငံရေးမလုပ်တဲ့ စစ်တပ်တစ်ခုတည်းရှိတာကို ဆိုလိုတာလား၊ ယူနီဖောင်း အမျိုးမျိုးဝတ်ပြီး အရေးကြီးမှသာ စည်းလုံးကြမယ်ဆိုတဲ့ စစ်တပ်တစ်ခုကို ဆိုလိုတာလား ဆိုတာ မသဲကွဲဘူး၊ ပူးပေါင်းဆောင်ရွက်ဖို့ အသေးစိတ် ဆွေးနွေးဖို့ လိုပါမယ်" ဟု ချင်းအမျိုးသားတပ်ဦး CNF မှပါဝင်သူတစ်ဦးမှ ပြောဆိုခဲ့သည်။[124]

လုံခြုံရေးပေါင်းစည်းမှုလုပ်ငန်းစဉ်မှာမည်သည့်ပုံစံဖြစ်မည်ဆိုသည်ကိုအများသိတပ်မတော် မူဝါဒအစား EAO အဖွဲ့များမှာ တရားဥပဒေ လေးစားလိုက်နာစေရေး တာဝန်များကို ယူခြင်း (သို့) အရန်စစ်တပ်များဖြစ်လာစေဖို့ တပ်မတော်အနေဖြင့် ရှုမြင်ထားသည့် အထွေထွေလက္ခဏာများ ရှိနေပေသည်။ ကာကွယ်ရေး စက္ကူဖြူစာတမ်းတွင် တပ်မတော်၏ လုံခြုံရေး ရည်မှန်း ချက်များ ပြည့်မီရန် လက်ရှိ ပြည်သူ့စစ်များကို ထပ်တလဲလဲ ရည်ညွှန်းကိုးကားခြင်းနှင့် ဖြစ်ရပ်တစ်ခုတွင် BGFs ကိုပါ ရည်ညွှန်းကာ ၎င်းတို့၏ အရေးပါမှုကို မှတ်သားဖော်ပြထားလေသည်။ အရေးပါသည့် "အရန်လိုအပ်ချက်များ"[125] တွင်ပါဝင်သည့်အတိုင်း PMFs ကို ရည်ညွှန်းပုံရသော "ကောင်းစွာ ဖွဲ့စည်းလေ့ကျင့်ထားသည့် ပြည်သူ့စစ်အဖွဲ့များ" ကို စာရင်းပြုစုထားခြင်းသည် တပ်မတော်၏ ပင်မ ရည်မှန်းချက်များအတွက် အရေးကြီးပါသည်။[126] အထူးသဖြင့် တပ်မတော်နှင့် အစိုးရတို့၏ အထက်အောက် အုပ်ချုပ်မှုပုံစံဖြင့် သိပ်ပြီးထိရောက်မှုမရှိသည့် ဝေးလံသောဒေသများတွင် နိုင်ငံတော်ထိန်းချုပ်ရေး လုပ်ဆောင်ရာတွင် တရားဝင် မဟုတ်သော်လည်း အာဏာပိုင်ဖြစ်နေသည့် BGFs များမှာ "ဒေသကြီးစိုး လွှမ်းမိုးမှု" ရည်မှန်းချက်များ[127] အတွက် သော့ချက်ကျကြောင်း မှတ်သားဖော်ပြထားသည်။

123 Soe Than Lyann (2016), "Ethnic armed groups 'welcome' to join military, says Min Aung Hlaing", Frontier Myanmar, 12 January; available at: http://frontiermyanmar.net/en/news/ethnic-armed-groups-welcome-join-military-min-aung-hlaing

124 Lun Min Mang and Pyae Thet Phyo (2016), "Conflicting calls mark peace conference", The Myanmar Times, 13 January; available at: www.mmtimes.com/index.php/national-news/nay-pyi-taw/18440-conflicting-calls-mark-peace-conference.html

125 Naypyitaw (2016), p. 30.

126 Ibid., p. 18.

127 Ibid., p. 33.

အပစ်ရပ် EAO အဖွဲ့များနှင့် ၎င်း၏ ပူးပေါင်းဆောင်ရွက်မှုကို ရည်ညွှန်း ကိုးကားပုံရသည့် အနေဖြင့် ဤစက္ကူဖြူ စာတမ်းတွင် တပ်မတော်သည် "အစိုးရအုပ်ချုပ်မှုစနစ်များ မရောက်ရှိနိုင်သည့် ဝေးလံခေါင်ပါးသော ဒေသများတွင် တရားဥပဒေ လေးစားလိုက်နာစေရေး ဒေသန္တရ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုရှိသည်" ဟုလည်း အတိအလင်းဖော်ပြထားသည်။ "နိုင်ငံတစ်နိုင်ငံသည် တည်ငြိမ်အေးချမ်းမှု ရှိမှသာ တိုးတက်မည်" ဟုဖော်ပြကာ ထိုသို့သော ပူးပေါင်းဆောင်ရွက်မှု ရှိဖို့လိုအပ်ကြောင်း ခိုင်လုံစွာ ပြောဆိုထားသည်။[128] ဤသည်မှာ ဗဟိုမှ စေလွှတ်ပြီး ဒေသန္တရတိုင်းရင်းသားလူမျိုးမဟုတ်သူများနှင့် ဖွဲ့စည်းထားသည့် တပ်ဖွဲ့များထက် ဒေသတွင်းရှိ တပ်ဖွဲ့များမှာ ပိုမိုထိရောက်မှုရှိသည်ဟူသော အသိအမှတ်ပြုထားမှုပေါ် အခြေခံကာ ဒေသအဆင့်ရှိ EAOs များအတွက်ပိုမိုမြဲမြံပြီးတရားဝင် လုပ်ပိုင်ခွင့်ပေးထားသည့် အခန်းကဏ္ဍများရရန် အခြေခံ ဖြစ်ပေသည်။

အချုပ်ဆိုရသော် တပ်မတော်အနေဖြင့် ၎င်း၏ ပုံမှန်တပ်ဖွဲ့များနှင့် မတူဘဲ တိုင်းရင်းသားတပ်ဖွဲ့များမှာ နိုင်ငံတော် နှင့် ပူးပေါင်း ဆောင်ရွက်မှုရှိသည်ကို အသိအမှတ်ပြုထားသော်ငြားလည်း အထူးသဖြင့် ၎င်း၏ တပ်ဖွဲ့များ ထိန်းချုပ်ရ ခက်ခဲနေသည့် နေရာများတွင် ၎င်း၏လက်ရှိလုံခြုံရေးရည်မှန်းချက်များပြည့်မီဖို့ဤတိုင်းရင်းသားတပ်ဖွဲ့များကိုအရန်တပ်များအဖြစ် မည်သို့ အသုံးပြုနိုင်မည်နည်းကိုသာ အဓိက အာရုံစိုက်နေဆဲဖြစ်သည်။ ဤအချက်များပေါ် အခြေခံ၍ တပ်မတော်မှာ တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များအား အရန်အင်အားစုများ အဖြစ်သော်လည်းကောင်း၊ ပိုမို၍တရားဝင်ဖြစ်သော တရားဥပဒေလေးစား လိုက်နာစေရေး အဖွဲ့များ (ဆိုလိုသည်မှာ ရဲတပ်ဖွဲ့တစ်မျိုးမျိုး) အနေဖြင့်သော်လည်းကောင်း စနစ်တကျ တပ်ဖြန့်သုံးစွဲမှု ရှိကောင်း ရှိလာနိုင်ပေသည်။

## NLD ၏ အနာဂတ်မျှော်မှန်းချက်- "ဒီမိုကရေစီ အခြေခံမှုများအား ကာကွယ်စောင့်ရှောက်ပြီး အများက ဂုဏ်ယူလေးစားရသော တပ်မတော်"

မြန်မာ့လုံခြုံရေးကဏ္ဍအတွက် NLD ၏ အမြော်အမြင်သည် ၎င်းပါတီ၏ ခေါင်းဆောင် ဖြစ်သော ဒေါ်အောင်ဆန်းစုကြည်၏ အမြင်များဖြင့် များစွာ ပုံဖော်ထားခြင်း ဖြစ်သည်။ ၎င်း၏ ဖခင်သည် ၁၉၄၅ ခုနှစ်တွင် တပ်မတော်အား တည်ထောင်ခဲ့သူဖြစ်ပါသည်။ ဤအကြောင်းရင်း ကြောင့်ပင် ဒေါ်အောင်ဆန်းစုကြည်မှာ တပ်မတော်အပေါ် သူမ၏ ပါတီမှာ "မြင့်မားသော လေးစားမှု" နှင့် သူမကိုယ်တိုင်ပင် "ပုဂ္ဂိုလ်ရေးသံယောဇဉ်" ရှိကြောင်းယခင်တည်းက ပြောဆိုလာခဲ့သည်။[129] တဖန် NLD တွင်းရှိအဖွဲ့ဝင်များတွင် သိသာထူးခြားဆုံးမှာ ၁၉၇၆ ခုနှစ်တွင် ရာထူးမှ မဖယ်ရှားမီ ဦးနေဝင်း လက်အောက်တွင် တာဝန်ထမ်းဆောင်ခဲ့သော ယခင်ကာကွယ်ရေးဝန်ကြီးနှင့် ကာကွယ်ရေး ဦးစီးချုပ်တစ်ဖြစ်လဲ NLD ပူးတွဲတည်ထောင်သူ ဦးတင်ဦးကဲ့သို့သော တပ်မတော် တပ်မှူးဟောင်းများစွာ ပါဝင်နေ ပါသည်။ ဤအကြောင်းရင်းများကြောင့် NLD မှာ အထူးသဖြင့် တပ်မတော်တပ်တွင်းမှပင် ထူးထူးခြားခြား အသံတိတ်ထောက်ခံမှု ရှိထားကြောင်း ပြောဆိုမှုများရှိလာခဲ့သည်။

သို့သော်ငြားလည်း NLD မှာ အဆုံးစွန်တွင် နိုင်ငံရေးစွန့်လွှတ်၍ အရပ်ဘက်ထိန်းချုပ်မှု အောက်သို့ကျရောက်လာစေဖို့ တပ်မတော်ကို ပြုပြင်ပြောင်းလဲမှုလုပ်ရန် လိုအပ်မှုပေါ်တွင် ၎င်း၏နိုင်ငံရေး စကြာကို ဆောက်လုပ်ထားခဲ့သည်။ ၁၉၈၈ ခုနှစ် လူထုစုဝေး ချီတက်မှုများအတွင်း တပ်မတော်ဆိုသည် "ပြည်သူလူထုမှ ဂုဏ်ယူလေးစားမှုရှိရမည့် တပ်ဖွဲ့ကဲ့သို့ ဖြစ်သင့်ပြီး ထိုသို့မဟုတ်ဘဲ လူထုမှ တပ်မတော်အား မုန်းတီးလာခဲ့မည်ဆိုပါက ဤတပ်မတော်ကိုဖွဲ့စည်း တည်ဆောက်ခဲ့သည့် ရည်ရွယ်ချက်များမှာ အချီးနှီးပင်ဖြစ်ပေတော့မည်"ဟု ဒေါ်အောင်ဆန်း စုကြည်မှ ဆိုခဲ့သည်။[130]

128 Ibid., p. 54.
129 Selth (2001b), p. 4. The quotes come from Aung San Suu Kyi in 1998.
130 Ibid., p. 4.

ပြည်သူလူထု၏ ကြည်ညိုလေးစားမှုကို တပ်မတော်အနေဖြင့် ရရှိနိုင်ရန်မှာ ဒီမိုကရေစီ အုပ်ချုပ်မှုအောက်သို့ ဝင်ရောက်မှုအပေါ် မူတည်နေကြောင်း ဒေါ်အောင်ဆန်းစုကြည်မှအကြိမ်များစွာ ဖော်ပြထားပြီးလည်း ဖြစ်ပါသည်။[131] ၁၉၉၉ခုနှစ်တွင် NLD ကာကွယ်ရေး ကော်မတီမှ မူဝါဒ တစ်စောင်ထုတ်ပြန်ခဲ့ပြီး ယင်းတွင် "ဒီမိုကရေစီစနစ် ကျင့်သုံးရာတွင် နိုင်ငံတော်၏ တန်ခိုး အာဏာမှာ တရားစီရင်ရေး၊ အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးစသည့် မဏ္ဍိုင် ၃ ရပ်ပေါ်တွင်မူတည်နေကြောင်း၊ တပ်မတော်နှင့် ၎င်း၏ ကာကွယ်ရေးစနစ်တစ်ခုလုံးမှာ အုပ်ချုပ်ရေးအောက်တွင် ရှိကြောင်း" ဖော်ပြထားခဲ့သည်။[132] တဖန် ကာကွယ်ရေးဦးစီးချုပ်ရာထူးမှာ ဝန်ကြီးနေရာကဲ့သို့ နိုင်ငံရေးရာထူး ဖြစ်သင့်ပြီး သတ်မှတ်ကာလတစ်ခုရှိရမည်ဖြစ်သည် ဟုဖော်ပြခဲ့သည်။[133]

မြန်မာနိုင်ငံလုံခြုံရေးကဏ္ဍ အတွက် လက်ရှိ NLD ၏ အမြင်မှာ ၎င်း၏ ၂၀၁၅ခုနှစ် ရွေးကောက်ပွဲမူဝါဒ ကြေညာစာတမ်းတွင် တိကျစွာ အကျဉ်းချုပ်ဖော်ပြထားပြီး ၎င်းမှာ အောက်ပါ အတိုင်း တိုင်းပြည်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် လုပ်ဆောင်သွားမည်ဖြစ်သည်-

၁။ တပ်မတော်မှာ နိုင်ငံတော်အတွက် မရှိမဖြစ်လိုအပ်သည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်။ တပ်မတော်မှာ ဒီမိုကရေစီ မူဝါဒများကို စောင့်ရှောက်ကာကွယ်၍ အားလုံးက လေးစားသည့် အဖွဲ့အစည်းဖြစ်ရမည်။

၂။ နိုင်ငံတော်ကို ကာကွယ်ဖို့ နိုင်ငံ၏ ပထဝီနိုင်ငံရေးအခြေအနေပေါ်တွင် မူတည်သော မဟာဗျူဟာနှင့် အညီ ပိုမိုကောင်းမွန်သော နည်းပညာ၊ တိုက်ခိုက်မှုစွမ်းရည်၊ ခေတ်မီစံနှုန်းများနှင့် အညီတပ်မတော်ကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်မည်ဖြစ်သည်။

၃။ တပ်မတော်နှင့် နိုင်ငံတော်ကာကွယ်ရေး အဖွဲ့အစည်းများမှာ အုပ်ချုပ်ရေးကဏ္ဍ၏ အောက်ကို ရောက်ရှိလာစေရန် ဆောင်ရွက်ခြင်း

၄။ ပြည်သူလူထုမှ ယုံကြည်လေးစား၍ အားထားရသော တပ်မတော် ဖြစ်လာစေရေး ဆောင်ရွက်ရန်

၅။ ရဲတပ်ဖွဲ့မှာ ဥပဒေနှင့် အညီ၊ တရားဥပဒေစိုးမိုးမှု အောက်တွင် ၎င်း၏ တာဝန်ဝတ္တရားများကို ဆောင်ရွက်နိုင်ရန် အတွက် လွတ်လပ်သော အဖွဲ့အစည်းအဖြစ် ပြောင်းလဲရန်

၆။ ၎င်း၏ တာဝန်ဝတ္တရားများ ပြည့်မီအောင်ဆောင်ရွက်နိုင်ဖို့ နိုင်ငံတကာစံနှုန်းများနှင့် အညီ ရဲတပ်ဖွဲ့အား ဖွံ့ဖြိုးတိုးတက် လာစေဖို့ ဆောင်ရွက်ရန်[134]

ထူးခြားသည်မှာ ဤမူဝါဒကြေညာစာတမ်းမှာ နိုင်ငံတော်အတွက် တပ်မတော်၏ အရေးပါမှုဖြင့် စတင်ကာ စစ်စွမ်းရည် မြှင့်တင်ပေးရန်လည်း လိုအပ်ကြောင်း အလေးပေးဖော်ပြထားသည်။ ဤနိစ်ချက်ကို ကြည့်ခြင်းအားဖြင့် တပ်မတော်မှ ကာကွယ်ရေး ရည်မှန်းချက်များနှင့် အညီ ခေတ်မီတိုးတက်အောင် ဆောင်ရွက်သည့် အစီအစဉ်အား ဆက်လက်လုပ်ဆောင်ဖို့ NLD မှာ ထောက်ခံကြောင်း တပ်မတော်ကို အာမခံသည့် အပြုအမူပုံစံ သက်ရောက်ပေသည်။ ၎င်းနောက်တွင် တပ်မတော်မှာ အုပ်ချုပ်ရေး အောက်တွင် ရှိသင့်ကြောင်း၊ ဤသည်ကို ဖော်ပြရာတွင် ငြိမ်းချောက်ပုံရသည့် ယတိပြတ်ဆောင်ရွက်သွားမည်ဟု ကတိပေးခြင်း ထက် "ဆောင်ရွက်သွားရန်" ဖြစ်သည် ဟူ၍ဖော်ပြထားခဲ့သည်။ သို့သော် ဤစကားအဓိပ္ပာယ်လျှင်ပင် တပ်မတော်မှာ "ပြည်သူ လူထု၏ ယုံကြည်လေးစားမှုနှင့် အားထားရမှု" မရှိသေးဘဲ ၎င်းမှာ နိုင်ငံတော်ကာကွယ် ယုံတင်မဟုတ်ဘဲ ပြည်သူလူထု၏ လိုအပ်ချက်များကိုပါ တုံ့ပြန်ရမည် ဟူသော သွယ်ဝိုက်၍ အသိအမှတ်ပြုထားသည့် သဘောလည်း သက်ရောက်ပေသည်။ အရေးကြီးသည်မှာ ဤမူဝါဒ ကြေညာစာတမ်းမှာ ရဲတပ်ဖွဲ့အား စစ်တပ်မှ ထိန်းချုပ်မှုမှ ခွဲထုတ်၍ နိုင်ငံတကာစံနှုန်းများနှင့် အညီ ဖြစ်လာစေရန် လုပ်ဆောင်သင့်သည်ဟုဆိုကာ ရဲတပ်ဖွဲ့အတွက် တိကျသေချာသော ရည်မှန်းချက် များကိုချမှတ်ထားပေသည်။

131 Selth (2001b), p. 6.

132 CRPP (1999), p. 92. This quote is referred to in the document as from a previous NLD policy statement called "Political Goals and Intent of the NLD".

133 Ibid. Also see Selth (2001b), pp. 8–9 for a concise summary of the committee's key findings and recommendations.

134 NLD (2015), pp. 7–8.

၂၀၁၅ NLD မူဝါဒကြေညာစာတမ်းနှင့် နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်မှ မကြာသေးမီက ပြောဆိုခဲ့မှုများကို ကြည့်ပါက အစဉ်အလာလုံခြုံရေးခြိမ်းခြောက်မှုများကို ကျော်လွန်သွားသော နိုင်ငံ့လုံခြုံရေးအတွက် ကျယ်ပြန့်သောအမြင်ကို ပြသညွှန်းဆိုခဲ့ပြီး လူသားလုံခြုံရေး သဘောတရားကို အလေးပေးဖော်ပြထားပေသည်။ "တစ်ခုတည်းသော တကယ့် လွတ်မြောက်မှု မှာ အကြောက်တရားမှ လွတ်မြောက်မှု" ဖြစ်သည်ဟူသော မကြာခဏ ကိုးကားခဲ့ရသည့် ဒေါ်အောင်ဆန်းစုကြည်၏ ရပ်တည်ချက် နှင့် အညီ ဖြစ်သည့်ပုံပေါက်သော NLD ၏ ဤမူဝါဒကြေညာစာတမ်းမှာ "ပြည်သူလူထုအား တရားမျှတစွာ ကာကွယ်ပေးနိုင်ပြီး အားလုံးအတွက် လုံခြုံရေးနှင့် လွတ်လပ်ခွင့်ကို သေချာအောင် ဆောင်ရွက်နိုင်သော အုပ်ချုပ်မှုစနစ်တရပ် ပေါ်ထွန်းစေဖို့" လိုအပ်ကြောင်း အလေးပေး ဖော်ပြထားပေသည်။[135] လုံခြုံရေးဆိုသည်မှာ "အခြေခံလူ့အခွင့်အရေးများနှင့် ဒီမိုကရေစီ စံနှုန်းများနှင့် အညီ (နှင့်) တိုင်းရင်းသား အခွင့်အရေးများကို အာမခံပေး၍ဖက်ဒရယ် ဒီမိုကရက်တစ်ပြည်ထောင်စု တည်ထောင်ရန်" အတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေအား ပြင်ဆင်မွမ်းမံမှုပေါ်တွင် မူတည်ကြောင်း အတိအကျ ဖော်ပြထားသည်။[136] သူမ၏ နှစ်သစ်ကူး မိန့်ခွန်းတွင် ဒေါ်အောင်ဆန်းစုကြည်မှ " တရားဥပဒေစိုးမိုးရေး အနစ်သာရမှာ ပြည်သူလူထုကို ကာကွယ်ရန်၊ စိတ်ပိုင်းရုပ်ပိုင်း လုံခြုံမှုပေးရန်"[137] နှင့် "တရားစီရင်မှုကို စီမံအုပ်ချုပ်ရာတွင် ဘက်မလိုက်ဘဲ မျှတမှုရှိကာ နိုင်ငံတကာ လက်ခံထားသော စံနှုန်းများနှင့် အညီ ဖြစ်ရမည် "ဟု မြွက်ဆိုခဲ့သည်။

ဤကျယ်ပြန့်သော အမြင်နှင့်မူဝါဒကြေညာစာတမ်းတွင် ချမှတ်ခဲ့သော တိကျသော ရည်မှန်းချက်များမှာအဆုံးစွန်တွင်စစ်တပ်နှင့်ရဲတပ်ဖွဲ့အားနိုင်ငံတကာ၊အထူးသဖြင့်အနောက်တိုင်း၊ စံချိန်စံနှုန်းများနှင့် အညီ ရွေးကောက်ခံ အရပ်ဘက်အစိုးရ ထိန်းချုပ်မှုအောက်သို့ ခေါ်သွင်းရန် NLD မှ ရည်မှန်းထားကြောင်း ဖော်ပြနေပေသည်။ ဤအမြင်မှာ တပ်မတော်၏ အမြင်နှင့် သဘောကွဲလွဲမှု ရှိကောင်းရှိနိုင်သော်လည်း NLD မှ တပ်မတော်၏ တိုက်ခိုက်ရေး နည်းလမ်း၊ နည်းပညာနှင့် အခြားအဓိက စစ်ရေး စွမ်းဆောင်ရည်တို့အား ခေတ်မီအောင် ဆောင်ရွက်ရာတွင် တူညီသော အမြင်ရှိပေသည်။ (NLD ရွေးကောက်ပွဲ မူဝါဒကြေညာ စာတမ်း အထက်ပါ ထုတ်နှုတ်ထားမှုမှ အချက် ၂ ကို ကြည့်ပါ။)

NLD မှာ ၎င်းရှု့မြင်ထားသော လုံခြုံရေးဖွဲ့စည်းပုံစနစ်များတွင် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများနှင့် လက်ရှိ ပြည်သူ့စစ် အဖွဲ့အစည်းများအပေါ် ၎င်း၏ လူသိထင်ကြား ရပ်တည်ချက်ကို ဖော်ပြထားခြင်းမရှိပေ။ ၂၀၁၃ ခုနှစ် နှောင်းပိုင်းတွင် ဒေါ်အောင်ဆန်းစုကြည်မှာ EAOs အများစု၏ ပင်မ ရည်မှန်းချက်ဖြစ်သည့် ဖက်ဒရယ်တပ်မတော် သဘောကို လက်ခံကြောင်း အသံကောင်းဟစ်ခဲ့သည်။ EAOs ညွန့်ပေါင်းအဖွဲ့တစ်ခုနှင့် တွေ့ဆုံရာတွင် "ဖယ်ဒရယ် နိုင်ငံတော်ရှိရမယ် ဆိုရင်ဖက်ဒရယ် တပ်မတော် ရှိရမယ်"ဟု မြွက်ဟခဲ့သည်။[138] သို့သော် ဤကိုးကားမှုကိုကျော်လွန်၍ ဤကဲ့သို့သော တပ်ဖွဲ့အား ဖွဲ့စည်းတည်ထောင် ပုံနှင့်ပတ်သက်၍ သူမနှင့် သူမပါတီမှ မည်သို့ရှုမြင်ထားသည်နှင့် ပတ်သက်၍ ပြောဆိုမှု သိပ်မရှိခဲ့ပေ။ သိသာထူးခြားသည်မှာ မူလ တပ်မတော်ကို ဖွဲ့စည်းမှုရာတွင် တပ်ရင်းအတန်းအစားများ (လူမျိုးဖြင့် ခွဲခြားထားသော တပ်ဖွဲ့များ) ဖွဲ့စည်းဖို့ လိုအပ်ကြောင်း အခိုင်အမာ ပြောကြားခဲ့ဖူးသည်မှာ သူမ၏ ဖခင်ပင်ဖြစ်သည်။ သို့သော် ဤသို့ လုပ်ဆောင်ရန်အတွက် ယခင်တိုင်းရင်းသား ရန်သူများ နှင့် တပ်ဖွဲ့အဆင့်တွင် ပေါင်းစည်းဖို့ ငြင်းပယ်ခဲ့သည့် သူ့ကိုယ်ပိုင်တပ်များမှ တပ်မှူးများ၏ ဆန္ဒအပေါ်တွင် အဓိက မူတည်နေခဲ့ပုံ ရသည်။ သို့သော် ဒေါ်အောင်ဆန်းစုကြည်မှာ ဤပြဿနာကို တူညီသော ပုံစံဖြင့် ရှုမြင်ထားပုံတော့မရှိပေ။

135 Ibid., p. 7.

136 Ibid., p. 6.

137 Global New Light of Myanmar (2016), "Ammendment Essential: State Counsellor offers New Year Message", 17 April; available at: http://globalnewlightofmyanmar.com/amendment-essential/

138 www.mmtimes.com/index.php/national-news/8918-unfc-daw-suu-agree-on-federal-army-plan.html

## EAOs များ၏ အနာဂတ်မျှော်မှန်းချက် – "ဖက်ဒရယ် တပ်မတော်"

EAO အဖွဲ့များမှာ ၎င်းတို့၏ မျှော်မှန်းချက်၊ ဖွဲ့စည်းပုံစနစ်၊ အရွယ်အစား၊ အင်အားများတွင် များစွာ ကွဲပြားခြားနားမှု ရှိသည့် အတွက် မြန်မာ့လုံခြုံရေးကဏ္ဍအတွက် စုပေါင်းအမြင်ကို ရရှိရန် ခက်ခဲပေသည်။ မကြာသေးမီက ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ပါဝင်ခဲ့သော အဓိက EAO အဖွဲ့များအတွင်း "လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ အခြေခံမူဝါဒများ" အပေါ် သဘောတူညီရာတွင် အခက်အခဲများ ရှိခဲ့ခြင်းကြောင့် ၂၀၁၆ ခုနှစ်၊ ဇူလိုင်လတွင် EAOs ထိပ်သီးအစည်းအဝေးကို ထပ်မံတိုးချဲ့ လုပ်ဆောင်ခဲ့ရသည်။ သို့သော် ဖြေရှင်း၍မရသည့်ပြဿနာများ ကျန်ရှိနေဆဲဖြစ်သည်။[139] တဖန် SSR နှင့် ပတ်သက်၍ ရပ်တည်ချက်ကို မသိရှိရသေးသည့် အင်အားအကြီးဆုံးနှင့် အကောင်းဆုံး လက်နက်တပ်ဆင်ထားသည့် EAO ဖြစ်သည့် UWSP မှာ ဤထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ခြင်း မရှိခဲ့ပေ။[140]

နှစ်ပေါင်းများစွာကတည်းက များစွာသောဖက်ဒရယ် ထောက်ခံသည့် EAO အဖွဲ့များမှ အဓိက တောင်းဆိုထားသည်မှာ နိုင်ငံတွင် တိုင်းရင်းသား လူမျိုးအားလုံးကို မျှတစွာ ကိုယ်စားပြုသော တပ်မတော်တစ်ခုအဖြစ် ကျယ်ပြန့်စွာ စိတ်ကူးဖော်ဆောင် ထားသော ဖက်ဒရယ် ပြည်ထောင်စုတပ်မတော်[141] ဖွဲ့စည်းပေးရန်ပင် ဖြစ်သည်။ ဤသည်မှာ နိုင်ငံတော်လုံခြုံရေး ဖွဲ့စည်းပုံ တစ်စိတ် တစ်ပိုင်းအနေဖြင့် တပ်များအား ပိုမို၍ တရားဝင်ဖွဲ့စည်း တည်ဆောက်ဖို့ နှစ်ပေါင်းများစွာ အလေးပေး ဖော်ပြခဲ့သည့်ဖက်ဒရယ် လိုလားသော EAO အဖွဲ့များ ပြောဆိုချက်များ၏ နောက်ဆက်တွဲပင် ဖြစ်သည်။ ၎င်းမှာ လွတ်လပ်ရေး မတိုင်ခင် ဆွေးနွေးညှိနှိုင်းမှုများအတွင်း ဖွဲ့စည်းခဲ့သည့် တပ်မတော်တွင် တိုင်းရင်းသားလူမျိုး အခြေခံတပ်ရင်း အတန်းအစားကို ပြန်လည် အမှတ်ရစေပြန်သည်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ထွန်းစေခဲ့သည့် မြန်မာအမျိုးသားညီလာခံ ပိတ်ပွဲလုပ်ခဲ့သည့် ၂၀၀၇ ခုနှစ်တွင် KIO မှ အဲ့ဒီအချိန် ပြီးစီးလုနီးပါးဖြစ်နေသည့် စာသားအားဖြင့် ၅ မျက်နှာပါသည့် အဆိုပြုပြင်ဆင်ချက်များကို တင်သွင်းခဲ့သည်။ ၎င်းတို့ ထဲတွင် ပြည်နယ်အစိုးရ ကွပ်ကဲမှုအောက်တွင် ရှိသော်လည်း အမျိုးသားတပ်မတော်အတွင်းမှ အပစ်အခတ်ရပ်စဲထားသော အဖွဲ့ အစည်း အဖွဲ့ဝင်များနှင့် အခြားသော နိုင်ငံသားများနှင့် ဖွဲ့စည်းထားသော ကိုယ်ပိုင် ကာကွယ်ရေးတပ်ဖွဲ့များ ပြည်နယ်တိုင်းတွင် ရှိရန် တောင်းဆိုချက်များလည်း ပါဝင်သည်။ ဤအဆိုပြုချက်မှာ BGF ဖွဲ့စည်းရန် တောင်းဆိုမှုများကို တုန့်ပြန်သည့် အနေဖြင့် ကချင်ဒေသ ကာကွယ်ရေးတပ်ကို ဖွဲ့စည်းရန် KIO ၏ နောက်ပိုင်း အဆိုပြုချက်နှင့် နီးစပ်စွာ ကိုက်ညီမှုရှိသည်ကို တွေ့ရသည်။ ၎င်းမှ ပြည်နယ်များမှာ ၎င်းတို့ကိုယ်ပိုင် ရဲတပ်ဖွဲ့များ ရှိရမည်ဖြစ်ပြီး "ပြည်ထောင်စုတိုင်းရင်းသားများ အားလုံးကို လုံလောက်စွာ ကိုယ်စား ပြုရမည်" ဖြစ်သည်ဟု ထပ်မံ အကြံပြုခဲ့သည်။[142] ဤအဆိုပြုချက်များကို စစ်အစိုးရမှ လုံးဝပယ်ချခဲ့ပြီး ထိုသို့လုပ်ပါက KIO နှင့် ပဋိပက္ခကိုပြန်လည် စတင်မည်ဟု ထိုအချိန်က ခြိမ်းခြောက်ခဲ့သည်။[143]

ထိုအတောအတွင်း KNU မှ ဦးဆောင်ကာ အမျိုးသားညီလာခံတွင်လည်း မပါဝင်၊ SLORC/ SPDC ခေတ်တွင် အပစ်အခတ် ရပ်စဲရေးလည်း အများစုမလုပ်ဆောင်ခဲ့သည့် ဖက်ဒရယ်လိုလားသော အခြား EAOs မဟာမိတ်အဖွဲ့မှာ ၎င်းတို့ကိုယ်ပိုင် တခြားသော ဖက်ဒရယ်ဖွဲ့စည်းပုံကို ရေးဆွဲဖို့ ပြည်ပရောက် နိုင်ငံရေးအဖွဲ့အစည်းများနှင့် ပယ်ဖျက်ခြင်းခံရသည့် ၁၉၉၀ ရွေးကောက်ပွဲမှ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။ ဤမူကြမ်းများ

139 These efforts were made at the Mai Ja Yang Summit in July 2016, where NCA signatories and non-signatories shared policy papers on a range of issues, including the security sector. One day before finishing, there remained ten issues on that topic that required further discussion. See Lun Min Man (2016), "Mai Ja Yang summit extended as ethnic armed groups discuss defence, security", 29 July, The Myanmar Times; available at: www.mmtimes.com/index.php/national-news/21607-structure-of-federal-union-debated-on-second-day-of-mai-ja-yang-summit.html

140 At a Summit with other EAOs hosted by the UWSP in early 2016, the organisation signed a joint document committing in principle to the formation of a federal union, a view which the EAO had rarely espoused before. However the statement said nothing about the security sector.

141 EAOs have used various version of the term in the English language, sometimes just 'federal', and sometimes army rather than armed forces.

142 KIO (2007).

143 Sakhong (2010), p. 128.

ရေးဆွဲရာတွင် ပါဝင်ခဲ့ကြသည့် တိုင်းရင်းသားခေါင်းဆောင်များမှာ Dr. Lian Sakhong၊ ခွန်ဉက္ကာ၊ ထူးထူးလေး နှင့် NGO ခေါင်းဆောင် Harn Yawngwhe တို့ကဲ့သို့ သော ယခုငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် တက်ကြွစွာပါဝင်နေကြသော သူတစ်ချို့ပင်ဖြစ်သည်။

ဤနောက်တစ်နည်း အဆိုပြုထားသော ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ဖက်ဒရယ်ရဲတပ်ဖွဲ့နှင့် ဖက်ဒရယ်တပ်မတော်ကို ထောက်ခံ တင်ပြထားပြီး ဖက်ဒရယ်တပ်မတော်မှာ ပြည်နယ်အားလုံး အချိုးညီကိုယ်စားပြုသော ကော်မတီတစ်ခုဖြင့် ဖွဲ့စည်းရမည်ဖြစ်ပြီး သမ္မတ၏ ကွပ်ကဲမှု အောက်တွင် ထားရှိမည်ဖြစ်သည်။[144, 145] ပြည်နယ်များကို ကြီးမားသော ဗမာပြည်နယ်တစ်ခု အပါအဝင် ၎င်းတို့၏ တိုင်းရင်းသားပါဝင်ဖွဲ့စည်းမှုကိုလိုက်၍ ပြန်လည်ပြောင်းလဲမည်ဖြစ်ပြီး တပ်ဖွဲ့အားလုံးမှာ ပြည်နယ်တစ်ခုစီမှ အချိုးကျ ပုံစံဖြင့် ဗိုလ်လောင်းများကို လက်ခံရမည် ဖြစ်သည့် အတွက် တပ်ဖွဲ့အားလုံးမှာ လူမျိုး၊ ဘာသာတရား၊ ကျားမနှင့် အရာရှိ အကာယ်ဒမီများကို လိုက်၍ ခွဲခြားဆက်ဆံမှုကို တားမြစ်သွားမည်ဖြစ်သည်။ ဤဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းတွင် ရဲတပ်ဖွဲ့ဖြစ်ပါက ပြည်နယ်အသီးသီးရှိ လူဦးရေ၏ ၀.၂ ရာခိုင်နှုန်း ထက်မပိုသော ဝန်ထမ်းခွဲတမ်းနှင့် ပြည်နယ်လုံခြုံရေး တပ်ဖွဲ့များ ဖြစ်ပါက ပြည်နယ်အသီးသီးလူဦးရေ၏ ၀.၁ ရာနှုန်းထက် မပိုသော ဝန်ထမ်းခွဲတမ်းများကို တင်ပြ ထားသည်။[146] ဤဖွဲ့စည်းပုံမူကြမ်းတွင် ဤလုံခြုံရေးတပ်ဖွဲ့များအား မည်သို့ဖွဲ့စည်းမည်နှင့် လက်ရှိတပ်မတော်၊ ရဲတပ်ဖွဲ့၊ အရန်စစ်များနှင့် EAOs များမှာ မည်သို့ ဖြစ်လာမည်ဆိုသည်ကိုတော့ ဖော်ပြထားခြင်းမရှိပေ။ သို့သော် ဤမူကြမ်းအားလုပ်ဆောင်ခဲ့သည့်တိုင်းရင်းသားခေါင်းဆောင်များ၏ နောက်ခံအခြေအနေအရ အချို့သော တိုင်းရင်းသား ခေါင်းဆောင်များမှာ တပ်မတော်နှင့် ပေါင်းစည်းလိုက်ခြင်းမှာ အသွင်ကူးပြောင်းလာသော တရားစီရင်ရေးလုပ်ငန်းစဉ်ဆောင်ရွက်မှုပေါ် အားထားနေရ ကြောင်း ယူဆထားသော်လည်း ၎င်းတို့ ရည်ရွယ်ချက်မှာတော့ လက်ရှိတပ်ဖွဲ့များကို အတိုင်းအတာ တစ်ခုထိ ပေါင်းစည်းပေးရန် နည်းလမ်းရှာခြင်း ဖြစ်သည်ဟု ယူဆရပေသည်။

၂၀၁၃ ခုနှစ်နှောင်းပိုင်းတွင် လိုင်ဇာ၌ EAO ၁၇ ဖွဲ့အား KIO မှ လက်ခံတွေ့ဆုံကာဖက်ဒရယ်ပြည်ထောင်စု တပ်မတော် (Federal Union Army-FUA) ကို အခြေခံမူအရ ဖွဲ့စည်းဖို့ တိုက်တွန်းသည့် သဘောတူညီမှု တစ်ရပ်ပါသည့် ဘုံရပ်တည်မှု ဖော်ပြချက်တစ်စောင်ကို ထုတ်လုပ်ခဲ့သည်။[147] ထိုအချိန်မှစ၍ ဤသဘောတရားမှာ ဗဟိုတောင်းဆိုမှု ဖြစ်လာခဲ့ပြီး အချို့သော EAOs ညွန့်ပေါင်းအဖွဲ့မှာ FUA အမှတ်တံဆိပ်ကို ဝတ်ဆင်၍ တပ်မတော်ကို ပူးတွဲစစ်ဆင်ရေးများပင် စတင်လုပ်ဆောင်လာခဲ့သည်။[148]EAO အဖွဲ့များမှာ ထိုသို့သော စစ်တပ်မျိုး မည်သို့ ဖွဲ့စည်းရမည်နှင့် ပတ်သက်၍ တိကျသော အမြင်မှာ ထင်ရှားပြတ်သားမှု မရှိသေးသည်ကို ၎င်းတို့မှ ဝန်ခံထားသော်လည်း တန်ဖိုးအချို့ပေါ်တွင်တော့ အခြေခံထားပေသည်။ KIO ခေါင်းဆောင် ဗိုလ်ချုပ်ဂွမ်မော် ထံမှ များစွာသော ဝေဖန်ပြောကြားချက်များတွင် ၎င်းတန်ဖိုးများကို ဖော်ပြထားလေသည် -

*တိုင်းရင်းသားလက်နက်ကိုင်များ ကိုယ်တိုင်က တိကျတဲ့ မူဝါဒမရှိသေးတဲ့အတွက် (အဲ့ဒီတပ်မတော်ဟာ မည်သို့မည်ပုံ ပေါက်တယ်ဆိုတာ အစိုးရနဲ့) မဆွေးနွေးရသေးပါဘူး၊ ဒါပေမဲ့ ကျွန်တော်တို့ စိတ်ထဲမှာ စံပြတပ်မတော်ဆိုတာ ခွဲခြားဆက်ဆံမှုမရှိ ဘဲ ညီတူညီမျှပုံစံနဲ့ တိုင်းရင်းသားအားလုံးနဲ့ ဖွဲ့စည်းထားရမည်ဖြစ်ပြီး အရည်အချင်း/လုပ်ရည်ကိုင်ရည်ပေါ် ကြည့်ပြီး ရာထူးတိုးပေး တဲ့စနစ်ကို ကျင့်သုံးရမှာဖြစ်ပါတယ်။ လုပ်ငန်းသဘော ကျွမ်းကျင်တဲ့ စစ်တပ်တစ်ခုရဲ့*

144 FCDCC (2008), Article 156.e. The police force is provided for in Article 166. It should be noted that this was based on other provisions that would replace the current states and regions to create a single 'Bama State' and Tenasserim (Tanintharyi) and Irrawaddy (Ayeryawady) Nationalities' states, in addition to the existing states. FCDCC (2008), Article 49a.

145 FCDCC (2008), Article 113e. The president would be commander-in-chief. The police would also be under civilian administration. See Article 166b.

146 FCDCC (2008), Article 54.

147 See 'The Laiza Agreement'; available at: www.burmalibrary.org/docs16/BCES-BP-19-Laiza-en-red.pdf

148 The FUA was formed primarily by members of the United Nationalities Federal Council, but also has included troops from the DKBA and the KNU's secondary defence wing, the Karen National Defense Organisation (KNDO) and has northern and southern divisions. The northern division has been most active, which comprises forces of the SSPP / SSA forces, Ta'ang National Liberation Army (TNLA), MNDAA, Arakan Army and possibly the KIO.

*အဓိကတာဝန်တွေကို ထမ်းဆောင်တဲ့ စစ်တပ် တစ်ခုဖြစ်ရပါမယ်။ လက်ရှိစစ်တပ်ကိုတော့ ကျွန်တော် အပြစ်မတင်ပါဘူး။ လက်ရှိစစ်တပ်ကို ဖြိုခွဲပစ်ရမယ်လို့လည်း မဆိုလိုပါဘူး။ ဘယ်လို ပိုကောင်းအောင် လုပ်လို့ရမလဲဆိုတာ ဆွေးနွေးချင်တာကို ဆိုလိုတာပါ။*[149]

(…)

*တပ်မတော်ရဲ့ အခန်းကဏ္ဍဟာ အရေးကြီးပါတယ်။ မြန်မာ့လွတ်လပ်ရေးတိုက်ပွဲနဲ့ စတင်ခဲ့တဲ့သူရဲ့ သမိုင်းကိုလည်း ဖျက်လို့ မရနိုင်ဘူး။ အနာဂတ် ဖက်ဒရယ်တပ်မတော်ရဲ့ ဖွဲ့စည်းပုံစနစ်ဆိုတာ လက်ရှိတစ်ခုနဲ့ ကွာခြားမှာပါ။ ဒီလိုဆိုလိုက်လို့ လက်ရှိ တပ်မတော်ကို ဖျက်ဆီးပြီး အသစ်တစ်ခုနဲ့ အစားထိုးတာမျိုးလည်း ဆိုလိုတာမဟုတ်ပါဘူး။ အဓိကအချက်ဟာ ဘယ်လို ပြောင်းလဲ ပြီး အဲ့ဒီထဲမှာ ဘယ်လိုပါဝင်နိုင်မလဲဆိုတဲ့အချက်ပါ။*[150]

၂၀၁၆ ခုနှစ် ဇူလိုင်လတွင် ကျင်းပခဲ့သည့် ထိပ်သီးအစည်းအဝေးတွင် အချက်အားလုံးပေါ် သဘောတူညီရန် ပျက်ကွက်ခဲ့ သော်လည်း အနာဂတ်တပ်မတော်မှာ အရပ်ဘက်အစိုးရ ထိန်းချုပ်မှုအောက်တွင် ခိုင်ခိုင်မာမာရှိ၍ သမ္မတမှာ ကာကွယ်ရေးဦးစီးချုပ် ရာထူးယူကာ ကာကွယ်ရေးဝန်ကြီးဌာနအောက်တွင် ရှိသင့်သည်ဆိုသည့် အချက်ကို EAO ၁၇ ဖွဲ့စလုံး သဘောတူညီခဲ့ကြ သည်။[151] အရေးပါသည်မှာ ဤရပ်တည်ချက်ကို NLD အစိုးရ၏ အမြင်များနှင့် ချိန်ညှိမှုရှိသော်လည်း အချို့သော EAOs များ အတွင်း လက်ရှိ ရှိနေသော တန်ခိုးအာဏာ အဆင့်ဆင့်နှင့်တော့ ဆန့်ကျင်နေပေသည်။ ဤထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ သော ဝေဖန်ပြောကြားသူ တစ်ဦးမှ အဆိုပြုထားသော အထွေထွေရပ်တည်ချက်တွေက ခွဲတမ်းစနစ်အပြင် ပြည်နယ်အဆင့်လုံခြုံရေး တပ်ဖွဲ့ကို ဆက်လက် အာရုံစိုက်သွားမှာ ဖြစ်ပြီး ၎င်းမှာ လက်ရှိတပ် မတော်ထက်ဖက်ဒရယ်ပြည်ထောင်စုအဆင့် တပ်မတော်မှာ ပိုမို ပြီးတော့ ကိုယ်စားပြုနိုင်တာကို သေချာစေဖို့ ဖြစ်တယ်ဟု ဆိုခဲ့သည်။[152]

လက်ရှိ EAOs ခုနစ်ဖွဲ့ကို ကိုယ်စားပြုထားပြီး KIO မှ ဦးဆောင်နေသော ညီညွတ်သော တိုင်းရင်းသားလူမျိုးများကောင်စီ UNFC မှာ ၎င်းတို့ပိုင် ကာကွယ်ရေးနှင့် လုံခြုံရေးမူဝါဒရေးရာ စာတမ်းများကို ၂၀၁၆ ဩဂုတ်လတွင် ၂၁ ရာစုပင်လုံညီလာခံတွင် တင်ပြရန် ဆက်လက် ရေးဆွဲခဲ့သည်။[153] ဤမူဝါဒများမှာ ပြည်ထောင်စု၊ ပြည်နယ်ရဲတပ်ဖွဲ့များနှင့် သီးခြားစီလည်းဖြစ်၊ ပြည်ထောင်စု စစ်တပ်နှင့် ပြည်နယ်စစ်တပ်မှာ သက်သက်စီဖြင့် ဖွဲ့စည်းထားသောဖက်ဒရယ်ပြည်ထောင်စု တပ်မတော်အတွက် အနာဂတ် မျှော်မှန်းချက်ကို တည်ဆောက်ပေးထားသည်။ တပ်ဖွဲ့အားလုံးမှာ အရပ်ဘက်အစိုးရအောက်တွင် ရှိမည်ဖြစ်ပြီး လွှတ်တော်မှ ချမှတ်ထားသော ဥပဒေများအတိုင်း ဖြစ်ရမည်ဖြစ်သည်။ ပြည်ထောင်စုစစ်တပ်မှာ ပြည်ထောင်စု ကာကွယ်ရေးဝန်ကြီး ဌာနအောက် တွင် ရှိ၍ ပြည်နယ်အားလုံးကို ကိုယ်စားပြုသည့် ပုံစံ ရှိရမည်ဖြစ်သည်။ ၎င်းကို သာမန်တပ်သားများနှင့် စစ်တက္ကသိုလ် အကယ်ဒမီ များသို့ ဝင်ရောက်မည့် ဗိုလ်လောင်းများအတွက် တပ်သားသစ်ခန့်အပ်မှု ခွဲတမ်းများမှ တစ်ဆင့် လုပ်ဆောင်ရမည်ဖြစ် သည်။ ပြည်ထောင်စုစစ်တပ်မှာ ဒေသခံပြည်နယ်များမှ ပို့လိုက်သည့် ကွပ်ကဲရေးမှူးများဖြင့် ဖွဲ့စည်းလိုက်သော စစ်ဗျူရို (တပ်မတော်၏ လက်ရှိ တိုင်းဒေသကြီး စစ်ဌာနချုပ်များကို ကြီးကြပ်နေသည့် အထူးစစ်ဆင်ရေးဗျူရိုများနှင့်ခပ်ဆင်ဆင်) များဖြင့် ကွပ်ကဲသွား မည်ဖြစ်သည်။ ၎င်းကွပ်ကဲရေးမှူးများမှာ နှစ်နှစ်ကို တစ်ကြိမ်ပြောင်းရမည့် ကာကွယ်ရေးဦးစီးချုပ်ရာထူးအတွက် အရန်သင့်ရှိသော တပ်မှူးများအစုသို့ ဝင်ရောက် ရမည်ဖြစ်သည်။ ပြည်ထောင်စုအဆင့်

149 Aung Zaw (2015), 'Signing the ceasefire does not mean achieving peace', Relief Web, 27 March; available at: http://reliefweb.int/report/myanmar/signing-ceasefire-does-not-mean-achieving-peace

150 The Irrawaddy (2014), "Toward a Federal Tatmadaw", 11 January; available at: www.irrawaddy.com/magazine/toward-federal-tatmadaw.html

151 Sai Wansai (2016), "Mai Ja Yang EAOs' Plenary Meeting: Successful but need time to iron out common positions", 1 August; available at: http://english.panglong.org/2016/08/01/mai-ja-yang-eaos-plenary-meeting-successful-but-need-time-to-iron-out-common-positions/

152 Ibid.

153 United Nationalities Federal Council (Union of Burma) (2016).

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီမှာ ပြည်နယ်အ စိုးရအောက်တွင် ဖွဲ့စည်းလိုက်သည့် ပြည်နယ်တစ်ခုစီ၏ ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီများမှ ပေးပို့သည့် ကိုယ်စားလှယ်များ ပါဝင်လာစေရန် အတွက်လည်း ပြုပြင်ပြောင်းလဲရမည်ဖြစ်သည်။

ပြည်နယ်စစ်တပ်နှင့် ရဲတပ်ဖွဲ့များမှာ ၎င်းတို့ဆိုင်ရာ ပြည်နယ်အစိုးရထိန်းချုပ်မှုအောက်တွင် ရှိမည်ဖြစ်ပြီး ရဲတပ်ဖွဲ့မှာ ကုန်းပိုင်း၊ ပင်လယ်ပိုင်းနှင့် လေကြောင်းကာကွယ်ရေးအတွက် ကိုယ်ပိုင် နည်းလမ်းအပြည့်အစုံ ရှိရမည်ဖြစ်သည်။ ပြည်ထောင်စု သာလျှင် အတိအကျ မဖော်ပြထားသော ဖွဲ့စည်းပုံဥပဒေကန့်သတ်ချက် ဘောင်အတွင်းမှနေ၍ ပြည်နယ်များသို့ ပြည်ထောင်စု စစ်တပ်ကို တပ်ဖြန့်ချထားနိုင်သော (သို့) ပြည်နယ်စစ်တပ်များကို အသုံးပြုနိုင်သော လုပ်ပိုင်ခွင့် ရှိမည်ဖြစ်သည်။ ပြည်နယ်တစ်ခုစီ တွင် ၎င်းတို့ ပိုင် ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်နယ်ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီတစ်ရပ် ရှိမည်ဖြစ်သည်။

UNFC စာတမ်းမှာ တိုင်းပြည်၏ ကာကွယ်ရေးနှင့် လုံခြုံရေးမူဝါဒများမှာ လူသားလုံခြုံရေးပေါ်တွင် အခြေပြုရမည် ဖြစ်ပြီး "တိုင်းရင်းသားလူမျိုးများ၏ စုပေါင်းအခွင့်အရေးများနှင့် တစ်သီးပုဂ္ဂလလူပုဂ္ဂိုလ်တို့ထံမှ ၎င်းတို့၏ တစ်သီးပုဂ္ဂလ အခွင့်အရေး များကိုထုတ်နှုတ်၍" မရနိုင်ပါဟု ဖော်ပြပါရှိသည်။[154] တဖန် စစ်လေ့ကျင့်ရေး ကျောင်းများမှာ အနောက်တိုင်းနှင့် နိုင်ငံတကာ စံနှုန်းများ အပါအဝင်၊ ဒီမိုကရေစီအလေ့အထ၊ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေ စသည်တို့ ပေါ်တွင် အခြေခံထားသော သင်ရိုးညွှန်းတမ်းကို သင်ကြားရမည်ဟု ဖော်ပြပါရှိသည်။ လက်ရှိတပ်မတော်နှင့် သိမြင်ထားသော ပြဿနာနှစ်ရပ်ကို ကာကွယ်ထားသည်ကိုလည်း တွေ့ရသည်။ ပထမပြဿနာမှာ သက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ ဌာနပိုင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် မညီပါက ဝန်ထမ်းများကို အခြားလုံခြုံရေးနှင့် အရပ်ဘက်ဌာနများသို့ ပြောင်းရွှေ့ပေး၍မရ။ ဒုတိယတစ်ချက်မှာ ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်တစ်ခုလုံး ပြည်ထောင်စု၏ စုစုပေါင်းလူဦးရေ၏ ၀.၅ ရာခိုင်နှုန်း အထက် ကျော်လွန်ရမည် ဆိုသည့် အချက်ဖြစ်သည်။

၂၀၁၆ ခုနှစ် ဩဂုတ်လ ၃-၆ ရက်များတွင် NCA လက်မှတ်ထိုးထားသည့် EAOs ရှစ်ဖွဲ့မှာ နိုင်ငံတကာအကူအညီဖြင့် ဆွေးနွေးခြင်း ၂ ရက်အပါအဝင် SSR လုပ်ငန်းစဉ်နှင့် ပတ်သက်၍ ၎င်းတို့၏ ရပ်တည်ချက်ကို ဆွေးနွေးရန် အလုပ်ရုံ အစည်းအဝေး တစ်ခုကို ကျင်းပခဲ့သည်။ ဤအလုပ်ရုံအစည်းအဝေးတွင် ပြည်ထောင်စုအဆင့် စစ်တပ်အပေါ် အမိန့်အာဏာကို ပြည်နယ်များမှ ဘယ်လိုဖြစ်ဖြစ် မျှဝေရရှိထားဖို့ လိုအပ်ကြောင်း ဆွေးနွေးမှုအပြင် ပြည်နယ်အဆင့်ရဲတပ်ဖွဲ့နှင့် ပြည်နယ်အဆင့် အရန်တပ်ဖွဲ့များ ဖွဲ့စည်းမှု နည်းလမ်းများကို ဆွေးနွေးခဲ့ကြသည်။ ဤ EAOs များမှာ ၂၁ ရာစုပင်လုံညီလာခံသို့ ၎င်းတို့၏ စာတမ်းများကို တင်ပြခဲ့ကြ သည်။ ဤစာတမ်းများမှာ လက်ရှိတွင် မရရှိနိုင်သော်လည်း ၎င်းတို့မှာ လက်နက်ကိုင်တပ်ဖွဲ့များအား အရပ်ဘက်ထိန်းချုပ်မှု အပါအဝင် ကာကွယ်ရေးနှင့် တရားမျှတရေး တာဝန်များကို စစ်တပ်နှင့် ရဲတပ်ဖွဲ့သို့ အသီးသီး ခွဲဝေပိုင်းခြား ထားမှုအပေါ် အလေးပေး ဖော်ပြခဲ့သည်ဟု နားလည်ရသည်။

ထူးခြားသည်မှာ EAOs များမှ ၎င်းတို့၏ အမျိုးမျိုးသော နှစ်ပေါင်းများစွာက အဆိုပြုချက်များတွင် ပြည်နယ်အဆင့် ရဲတပ်ဖွဲ့ နှင့် ကာကွယ်ရေးတပ်များကို အထပ်ထပ်အခါခါ တောင်းဆိုလာခဲ့သည်။ ထိုသို့သော တပ်ဖွဲ့များကို အမျိုးမျိုးအဖုံဖုံ စဉ်းစားထား၍ ရသော်လည်း ဤသည်မှာ တိုင်းရင်းသားတပ်ဖွဲ့များ၊ ၎င်းတို့ဒေသများတွင် လုံခြုံရေးအခန်းကဏ္ဍမှ ပါဝင်ခြင်းနှင့် သက်ဆိုင်ရာ နယ်မြေများတွင် တရားဥပဒေလေးစားလိုက်နာစေရေးအတွက် ၎င်းတို့၏ အားသာချက်များကို အသိအမှတ်ပြုထားသော တပ်မတော်၏ ပွင့်လင်းစွာ လက်ခံမှုနှင့် ကိုက်ညီနေပုံရသည်။ သို့သော် အမိန့်အာဏာနှင့် ကွပ်ကဲပုံအဆင့်ဆင့်ကို တိကျသော ခွဲဝေမှုနှင့် ပတ်သက်၍ များစွာ ကွဲပြားသော အမြင်များရှိကောင်းရှိနိုင်သည်။ ထိုကဲ့သို့သော တပ်များမှာ

154 Ibid., p. 2.

ပြည်ထောင်စုအတွက် အရင်ဦးဆုံး တာဝန်ထမ်းဆောင်မှသာလျှင် လက်ခံနိုင်မည်ဖြစ်သည်ဟု တပ်မတော်မှ မြင်နေချိန်တွင် EAOs များမှ ထိုကဲ့သို့သော တပ်ဖွဲ့များမှာ ၎င်းတို့ဒေသနှင့် နိုင်ငံရေးလွတ်လပ်ခွင့်အား ဗဟိုနိုင်ငံတော်ကထိပါးခြင်းမှသော်လည်းကောင်း အချင်းချင်း ထိပါးခြင်းမှသော်လည်းကောင်း ကာကွယ်နိုင်ရန် နည်းလမ်း တစ်ခုဖြစ်သည်ဟု မြင်ထားကြပုံရသည်။

EAO အဖွဲ့ အများစုမှာ ၂၀၀၉ ခုနှစ်တွင် BGF တောင်းဆိုမှုများ အတိုင်း ဗဟိုအစိုးရ (သို့) တပ်မတော် အကျိုးစီးပွားကိုသာ အကျိုးပြုနိုင်ဖို့ ၎င်းတို့၏ စွမ်းရည်များကို ပြန်လည်အသုံးပြုဖို့မြင်သော SSR မည်သည့်လုပ်ငန်းစဉ်ကိုမဆို ပြင်းပြင်းထန်ထန် ဆက်လက် ဆန့်ကျင် ကန့်ကွက်သွားမည်ဖြစ်သည်။ ဥပမာ အားဖြင့် KNU တွင် "ငါတို့လက်နက် ငါတို့လက် တွင်ရှိရမယ်" "ငါတို့ဘယ်တော့မှ လက်မမြှောက်ဘူး" ဆိုသော အချက်များပါဝင်သည့် ၎င်းတည်ထောင်စဉ်က ချမှတ်ထားသော မူဝါဒလေးရပ်ကို စွဲမြဲစွာ ဆက်လက် ကိုင်စွဲနေမည်ဖြစ်သည်။ KNU နှင့် အထူးသဖြင့် ၎င်း၏လက်နက်ကိုင်လက်ရုန်းဖြစ်သည့် KNLA တို့ လက်ခံနိုင် စေရန် မည်သည့် SSR-DDR လုပ်ငန်းစဉ်မဆို ဂရုတစိုက်နှင့် စကားလုံးသုံးစွဲဖို့လိုပြီး အဓိက ဘေးဆီးရန်ကာများ ပါဝင်ရမည် ဖြစ်သည်။ NCA လက်မှတ်မထိုးမီတွင် KNLA မှ "KNLA မှာ နယ်ခြားစောင့်တပ်အဖြစ် (သို့) အရပ်ဘက် ရဲတပ်ဖွဲ့အဖြစ် ပြောင်းလဲ ခြင်းကို ဘယ်တော့မှ လက်ခံမည်မဟုတ်ဘဲ ကရင်အ မျိုးသားလွတ်မြောက်ရေးတပ်မတော် KNLA အဖြစ်သာ ဆက်လက် တည်ရှိ သွားမည်" ဖြစ်သည်ဟု တစ်ဖက်သတ် ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။[155] ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍ များသောအားဖြင့် စိတ်အားထက်သန်မှု ရှိခဲ့သော KNU ဥက္ကဋ္ဌ ကိုယ်တိုင် မကြာသေးမီက မိန့်ခွန်းတစ်ခုတွင် "ငါတို့ဟာ လွတ်လပ်တဲ့ တိုင်းရင်းသား လူမျိုးများဖြစ်လို့ ငါတို့လူမျိုးတွေကို အန္တရာယ်မကျရောက်အောင် ကာကွယ်ရမှာ ငါတို့တာဝန်ဖြစ်တယ်" ဟု KNLA အောက်ခြေထု စစ်သည်များအား အာမခံကာ တိုက်ပွဲပြန်စနိုင်အောင် အမြဲအသင့်ရှိနေကြရန်လည်း တိုက်တွန်းခဲ့သည်။[156]

နိုင်ငံရေးဆွေးနွေးမှု လုပ်ငန်းစဉ်များတွင် ပြတ်သားထင်ရှား၍ စုပေါင်းဖြစ်သော အမြင်ကို တင်ပြနိုင်ရန် ကူညီသည့်နိုင်ရန် လုံခြုံရေးပေါင်းစည်းမှုနှင့် ပတ်သက်သော နည်းပညာပိုင်း လုပ်ငန်းစဉ်ကို ကောင်းစွာ ပိုမိုနားလည်နိုင်ရန် EAOs များမှာ ဆန္ဒပြင်းပြ နေသည်မှာ အထင်အရှားပင် ဖြစ်ပါသည်။ အပစ်အခတ်ရပ်စဲမှု ဆွေးနွေးမှုများတစ်လျှောက် မြန်မာနိုင်ငံမှ ပါဝင်ပတ်သက်သူများနှင့် ရင်းနှီးကျွမ်းဝင်မှုမရှိသော လုံခြုံရေးဆိုင်ရာ သဘောထားအချို့ ပေါ်ထွက်လာခဲ့သော်လည်း ထိရောက်၍ တာဝန်ခံမှုရှိသော လုံခြုံရေးကဏ္ဍတည်ဆောက်ရန် ဘုံတူညီချက်ရှိမည်ဆိုသော မျှဝေနားလည်မှုတစ်ရပ်မှာ မရှိမဖြစ် လိုအပ်ပေသည်။ ယခင် ရန်သူဖြစ်ခဲ့သော တိုက်ခိုက်ရေးသမားများကို ပေါင်းစည်းတပ်ဖွဲ့တစ်ခုအဖြစ် ပေါင်းစည်းပေးသည်ကို ကိုးကား ရည်ညွှန်းကာ ဤသဘောတရားများတွင် DDR, SSR နှင့် လုံခြုံရေးပြန်လည် ပေါင်းစည်းမှုများ ပါဝင်ပါသည်။

155 See Karen National Liberation Army Headquarters, "KNLA Position with regard to Ceasefire", 14 October 2015; available at: www.mmpeacemonitor.org/images/2015/oct/statement-of-knla.pdf

156 Saw Yang Naing, "KNU Chairman Urges Military Readiness on Karen Martyrs' Day", 12 August 2016; available at: www.irrawaddy.com/burma/knu-chairman-urges-military-readiness-on-karen-martyrs-day.html

# ၄

# နိဂုံးချုပ်ကောက်ချက်ချမှုနှင့် အကြံဉာဏ်များ

DDR နှင့် SSR များပေါ် ဖြေရှင်းမှုရရှိထားခြင်းမှာ မြန်မာနိုင်ငံတွင် လက်နက်ကိုင် ပဋိပက္ခများကိုဖြစ်စေသည့် များစွာသော လုံခြုံရေးစိန်ခေါ်မှုများကို ဖြေရှင်းရန် အလွန်အရေးကြီး ပေသည်။ အားလုံးခြုံငုံကြည့်ပါက ဤကနဦး သုတေသနမှ မြန်မာနိုင်ငံတွင် ဤအကြောင်းအရာအပေါ် လက်ရှိရေးသားချက်များနှင့် သမိုင်းကြောင်းမှာ မည်မျှရှုပ်ထွေးကြောင်းကို ကောင်းစွာ ပြသထား ပေသည်။ ဘုံတူညီမှုရနိုင်မည့်၊ အပေးအယူလုပ်နိုင်မည့်၊ အလုပ်ဖြစ်သော ဖြေရှင်းချက်များ မည်သို့ ရှိမည် ဆိုသည်ကို ဆုံးဖြတ်နိုင်ရန်မှာ အမျိုးမျိုးသော ပါဝင်ပတ်သက်သူများနှင့် အတွင်းကျကျ ဆွေးနွေးခြင်းနှင့် နောက်ထပ် သုတေသနများစွာ လုပ်ဆောင်ရန် လိုအပ်ပါသည်။ ဤအပိုင်းတွင် ရှေ့တွင်ကြုံတွေ့လာရနိုင်သော အဓိက စိန်ခေါ်မှုများအချို့ကို ညွှန်းပြရင်း ယခုသုတေသန ပြုခြင်းမှ ရရှိလာသည့် ကျယ်ပြန့်သော သင်ခန်းစာအနည်းကို ဖော်ပြထားပြီး ထပ်မံ လုပ်ဆောင်သွားသင့်သော သုတေသနနှင့် လေ့လာဆန်းစစ်မှုပြုရန် နယ်ပယ်အချို့ကို အကြံပြုဆွေးနွေးထားပါသည်။

**နိုင်ငံရေးသည်သာ ပဓာန**

လက်နက်ကိုင်ထားမှုအပေါ် အကြောင်းပြု၍ ရရှိထားသည့် အာဏာများကို အဖွဲ့အစည်း အတော်များများက လက်လွှတ် ပေးရန် နိုင်ငံ၏ နိုင်ငံရေးအနာဂတ်အပေါ်တွင် အားလုံး၏ ခိုင်မာသောသဘောတူညီမှုတစ်ရပ် လိုအပ်ပြီး ယင်းမရှိလျှင် DDR နှင့် SSR လုပ်ငန်းစဉ်များအတွက် ရေရှည်တည်တံ့မည့် သဘောတူညီချက်ရရှိရန် လုံးဝမဖြစ်နိုင်ပါ။ ဘက်ပေါင်းစုံရှိ အဖွဲ့များက ထိုသို့သော အပေးအယူများအား ပြုလုပ်လာရန် အတွက်ဆိုလျှင် နိုင်ငံရေးစနစ်သစ်အပေါ်တွင် အားလုံးက ယုံကြည်သက်ဝင်ရန် လိုအပ်ပြီး၊ မည်သည့်အပြောင်းအလဲမဆို ၎င်းတို့၏ ရေရှည်အကျိုး အတွက်ပင်ဖြစ်သည်ကိုလည်း အာမခံပေးရန် လိုအပ်ပါသည်။

တပ်မတော်နှင့် ပူးပေါင်းရန် အဓိက EAOs များကို စည်းရုံးဖို့ရန် မြန်မာနိုင်ငံ၏ BGF အစီအမံ မအောင်မြင်ရခြင်းမှာ တစိတ်တပိုင်းအားဖြင့် ထိုသို့သော တောင်းဆိုမှုများနှင့် တွဲဖက်ရန် အဓိပ္ပါယ်ပြည့်ဝသော နိုင်ငံရေးဖြေရှင်းမှုမျိုး မရှိသောကြောင့် ဖြစ်သည်ဟု ဆိုရပေမည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖြစ်စေခဲ့သော အမျိုးသားညီလာခံမှာ များစွာချန်လှပ်ထားခဲ့ပြီး BGF အစီအမံမှာလည်း EAOs များမှ ၎င်းတို့ရှည်ကြာစွာ ကိုင်တွယ်ခဲ့သည့် နိုင်ငံရေးမျှော်မှန်းချက်များ

စွန့်လွှတ်ကာ ယုံကြည့်လျှင် ပိုမိုသိမ်နတ်သော လွှတ်တော်ရာထူးများနှင့် ကျေနပ်ကြဖို့ EAOs များအပေါ် တောင်းဆိုမှုတစ်ရပ်အဖြစ်သာ မြင်ကြသည်။ ထိုအချိန် ကတည်းက ဖြစ်ပေါ်ခဲ့သော အရေးပါသည့် နိုင်ငံရေးဖွံ့ဖြိုးတိုးတက်မှုများသည် လက်ရှိလုပ်ငန်းစဉ်မှ တာရှည်ခံလုံခြုံရေး ပေါင်းစည်းမှုဖြစ်ထွန်းလာစေဖို့ အဓိကအကြောင်းရင်းတစ်ရပ်ပင်ဖြစ်သည်။

တပ်မတော်၏ နိုင်ငံရေးတွင် အဓိကပါဝင်နေသော ကဏ္ဍနှင့် ကာကွယ်ရေးနှင့် လုံခြုံရေးကိစ္စရပ်များတွင် လက်ရှိငင်း၏ ကိုယ်ပိုင် လွတ်လပ်ခွင့် ရှိခြင်းတို့ကြောင့် မြန်မာနိုင်ငံတွင် SSR နှင့် ပတ်သက်၍ ညှိနှိုင်းကြရာတွင် နိုင်ငံရေးရှုထောင့်မှာ အထူး အရေးပါသည်။ နိုင်ငံရေးလုပ်ငန်းစဉ်ကို လက်ရှိတွင် ဦးဆောင်နေသည့် NLD အတွက် နိုင်ငံတော်အား "အရပ်ဘက်ပုံစံပြောင်းလဲခြင်း" ဆိုသည့် ပိုမိုကျယ်ပြန့်သည့် ကိစ္စရပ်မှာလည်း ပဋိပက္ခအလွန်လုံခြုံရေး ပေါင်းစည်းခြင်း ကိစ္စထက် ပိုမိုကြီးမားသည့် ပြဿနာ မဟုတ်ရင်တောင် အလားတူ အရေးပါမှုရှိပေသည်။ အမှန်တကယ်ပင် အစိုးရ (ပြည်သူ့) ကဏ္ဍပြုပြင်ပြောင်းလဲရေးနှင့် SSR မှာ မလွဲမသွေ ယှဉ်တွဲလျက်ရှိပေသည်။[157]

စံအားဖြင့်ဆိုသော် အနာဂတ်နိုင်ငံရေးအစဉ်ကျနမှုပေါ် ထင်ရှားသော သဘောတူညီ ချက်ရထားခြင်းမှာ ငြိမ်းချမ်းစွာ အသွင် ကူးပြောင်းရေး ရှု့ထောင့်အားလုံးအတွက် အားလုံးဆက်စပ် လွှမ်းခြုံသွားမည့် မူဘောင်ကို ချမှတ်ပေးမည်ဖြစ်သည်။ ၎င်းသဘော တူညီချက်တွင်ပင် အနာဂတ် လုံခြုံရေးကဏ္ဍ ဖွဲ့စည်းတည်ဆောက်ပုံနှင့် အဓိကရည်မှန်းချက်များအပေါ် အများသဘောတူညီချက် ထွက်ရှိလာမည်ဖြစ်သည်။ ဤသို့ စံအားဖြင့် အစဉ်အတိုင်း လုပ်ဆောင်ထားသော လုပ်ငန်းစဉ် မရှိသည့်တိုင်အောင် လက်နက် ကိုင်ဆောင်သူများ ပေါင်းစည်းမှုမှာ ပဋိပက္ခကို ဖြစ်စေသည့် အခြေခံနိုင်ငံရေးပြဿနာများကို ကိုင်တွယ်ဖြေရှင်းမည့် ကျယ်ပြန့်မှု လုံလောက်စွာ ရှိထားသော အများသဘောတူညီချက်ပေါ် အခြေခံရန် လွန်စွာ အရေးကြီးပေသည်။

## ပြည်ထောင်စုအား ကာကွယ်ခြင်း

ဖက်ဒရယ် ဖြစ်စေ၊ ဖက်ဒရယ် မဟုတ်သည်ဖြစ်စေ မည်သည့် နိုင်ငံမှာမဆို အခြေခံအကျဆုံး လုံခြုံရေးတာဝန်ဆိုသည်မှာ နိုင်ငံခြားကျူးကျော်ဝင်ရောက်မှုကို ကာကွယ်ရန် စစ်တပ်ကို ထိန်းသိမ်းရခြင်းဖြစ်သည်ဟု ထုံးစံအားဖြင့် နားလည်ထားသည်။ မြန်မာနိုင်ငံတွင် အဓိက ပါဝင်ပတ်သက်သူ အားလုံးမှာ ဤအခြေခံမူဝါဒကို လက်ခံနေကြပြီး ပြည်ထောင်စုအဆင့် စစ်တပ်တစ်မျိုးမျိုး က ၎င်းတာဝန်ကို ယူလိမ့်မည် ကြိုတင်မြင်ထားကြသည်။ သို့သော် စစ်တပ်များကို အုပ်ချုပ်ရန် နည်းလမ်းနှင့် ပတ်သက်၍တော့ သဘောထားမကိုက်ညီမှုများ သိသိသာသာရှိနေပေသည်။

လက်ရှိတွင် တပ်မတော်မှာ မည်သည့်လွှတ်တော်၊ အစိုးရ၏ ကြီးကြပ်စောင့်ကြည့်မှုကိုမျှ မခံရဘဲ ပြည်နယ်နှင့် တိုင်းများမှ ၎င်းတို့တွင် လုံခြုံရေးပြဿနာနှင့် ပတ်သက်၍သော်လည်းကောင်း၊ စစ်တပ်၏ လုပ်ရပ်အပေါ် လွှမ်းမိုးမှု တစ်စုံတစ်ရာ ရထားနိုင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေစနစ်များ ပင်မရှိဘဲ ဗဟိုထိန်းချုပ်မှုရှိသော ကွပ်ကဲမှု အောက်တွင်သာ ရှိနေပေသည်။ NLD နှင့် ဖက်ဒရယ် လိုလားသော EAOs များမှ အရပ်ဘက်ထိန်းချုပ်မှုမရှိခြင်းမှာ ငြိမ်းချမ်းသော ပြည်ထောင်စု ဆိုသည့် ၎င်းတို့၏ အနာဂတ်အမြင်နှင့် ဆန့်ကျင်ဘက်ဖြစ်နေပြီး စစ်တပ်များမှ အုပ်ချုပ်မှုပိုင်းအောက်သို့ ဝင်ရောက်၍ လွှတ်တော်၏ ကြီးကြပ်ထိန်းကွပ်မှုရှိရမည်ဟု အခါခါ ပြောဆိုခဲ့ထားစေသည်။

ဖက်ဒရယ်မူသဘောနှင့် ကြည့်ပါက ကာကွယ်ရေးကိစ္စရပ်များအပေါ် ပြည်နယ်နှင့် တိုင်းဒေသကြီးများ ညီမျှစွာ လွှမ်းမိုးနိုင် စေရန် ရွေးချယ်ချက် နည်းလမ်းများစွာ ရှိပေသည်။ ဦးစွာ အနေဖြင့်စစ်တပ်မှာလွှတ်တော်၏ကြီးကြပ်ထိန်းကွပ်မှုခံရယူနိုင်ရန်မြန်မာနိုင်ငံအထက်လွှတ်တော်မှ ညီမျှသော ကိုယ်စားပြုမှု တစ်ခုကို အတိုင်းအတာ တစ်ခုအထိ ပံ့ပိုးပေးရမည်ဖြစ်သည်။

157 This reality is discussed in depth in Hook et al (2015).

လက်ရှိစနစ်မှာ ပြည်နယ်နှင့် တိုင်းဒေသ ကြီးများမှာ ၎င်းတို့ လူဦးရေအနည်းအများနှင့် မဆိုင်ဘဲ မျှတစွာ ကိုယ်စားပြုသော စနစ်ကို ချမှတ်ထားပါသည်။[158] နောက်ထပ် နည်းလမ်းတစ်ခုမှာ တိုင်းဒေသကြီး/ပြည်နယ်တို့မှ လုံခြုံရေးတပ်ဖွဲ့ (နှင့်/သို့) အရပ်ဘက်အစိုးရတို့မှ ကိုယ်စားလှယ်များ ပါဝင်လာ စေရန် NDSC အား ပြုပြင်ပြောင်းလဲခြင်းဖြစ်သည်။

တိုင်းရင်းသားလူမျိုးများကြား ကာကွယ်ရေးဦးစီးချုပ်ရာထူးကို အလှည့်ကျထမ်းဆောင်ရန် EAOs များမှ မကြာခဏ အဆိုပြု ခဲ့သည်။ ဤနည်းမှာ ကမ္ဘာ့တခြားတစ်နေရာရာတွင် စမ်းသပ်ခဲ့ဖူးသလား၊ လက်တွေ့တွင် မည်သို့ ဖြစ်လာမည်နည်း ဆိုသည့် အချက်များကို သဲသဲကွဲကွဲ မသိရသေးသည့်အတွက် လက်တွေ့ဆောင်ရွက်နိုင်မည့် အရာများကို ဂရုတစိုက် စဉ်းစားရန် လိုအပ်ပေမည်။ မည်သို့ပင်ဖြစ်စေ မြန်မာ့လုံခြုံရေးကဏ္ဍ တရားမျှတသော ကိုယ်စားပြုပုံစံဖြင့် ထိန်းချုပ်မှုအား အထိရောက်ဆုံးနှင့် တာရှည်အခံဆုံးဖြစ်ဖို့ ဆိုသည်မှာ ၎င်း (လုံခြုံရေးကဏ္ဍ) အား တရားမျှတ၍ ပြည်သူ့ကိုယ်စားပြု နိုင်ငံရေး အဆောက်အအုံများသို့ တာဝန်ခံခိုင်းခြင်း ဖြစ်သည်ဆိုလျှင် ပြောစရာ သိပ်လိုမည်မထင်ပေ။

## ပြည်နယ်အဆင့် တပ်ဖွဲ့များ၏ အခန်းကဏ္ဍ

ဖက်ဒရယ်ပြည်ထောင်စု တပ်မတော်အတွင်း သီသီသာသာ ကိုယ်ပိုင်လွတ်လပ်ခွင့် ရှိထားသော ပြည်နယ်အဆင့် ကာကွယ်ရေး တပ်ဖွဲ့များ ဖွဲ့စည်းရန် EAOs များမှ မကြာခဏဆိုသလို မျှော်မှန်းကြိုးပမ်းခဲ့ပါသည်။ အမှန်တကယ်ပင် KNLA က ၎င်းမှာ “KNLA အား BGF (သို့) အရပ်ဘက်ရဲတပ်ဖွဲ့အဖြစ်သို့ ပြောင်းလဲခြင်းကို ဘယ်တော့မှ လက်ခံမည်မဟုတ်ဘဲ ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်အဖြစ်သာ နေသွားမည်” ဟု ပြောဆိုထားခဲ့သည်။[159] ၂၁ ရာစုပင်လုံညီလာခံတွင် ပြည်နယ်ဖွဲ့စည်းပုံ များ နှင့်အညီ ပြည်နယ်အစိုးရအောက်သို့ ကျရောက်မည့် ကုန်း၊ ရေ၊ လေ ကာကွယ်ရေးစွမ်းဆောင်မှုရှိသော ပြည်နယ်အဆင့် တပ်ဖွဲ့များ ဖွဲ့စည်းရန် တောင်းဆိုသည့် စာတမ်းတစ်စောင်ကို UNFC မှ တင်သွင်းခဲ့သည်။ ဤသည်မှာ ၎င်းတို့ ပြည်နယ်အား ကာကွယ်ပေးမှု လုပ်ငန်းလုပ်ဆောင်ဖို့ တပ်မတော်အပေါ် ယုံကြည်မှု အလွန်နည်းပါးခြင်းကြောင့် ထိုလုပ်ငန်းစဉ်အား ဒေသန္တရ လုံခြုံရေးတပ်ဖွဲ့များ၏ လက်ထဲတွင် အဓိကထားဖို့ ဖြစ်သည်ဟု EAOs များမှ မျှော်မှန်းထားချင်သည့် အဓိက စိန်ခေါ်မှုတစ်ရပ်ကို မီးမောင်းထိုးပြထားပေသည်။

ဖက်ဒရယ်အုပ်ချုပ်ရေးစနစ်ရှိသော နိုင်ငံများအတွက် ဗဟိုချုပ်ကိုင်ထားကာ ဖက်ဒရယ် တပ်မတော်တစ်ခုနှင့် ပြည်နယ် အဆင့် ရဲတပ်ဖွဲ့များရှိထားခြင်းမှာ ထုံးစံပင်ဖြစ်သည်။ အချို့ ဖက်ဒရယ် (နှင့်) ဖက်ဒရယ်မဟုတ်သော နိုင်ငံများတွင် ပြည်ပ(သို့) ၎င်းတို့နယ်မြေတွင်း ဝန်ဆောင်မှုများအတွက် ပြည်နယ်အဆင့် စစ်တပ်များရှိပါသည်။ တဖန် အချို့နိုင်ငံများတွင် တော်လှန်ပုံကန်မှု တိုက်ဖျက်ရေးကဲ့သို့သော ပြည်တွင်းတိုက်ခိုက်ရေးတာဝန်များ ဒေသန္တရအစိုးရကွပ်ကဲမှုအောက်ရှိ အထူးတိုက်ခိုက်ရေးရဲတပ်ဖွဲ့ လက်သို့ အပ်ထားပေသည်။

သို့သော် ဖက်ဒရယ် နိုင်ငံတစ်ခုမှ ပြည်နယ်များတွင် ၎င်းတို့ကိုယ်ပိုင်နယ်မြေများကို ကာကွယ်ဖို့ လုံးဝသက်သက်စီ ဖြစ်သော တပ်ဖွဲ့များထားဖို့ ဆိုသည်မှာ ပုံမှန်သိပ်မဟုတ်ပေ။ ၎င်းမှာ ရှိနှင့် ပြီးသားဖြစ်သည့် နက်နက်နဲနဲ ကွဲထွက်နေမှုများကို အထူးသဖြင့် စဉ်းစားကာ ပြည်တွင်းစစ် တဖန်ဖြစ်ရန် နည်းလမ်းပေးလိုက်သလိုဖြစ်လာရန် များပေသည်။ ဤသည်မှာ ပြည်နယ် အဆင့် စစ်တပ်တစ်မျိုးမျိုး ဖွဲ့စည်းခြင်းမှာ မဖြစ်နိုင်ဘူးဟူ၍ ပြောရန်မဟုတ်ဘဲ ၎င်းတပ်ဖွဲ့များ ကောင်းစွာ ဖွဲ့စည်းထားက တာဝန်ဝတ္တရားများ သတ်သတ်မှတ်မှတ် ပေးထားရန် ခိုင်မာအားကောင်းမှုရှိသော တရားရေးနှင့် အုပ်ချုပ်ရေးစနစ်များ ရှိထားဖို့ လိုသည်ဟု ဆိုလိုခြင်းသာဖြစ်သည်။ တဖန် အထူးသဖြင့် ပြည်နယ်အချင်းချင်း တင်းမာမှုများ ပေါ်ထွက်လာခဲ့ပါက အဆုံးစွန်တွင် ထိုသို့သော တပ်ဖွဲ့များအား

158 It should be noted, however, that these states and regions do not come close to providing equal representation of Myanmar's more-than 100 ethnic groups.

159 See, Karen National Liberation Army Headquarters, "KNLA Position with regard to Ceasefire", 14 October 2015; available at: www.mmpeacemonitor.org/images/2015/oct/statement-of-knla.pdf

ပြည်ထောင်စုအဆင့် ကြီးကြပ်ကွပ်ကဲမှု ရှိထားရန် လိုအပ်မှု များပြားနိုင်ပါသည်။

ဤသည်မှာ လုံခြုံရေးကဏ္ဍတွင် တိုင်းရင်းသားလူမျိုးများကြား ညီမျှမှုရှိစေရန် ပြည်ထောင်စုအဆင့် တပ်ဖွဲ့များ ထိန်းချုပ်မှု ကို မျှဝေနိုင်ပြီး အဆုံးစွန်တွင် လုံခြုံရေးအဖွဲ့အားလုံး ကိုယ်စားပြုနိုင်ရေးအဖွဲ့အစည်းများအားလုံးသို့တာဝန်ခံနိုင်သောစနစ်များထားရှိရန် လိုအပ်ပေမည်။

## ပေါင်းစည်းမှု မှန်ကန်အောင်ပြုလုပ်ခြင်း

DDR(သို့)လက်ရှိအရန်စစ်အဖွဲ့များအပါအဝင်နိုင်ငံ၏EAOsများအားလုံးပေါင်းစည်းရန်နှင့် ပြည်နယ်လုံခြုံရေး တပ်ဖွဲ့များ၏ လိုသည်ထက် ပိုနေသော ကိစ္စရပ်များအတွက် လက်ခံနိုင်ဖွယ် အသုံးအနှုန်းပေါ် ညှိနှိုင်းရခြင်းမှာ အလွန်အမင်း ရှုပ်ထွေးလာမည် ဖြစ်သည်။ တစ်ခုတည်းဖြစ်ပြီး ညီညွတ်မှုရှိသော ပြည်ထောင်စုစာချုပ်၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ဘက်များစွာမှ ပါဝင်သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှ တစ်ဆင့် ၎င်းကိုရရှိအောင်မြင်ရန် အမှန်တကယ် မလွယ်ကူနိုင်ပေ။ သို့သော်လည်းပဲ အသိသာဆုံးသော လက်နက်ကိုင်ပဋိပက္ခများ ငြိမ်းသက်စေရန်နှင့် ပိုမိုကြာရှည်မည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်နှင့် နှစ်ပေါင်း များစွာ ကြာမြင့်နိုင်မည့် ပေါင်းစည်းခြင်းတို့အတွက် လမ်းဖွင့်ပေးနိုင်သော လုံလောက်သည့် သဘောတူညီချက် ရရှိနိုင်ရန်တော့ မျှော်လင့်၍ ရပါသည်။

အဓိက စဉ်းစားရမည့် အချက်များမှာ EAOs များအား မြန်မာ့တပ်မတော်၊ ရဲတပ်ဖွဲ့၊ အရန်စစ်နှင့် အခြားလုံခြုံရေး တပ်ဖွဲ့များသို့ ပေါင်းစည်း၍ ရမည်လားဆိုသည့် အချက်များဖြစ်သည်။ EAOs ဝန်ထမ်းများမှာ တပ်ဖွဲ့သစ် သက်သက်စီ ဖြစ်သော တပ်ဖွဲ့များ ဖွဲ့စည်းပါက (သို့) တပ်ရင်းအဆင့်တွင် တပ်မတော်ဝန်ထမ်းများနှင့် တစ်ဦးစီ ဘေးချင်းယှဉ်၍ တာဝန်ထမ်းဆောင်ရန် ပေါင်းစည်းနိုင်မည်လား ဆိုသည်ကိုလည်း စဉ်းစားရန် လိုအပ်သည်။ ဤကိစ္စရပ်အားလုံးမှာ EAOs များကို လိုက်လျောနိုင်ဖို့ လိုအပ်သည့် အလုံးစုံ SSR ၏ အတိုင်းအဆနှင့် ပတ်သက်သော မေးခွန်းများနှင့်လည်း နီးစပ်စွာ ဆက်နွယ်မှုရှိနေပေသည်။

ယေဘူယျအားဖြင့် လက်ရှိလုံခြုံရေးကဏ္ဍမှာ ထူးခြားစွာပြောင်းလဲရန် လိုအပ်မည်မဟုတ်ဘဲ EAOs များသာလျှင် လက်နက် ဖြုတ်သိမ်းကာ လက်ရှိစစ်တပ်များသို့ ပူးပေါင်းဖို့လိုသည်ဆိုသောအမြင်ကို တပ်မတော်က စွဲမြဲစွာကိုင်စွဲထားလျက် ရှိပေသည်။ မြန်မာနိုင်ငံတွင် ပြည်ထောင်စုအဆင့် ပေါင်းစည်းမှုတွင် BGF အစီအစဉ်မှာ ပထမကြိုးပမ်းမှုဖြစ်သည်။ သို့သော် ထူးခြားမှုမှာ BGF တွင် EAOs များမှာ ခြေလျင်တပ်ဖွဲ့များဖြစ်နေစဉ်တွင် အရာရှိနှင့် ထောက်ပံ့ရေးဝန်ထမ်းအများစုမှာ တပ်မတော်ဝန်ထမ်း ဖြစ်နေခြင်းပင် ဖြစ်သည်။ ဤကွာခြားချက်က ပြည်ထောင်စုအဆင့် ပေါင်းစည်းမှုနှင့် တွဲဖက်နေသည့် ငြိမ်းချမ်းရေး တည်ဆောက်ခြင်း အကျိုးကျေးဇူးများကို လျော့နည်းစေနိုင်ပေသည်။

ထိုစဉ် EAOsများမှာ တပ်မတော်အားအခြေခံကျကျပြုပြင်ပြောင်းလဲရန် တောင်းဆိုထားခဲ့ပြီး ၎င်းတို့ကိုယ်တိုင် ပြည်နယ် အဆင့် တပ်ဖွဲ့ကဲ့သို့ သီခြားတပ်ဖွဲ့များ အနေဖြင့် ပေါင်းစည်းနိုင်ရန် မျှော်မြင်ထားခဲ့ကြသည်။ EAOs များမှာ အနာဂတ်တွင် တပ်ဖွဲ့ အဆင့် ပေါင်းစည်းမှု ဖြစ်နိုင်ခြေကို ဖွင့်လှစ်ထားခဲ့သည်။ ဤသည်မှာလည်း ပါဝင်သည့် ပြည်နယ်တစ်ခုစီအနေဖြင့် တိုင်းပြည်၏ လုံခြုံရေးတပ်ဖွဲ့များပေါ် နိုင်ငံရေးလွှမ်းမိုးမှု ညီတူညီမျှ ရှိသည်ဟု လုံးဝယုံကြည်ထားမှသာလျှင် ဖြစ်နိုင်မည်ဖြစ်သည်။

လက်ရှိစစ်တပ်၊ ရဲတပ်ဖွဲ့နှင့် အခြားသော ပြည်နယ်လုံခြုံရေး အဖွဲ့များကို ဆက်လက်ထိန်းသိမ်းခြင်း၊ အစားထိုးခြင်း လုပ်ဆောင်မှုတွင် နှစ်ဖက်စလုံးမှ လက်ရှိစနစ်များအပေါ် အဓိပ္ပါယ်ပြည့်ဝသော်လည်း အစွန်းရောက်မှု သိပ်မရှိသော ပြုပြင် ပြောင်းလဲရေးများအပေါ် သဘောတူညီမှုရရန် သိသိသာသာ အပေးယူလုပ်နိုင်မှသာလျှင် ဖြစ်နိုင်ခြေရှိပေမည်။ သို့သော် ဤလုပ်ငန်း စဉ်ကို "နာမည်ပြန်တပ်ခြင်း"၊ "ပြန်လည်ဖွဲ့စည်းခြင်း" သို့ "အစားထိုးခြင်း" ကဲ့သို့

ဘောင်ခတ်လိုက်ခြင်းမှာ ဘက်အားလုံးမှ လိုအပ်သော ယုံကြည်မှုရရှိရန် အရေးပါသော နိုင်ငံရေးအမှတ်အသား ဖော်ထုတ်ချက်တစ်ခုပင်ဖြစ်သည်။

တပ်ဖွဲ့အဆင့် ပေါင်းစည်းခြင်း (သို့) သီးခြားစီ ခွဲထုတ်ရာတွင် ထိုကဲ့သို့သော တပ်ဖွဲ့များ၏ လုပ်ပိုင်ခွင့်အာဏာနှင့် အကန့်အသတ်များကို ဂရုတစိုက် မစဉ်းစားခြင်း (သို့) ထင်ရှားစွာ သတ်မှတ်ထားခြင်းမရှိဘဲ EAOs များအား ပြည်နယ်အဆင့် တပ်ဖွဲ့ တစ်မျိုးမျိုးဖြစ်စေ၊ သီးခြားတပ်ဖွဲ့များအဖြစ်ပေါင်းစည်းခြင်းမှာတခြားသောအရန်စစ်အဖွဲ့အစည်းများဖန်တီးလိုက်သလို ဖြစ်သွား တတ်ပေသည်။ တပ်ဖွဲ့အဆင့်ပေါင်းစည်းမှုမှာ မျှော်လင့်ထားသည်နှင့် တလွဲစီ ဖြစ်သွားတတ်ပုံ ရနေစဉ်တွင် ထိုသို့ ပေါင်းစည်း ပြီးနောက် အကြမ်းဖက်မှု ဖြစ်စဉ်များ ရှားပါးကြောင်း သမိုင်းက ပြသနေပေသည်။ ဇူလိုင်လ ၂၀၁၆ ခုနှစ်၊ တောင်ဆူဒန်တွင် သီးခြားခွဲထုတ်ထားသော တပ်ဖွဲ့များတွင်းအကြမ်းဖက်မှုဖြစ်ပွားပုံဥပမာအတိုင်း သီးခြားတပ်ဖွဲ့များကိုထားရှိခြင်းမှာ မကြာခဏ ဆိုသလို ပဋိပက္ခ ဖြစ်ပွားစေလေသည်။ နောက်ဆုံးတွင် နိုင်ငံ၏ လက်နက်ကိုင်အားလုံးအတွက် ဤပုံစံမှာ စံပြမဖြစ်သောကြောင့် ဖြစ်နိုင်ခြေ အမျိုးမျိုး ရောထွေးမှုကို စဉ်းစားရပေမည်။

ညွှန်းဆိုခဲ့သည့် အတိုင်း စစ်တပ်အာဏာခွဲဝေမှု နည်းလမ်းမှာ အားလုံးကို ကိုယ်စားပြုရန် တပ်ဖွဲ့များစွာ ဖွဲ့စည်းဖို့ထက် ကိုယ်စားပြု နိုင်ငံရေး အဆောက်အအုံများ ဖွံ့ဖြိုးရေးလုပ်ငန်းများမှ တစ်ဆင့် ဆောင်ရွက်သင့်ပေသည်။ ဤသည်မှာ ကာကွယ်ရေး နှင့် လုံခြုံရေးကိစ္စများအား အရပ်ဘက်မှ ထိန်းချုပ်မှုမှာ ပိုမိုအရေးကြီးကြောင်း ပြဆိုခြင်းပင်ဖြစ်သည်။

## ထပ်ဆင့်သုတေသနနှင့် လေ့လာဆည်းပူးရန်

ဤစာစောင်မှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အဓိက ပါဝင်ပတ်သက်သူများအကြား SSR အပေါ် အတိတ်နှင့် လက်ရှိရပ်တည်ချက်များနှင့် အတွေ့အကြုံများကို သုံးသပ်ထားခြင်း ဖြစ်သည်။ ဘုံတူညီမှုနှင့် သဘောတူရနိုင်မည့် နယ်ပယ်များကို ဖော်ထုတ်ရန် သက်ဆိုင်ရာ ပြုပြင် ပြောင်းလဲရေးများအတွက် လက်တွေ့ အကောင်အထည်ဖော်နိုင်မည့် အဆိုပြုချက်များ ထုတ်လုပ်နိုင်ရန် ဤပါဝင်ပတ်သက်သူ တပ်ဖွဲ့စီ၏အဓိက အကျိုးစီးပွားနှင့် ရပ်တည်ချက်ကိုပြည့်ဝစွာ နားလည်သဘောပေါက်ကာ နှိုင်းယှဉ်နိုင်စေဖို့ များစွာ ဆက်လက် လုပ်ဆောင်ဖို့ လိုအပ်ပေသည်။

ရေတိုတွင် SSR စိန်ခေါ်မှုများအား ပိုမိုနားလည်စေရန် နောက်ခြေလှမ်းများအတွက် လက်တွေ့ဆန်သော နည်းလမ်းများ ဖော်ထုတ်ရန် အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်သူအဖွဲ့များ၊ ပြည်တွင်း အရပ်ဘက်အဖွဲ့အစည်းများနှင့် နိုင်ငံတကာ မိတ်ဖက်များမှ အသုံးဝင်မည့် လုပ်ငန်းများစွာ လုပ်ဆောင်ရန် ကျန်ရှိနေပါသည်။ ထပ်ဆင့်လေ့လာဆည်းပူးရနိုင်မည့် ဖြစ်နိုင်ဖွယ် အရေးကြီးနယ်ပယ်များမှာ –

- လုံခြုံရေးကဏ္ဍ ကိစ္စရပ်များပေါ် ရှုထောင့် ရပ်တည်ချက်များနှင့် မြန်မာ့လူ့အဖွဲ့အစည်းတွင်း (ပဋိပက္ခဒဏ်ခံရသော၊ ပဋိပက္ခ မရှိသောဒေသများ) ရှိ ဩဇာအာဏာပိုင်သူတို့ လိုလားသော တာဝန်ကဏ္ဍများအား အရည်အသွေးနှင့် အရေအတွက်ဆိုင်ရာ စစ်တမ်း ကောက်ယူခြင်း
- DDR နှင့် SSR လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ကနဦး ညှိနှိုင်းမှုများအတွက် ဗဟိုဆုံချက် ဖြစ်လာနိုင်မည့် ဘုံလက္ခဏာများ ဖော်ထုတ်နိုင်ရန် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်မှ အဓိကပါဝင် ပတ်သက်သူ တစ်ဖွဲ့စီ၏ အဓိက ရပ်တည်ချက်နှင့် ဦးစားပေးများကို စနစ်တကျ နှိုင်းယှဉ်မှုလုပ်ခြင်း၊ သို့မှသာ ကနဦး သဘောတူညီချက်များ ရရှိ၍ ယုံကြည်မှု တည်ဆောက်နိုင်မည်ဖြစ်သည်။
- သက်ဆိုင်ရာ သင်ခန်းစာများ ဖော်ထုတ်နိုင်ရန် အရန်စစ်အဖွဲ့များနှင့် ၎င်းတို့ ဩဇာညောင်းသည့်

ဒေသများရှိ လူ့အသိုင်း အဝိုင်းတို့၏ အမြင်များ အပါအဝင် လက်ရှိ အရန်စစ်အဖွဲ့အစည်းများ တည်ထောင်မှု လုပ်ငန်းစဉ်များကို ဆန်းစစ် သုံးသပ်ခြင်း

- ရဲတပ်ဖွဲ့နှင့် တရားရေးကိစ္စ ဆောင်ရွက်ပေးသော ပုံမှန်အဖွဲ့အစည်းများ မရှိခဲ့ဖူးသည့် နေရာများနှင့် ထုံးတမ်းစဉ်လာ အလေ့အထများ အမြစ်တွယ်နေသည့် နေရာများရှိ လူ့အသိုင်းအဝိုင်းများတွင် အဆိုပါအဖွဲ့အစည်း များ၏ သင့်တော်သော အခန်းကဏ္ဍကို ဆုံးဖြတ်ပေးနိုင်ရန်၊ ကျေးလက်ဒေသ တရားရေးကဏ္ဍနှင့် SSR လုပ်ငန်းစဉ် တို့အတွက် ဖြစ်နိုင်ဖွယ်ပုံစံများ ထွက်ပေါ်လာစေရန် လူထုအား ဦးတည်မှုအခြေခံ သုတေသနများ (Community-focused Research)။

- ပဋိပက္ခတွင်း ဘက်ပေါင်းစုံမှပါဝင်ခဲ့သော ယခင်စစ်သားများဟောင်း၏ အတွေ့အကြုံနှင့် ပတ်သက်၍ ၎င်းတို့ အရပ်ဘက် လူနေမှုဘဝသို့ ပြန်လည်ပေါင်းစည်းရာတွင် တွေ့ကြုံနေရသည့် အခက်အခဲများကို နားလည်နိုင်စေရန် သုတေသန လုပ်ဆောင်ခြင်း။ ယခင်ကလေးစစ်သား များကဲ့သို့ တပ်တွင်းမှ စနစ်တကျထွက်ခွာမှုပြုစေခြင်း ဖြစ်စဉ်များမှလည်း သင်ခန်းစာ တစ်ချို့ ရရှိနိုင်သည်။

# ကျမ်းကိုးစာရင်း


Callahan, Mary (2003), *Making Enemies: War and State Building in Burma*, (Washington: Cornell University Press)

Callahan, Mary (2012), "The Generals Loosen their Grip" *Journal of Democracy*, Volume 23, Number 4, October 2012, pp. 120–131

Committee Representing the People's Parliament (1999), "Commemorating the completion of one year since the establishment of the Committee Representing the People's Parliament elected in the 1990 Multi-Party General Elections" available at: www.ibiblio.org/obl/docs4/CRPP-Report.pdf

Constitution of the Republic of the Union of Myanmar (2008) available at: www.burmalibrary.org/docs5/Myanmar_Constitution-2008-en.pdf

Egreteau, Renaud (2016), *Caratakіng Democratization: The Military and Political Change in Myanmar,* (London: Hurst)

Federal Constitution Drafting and Coordinating Committee (2008), "The Constitution of the Federal Republic of the Union of Burma (Second Draft)" available at: https://sites.google.com/site/padauk07/ConstitutionofFederal2ndDraft.pdf

Frontier Areas Committee of Enquiry (1947), "Report of the Frontier Areas Committee of Enquiry" available at: www.burmalibrary.org/docs14/Frontier_Areas_Committee_of_Enquiry-1947-full.pdf

Holdal (2013), 'Burmese army recruits female soldiers as it strugles to tackle rebel groups', *The Guardian*, 16 October; https://www.theguardian.com/world/2013/oct/16/burmese-army-recruits-female-soldiers-rebel

Hook, David, Tin Maung Than and Kim N. B. Ninh (2015), "Conceptualizing Public Sector Reform in Myanmar", The Asia Foundation; available at: http://asiafoundation.org/resources/pdfs/PSRFullreportENG.pdf

International Crisis Group (2002), "Myanmar: The Future of the Armed Forces", *ICG Asia Briefing*, 27 September 2002

International Crisis Group (2014), "Myanmar's Military: Back to the Barracks?" *ICG Asia Briefing* N°143; available at: www.crisisgroup.org/en/regions/asia/south-east-asia/myanmar/b143-myanmar-s-military-back-to-the-barracks.aspx

International Crisis Group (2016), "Myanmar: A New Muslim Insurgency in Rakhine State", Asia Report No. 283; available at: https://www.crisisgroup.org/en/regions/asia/south-east-asia/myanmar/b143-myanmar-s-military-back-to-the-barracks.aspx

Jolliffe, Kim (2015), "Ethnic Armed Conflict and Territorial Administration in Myanmar" The Asia Foundation; available at: http://asiafoundation.org/publication/ethnic-armed-conflict-and-territorial-administration-in-myanmar-full-report/

Kachin Independence Organisation (2007), "The KIO proposal for constitutional provisions and clauses" available at: www.ibiblio.org/obl/docs4/KIO_proposal.pdf

Kramer, Tom (2009), "Neither War nor Peace: The Future of Cease-Fire Agreements in Burma"; available at: https://www.tni.org/en/publication/burma-neither-war-nor-peace

Lintner, Bertil (1999), *Burma in Revolt: Opium and Insurgency since 1948,* (Bankgok: Silkworm Books)

McCartan, Brian and Jolliffe, Kim (2016), "Ethnic Armed Actors and Justice Provision in Myanmar" The Asia Foundation; available at: http://asiafoundation.org/publication/ethnic-armed-actors-justice-provision-myanmar/

Michaels (2014), 'The Ladies', *The Irrawaddy*, 13 January; https://www.irrawaddy.com/specials/women/ladies.html

National League for Democracy (2015), *National League for Democracy: 2015 Election Manifesto* available at: www.burmalibrary.org/docs21/NLD_2015_Election_Manifesto-en.pdf.

Naypyitaw (2015), "The Republic of the Union of Myanmar, Defence White Paper"

Sakhong (2010), "The Kachins' Dilemma: Become a Border Guard Force, or Return to Warfare", from Sakhong and Keenan eds. (2014) *Ending Ethnic Armed Conflict in Burma: A Complicated Peace Process* (Chiang Mai: Burma Center for Ethnic Studies)

Selth, Andrew (2001a), *Burma's Armed Forces: Power Without Glory* (Norwalk: East Bridge)

Selth, Andrew (2001b), "Burma's Armed Forced Under Civilian Rule: A Return to the Past?", Technical Advisory Network of Burma, Working Paper 02–01

Selth, Andrew (2009a), "STRONG, FULLY EFFICIENT AND MODERN: Myanmar's new look armed forces", Regional Outlook Paper: No. 49; available at: https://www.griffith.edu.au/__data/assets/pdf_file/0008/777878/Regional-Outlook-Paper-49-Selth.pdf

Selth, Andrew (2009b), "Known Knowns and Known Unknowns: Measuring Myanmar's Military Capabilities"', *Contemporary Southeast Asia: A Journal of International and Strategic Affairs*, Volume 31, Number 2, August 2009, pp. 272–295

Selth (2012), "Myanmar's Police Forces: Coercion, Continuity and Change", *Contemporary Southeast Asia: A Journal of International and Strategic Affairs*, Volume 34, Number 1, April 2012.

Selth, Andrew (2013a), "Police Reform in Burma (Myanmar): Aims, Obstacles and Outcomes", Griffith Asia Institute, Regional Outlook Paper No. 44

Selth, Andrew (2013b), "Burma's Security Forces: Performing, Reforming or Transforming?", Griffith Asia Institute, Regional Outlook Paper: No. 45; available at: https://www.griffith.edu.au/__data/assets/pdf_file/0011/559127/Regional-Outlook-Paper-45-Selth.pdf

Smith (1999), *Burma: Insurgency and the Politics of Ethnicity* (London: Zed Books) originally published in 1991

South, Ashley and Jolliffe, Kim (2015), "Forced Migration and the Myanmar Peace Process", UNHCR PDES New Issues in Refugee Research, Research Paper #271; available at: www.unhcr.org/54f588cb9.html

Taylor, Robert (2017), "Myanmar's Military and the Dilemma of Federalism", Institute of South East Asian Studies, available at: https://www.iseas.edu.sg/images/pdf/ISEAS_Perspective_2017_7.pdf

United Nationalities Federal Council (Union of Burma) (2016), "Security and Defense Policies of the Federal Democratic Union" Policy Paper presented at the Union Peace Conference (21st Century Panglong) August 31–September 3, 2016, Unofficial Translation

United States Institute for Peace – USIP (2013), "USIP Burma/Myanmar Rule of Law Trip Report: August 2013"

# ပူးတွဲ(၁) အပစ်အခတ်ရပ်စဲထားသည့်အဓိက EAO အဖွဲ့များနှင့် BGF မူဝါဒအပေါ် ၎င်းတို့၏တုန့်ပြန်မှုများ

| လက်နက်ကိုင်အဖွဲ့အစည်း | တိုင်းရင်းသား အုပ်စု | အပစ်အခတ်ရပ်စဲခဲ့သည့် မူလရက်စွဲ (ယခင်အခြေအနေ) | ၂၀၀၈ ခုနှစ်တွင် အခြေအနေ (BGF တပ်ဖွဲ့များ မဖွဲ့စည်းခင်က) | ၂၀၁၂ နှင့် နောက်ပိုင်း အခြေအနေ (BGF တပ်ဖွဲ့များ ဖွဲ့စည်းပြီးနောက်ပိုင်း | ကနဦး တုန့်ပြန်ချက်/ စေ့စပ်ညှိနှိုင်း ကြိုးပမ်းမှုများ |
|---|---|---|---|---|---|
| အဓိကအပစ်ရပ် EAO အဖွဲ့များ | | | | | |
| ကချင်ဒီမိုကရေစီ သစ်တပ်မတော် (NDA-K) | ကချင် | ၁၉၈၉ ဒီဇင်ဘာလ ၁၅ ရက် (ဗမာပြည် ကွန်မြူနစ်ပါတီမှ ခွဲထွက်ခဲ့) | အပစ်ရပ်-တပ်မတော်နှင့် နီးကပ်သော မဟာမိတ်ဖြစ်ပြီး ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေအား နိုင်ငံရေးအရ ထောက်ခံခဲ့သည်။<br>ကချင်ပြည်နယ်ရှိ အထူးဒေသ(၁) အား ထိန်းချုပ် | BGFs 1001-1003 ဖွဲ့စည်းခဲ့၊ ကွပ်ကဲသူ အကြီးအကဲ Zakhun Ting Ying, ၂၀၁၀ တွင် ကိုယ်စားလှယ် လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင် အောင်မြင်ခဲ့ပါသည်။ ၂၀၁၆ ခုနှစ် ဆန္ဒမဲ ပေးသူများအား ခြိမ်းခြောက်မှု အတွက် ကိုယ်စား လှယ်အဖြစ်မှ ရပ်စဲခြင်း | BGFs တပ်ဖွဲ့ရန် လက်ခံခဲ့ သည့် ပထမ ဦးဆုံး အုပ်စုထဲ တွင် ပါဝင် |
| ကရင်နီ လူမျိုး ပေါင်းစုံ ပြည်သူ့ လွတ်မြောက်ရေး တပ်ဦး/ကရင်နီ အမျိုးသား လူမျိုး ပေါင်းစုံလွတ်မြောက် ရေးတပ်ဦး (KNPLF) | ကရင်နီ | ၁၉၉၄ မေလ ၉ ရက် (KNPP မှ ၁၉၇၉ ခုနှစ်တွင် ခွဲထွက်ခဲ့ပြီး ဗမာပြည် ကွန်မြူနစ်ပါတီမှ ကူညီ ထောက်ပံ့ခဲ့သည်။ | ကယားပြည်နယ် အထူးဒေသ(၂) အား ထိန်းချုပ်။ တပ်မတော်နှင့် နီးကပ်စွာ မဟာမိတ်ဖွဲ့ပြီး ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေအား ထောက်ခံခဲ့သည်။ ဖက်ဒရယ်မူ လိုလားသော ကရင်နီအမျိုးသား တိုးတက်ရေးပါတီ နှင့် ရံဖန်ရံခါ ပဋိပက္ခ ဖြစ်လေ့ ရှိသည်။ | BGFs 1004-1005. တပ် အဖြစ် ဖွဲ့စည်း ခဲ့။ အရပ်သုံးအားဖြင့် KNPLF ဟု ဆက်လက်ခေါ်ဆို သည်။ | BGF တပ်ဖွဲ့ရန် လက်ခံခဲ့ သည့် ပထမဦး ဆုံး EAO အဖွဲ့ထဲမှ တစ်ဖွဲ့ |
| PMF (သို့မဟုတ်)အခြားပုံစံ ပြည်သူ့စစ်အဖွဲ့များအဖြစ်သို့ ပြောင်းလဲဖွဲ့စည်းလိုက်သော အဓိကအပစ်ရပ် EAO အဖွဲ့များ | | | | | |
| ကချင်ကာကွယ်ရေး တပ်ဖွဲ့ (KDA) | ကချင် | ၁၉၉၁ ဇန်နဝါရီလ ၁၃ ရက်နေ့ (KIO နှင့် ၁၉၉၁ တွင် ကွဲထွက်) | အပစ်ရပ်။ ရှမ်းပြည်နယ် အထူးဒေသ(၅)။ တပ်မတော်နှင့် ပူးပေါင်းဆောင်ရွက်သည်ဟု သိရပြီး အမျိုးသားညီလာခံ နှင့် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေအား ထောက်ခံ။ | PMF အဖြစ် ဖွဲ့စည်း၊ လက်ရှိတွင် ကောင်းခ ပြည်သူ့စစ် အဖြစ် သိရှိရ။ | – |
| ပအိုဝ်းအမျိုးသား အစည်းအရုံး (PNO) | ပအိုဝ်း | ၁၉၉၁ ဧပြီလ ၁၁ ရက်နေ့ | အပစ်ရပ်။ ရှမ်းပြည်နယ် အထူးဒေသ(၆)။ တပ်မတော်နှင့် ပူးပေါင်းဆောင်ရွက်သည်ဟု သိရပြီး အမျိုးသားညီလာခံ နှင့် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေအား ထောက်ခံ။ | ကြီးမားသော PMF အဖြစ်နှင့် ပအိုဝ်း အမျိုးသား အစည်းအရုံး ဟု ခေါ်တွင်သော နိုင်ငံရေး ပါတီအဖြစ် ဖွဲ့စည်းခဲ့။ ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ တွင် လွှတ်တော် အမတ် နေရာ အားလုံး ၂၀၁၀ နှင့် ၂၀၁၅ အနိုင်ရရှိ ခဲ့ပါသည်။ | – |
| ကယန်းအမျိုးသား ကာကွယ်ရေးတပ် (KNG) | ကယန်း | ၁၉၉၂ ဖေဖော်ဝါရီလ ၂၇ ရက်နေ့ (ကယန်း ပြည်သစ် ပါတီမှ ၁၉၉၂ တွင် ခွဲထွက်) | KNPP မှ ခွဲထွက်။ ကယားပြည်နယ် အထူးဒေသ(၁)အား ထိန်းချုပ်။ အလွန် သေးငယ်သည့် အဖွဲ့ဖြစ်သော်လည်း တပ်မတော်နှင့် နီးကပ်စွာ မဟာမိတ် ဖွဲ့ထားပြီး ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေအား ထောက်ခံ။ | တပ် အဖြစ် ဖွဲ့စည်းခဲ့။ (PMF ဖြစ် မဖြစ် မရှင်းလင်း) | – |

| လက်နက်ကိုင်အဖွဲ့အစည်း | တိုင်းရင်းသား အုပ်စု | အပစ်အခတ်ရပ်စဲ ခဲ့သည့် မူလရက်စွဲ (ယခင်အခြေအနေ) | ၂၀၀၈ ခုနှစ်တွင် အခြေအနေ (BGF တပ်ဖွဲ့များ မဖွဲ့စည်းခင်က) | ၂၀၁၂ နှင့် နောက်ပိုင်း အခြေအနေ (BGF တပ်ဖွဲ့များ ဖွဲ့စည်းပြီးနောက်ပိုင်း | ကနဦး တုန့်ပြန်ချက်/ စေ့စပ်ညှိနှိုင်း ကြိုးပမ်းမှုများ |
|---|---|---|---|---|---|
| ပလောင်ပြည်နယ် လွတ်မြောက်ရေး ပါတီ (PSLP)[160] | ပလောင် | ၁၉၉၁ ဧပြီလ ၂၁ ရက်နေ့ | အပစ်ရပ်ပြီးနောက် ရှမ်းပြည်နယ် အထူးဒေသ(၇) အား ယခင်က ထိန်းချုပ်ခဲ့သော်လည်း စစ်ဖိအားကြောင့် ထွက်ခွာခဲ့ရပြီး မန်တုံတပ် ဟုခေါ်သော အဖွဲ့ငယ် အဖြစ် ဖွဲ့စည်းခဲ့ပါသည်။ အဖွဲ့ငယ်တစ်ခုမှ ထိုင်းနိုင်ငံနယ်စပ်သို့ ရောက်ရှိ သွားပြီး ပလောင် ပြည်နယ် လွတ်မြောက်ရေး တပ်ဦး (PSLF) | မန်တုံတပ် အဖြစ် လှုပ်ရှားဆဲ။ တအောင်း အမျိုးသား ပါတီ ဖြစ်လာစေရန် ယခင် ထင်ရှားသည့် အဖွဲ့ဝင်များက ကူညီ ဖွဲ့စည်းခဲ့ပါ သည်၊ ယင်းသည် ပလောင် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ တွင်း ၂၀၁၀ တွင် လွှတ်တော်နေရာများ အနိုင်ရရှိခဲ့ပါ သည်။ PSLF သည် အင်အား တောင့်တင်းလာပြီး ၂၀၁၁ တွင် ဒေသတွင်းသို့ ပြန်လည်ဝင်ရောက် လာခဲ့ကာ တပ်မတော်နှင့် ပဋိပက္ခများ ဆက် လက်ဖြစ်ပွားလျက် ရှိ။ | မန်တုံတပ် သည် သေးငယ်သော တပ်အဖြစ်သာ ဖွဲ့ထားပုံ ပေါက် ပါသည် – PMF အဖြစ် မတွေ့မြင်ရ။ |
| အဓိကအပစ်ရပ် EAO အဖွဲ့အစည်းများမှ ပြိုကွဲထွက်သွားပြီး လက်ခံပြောင်းလဲဖွဲ့စည်းခဲ့သော အုပ်စုနှင့်ငြင်းပယ်ခဲ့သော အုပ်စု | | | | | |
| မြန်မာအမျိုးသား ဒီမိုကရက်တစ် မဟာမိတ် တပ်မတော် (MNDAA) | ကိုးကန့် | ၁၉၈၉ မတ်လ ၂၁ ရက်နေ့ (ဗမာပြည်ကွန်မြူနစ်ပါတီ မှ ခွဲထွက်ခဲ့) | အပစ်ရပ်။ ရှမ်းပြည်နယ် အထူးဒေသ(၁) အား ထိန်းချုပ်။ | ခွဲထွက်-အားကောင်း သည့် အုပ်စု – အထူးဒေသမှ တရုတ်ပြည်သို့ မောင်းထုတ်ခံရ၊ KIO နှင့် မဟာမိတ် ဖွဲ့ထား။ ၂၀၁၅ တွင် ကိုးကန့်ဒေသ နေရာများတွင် ပြန်လည် လှုပ်ရှားလာ သည်။<br>အုပ်စုအသေး – BGF 1006 အဖြစ် ဖွဲ့စည်းပြီး ၂၀၁၀ ရွေးကောက်ပွဲတွင် USDP ကိုယ်စားပြု၍ လွှတ်တော် ကိုယ်စားလှယ် နေရာများအား ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ တွင် အနိုင်ရရှိခဲ့သည်။ | အင်အားကောင်း သောအုပ်စုက တောင်းဆိုချက်ကို အတိအလင်း ငြင်းဆိုခဲ့သော အခါ ပထမဦးဆုံး တိုက်ခိုက်မှု ခံခဲ့ ရသည့် အဖွဲ့ ဖြစ်ပါသည်။ |
| ရှမ်းပြည်နယ် တပ်မတော် (SSA)- (SSA မြောက်ပိုင်း ဟုလည်း ခေါ်ဆိုပါ သည်။) | ရှမ်း | ၁၉၈၉ စက်တင်ဘာလ ၂ ရက်နေ့ | အပစ်ရပ် – ရှမ်းပြည် အထူးဒေသ (၃)အား ထိန်းချုပ်။ အစဉ်အဆက် ဖက်ဒရယ်လိုလား သည့် မဟာမိတ် အဖွဲ့များ၏ အဖွဲ့ဝင်။ | အုပ်စုနှစ်စုကွဲသွား ပါသည်။<br>အင်အားကောင်းသော အုပ်စုမှာ ရှမ်းပြည် တိုးတက်ရေးပါတီ / SSA ။ ၂၀၁၁ မတ်လတွင် တပ်မတော်၏ တိုက်ခိုက်မှုကို ခံခဲ့ရ ပါသည်။ အပစ်အခတ်ရပ်စဲမှု သဘောတူညီမှု အသစ်အား ၂၀၁၁ စက်တင်ဘာလတွင် လက်မှတ်ရေးထိုးခဲ့ သော်လည်း ၂၀၁၆ တွင် ပဋိပက္ခ များ ဖြစ်ပွား လျက်ရှိသည်။<br>အုပ်စုအသေး – ရှမ်းပြည်သူ့စစ်အဖြစ် ဖွဲ့စည်းခဲ့ရာ လားရှိုးမြို့ တွင် (ရုံးချုပ်)ထားရှိ ခဲ့ပါသည်။ | – |

160 The PSLP is sometimes better known by its former name, the Palaung State Liberation Organization (PSLO) (1976–1986). It was the Palaung National Front 1963–1976.

| လက်နက်ကိုင်အဖွဲ့အစည်း | တိုင်းရင်းသား အုပ်စု | အပစ်အခတ်ရပ်စဲခဲ့သည့် မူလရက်စွဲ (ယခင်အခြေအနေ) | ၂၀၀၈ ခုနှစ်တွင် အခြေအနေ (BGF တပ်ဖွဲ့များ မဖွဲ့စည်းခင်က) | ၂၀၁၂ နှင့် နောက်ပိုင်း အခြေအနေ (BGF တပ်ဖွဲ့များ ဖွဲ့စည်းပြီးနောက်ပိုင်း | ကနဦး တုန့်ပြန်ချက်/ စေ့စပ်ညှိနှိုင်း ကြိုးပမ်းမှုများ |
|---|---|---|---|---|---|
| တိုးတက်သော ဗုဒ္ဓဘာသာကရင် အမျိုးသား တပ်မတော် (DKBA) | ကရင် | ၁၉၉၅ | လက်တွေ့တွင် တပ်မတော်၏ ကိုယ်စားပြုတပ် တစ်တပ်ဖြစ်ပြီး KNU နဲ့ ပုံမှန် ပဋိပက္ခ ဖြစ်လျှက် ရှိသည်။<br>KNU တည်ရှိရာ နေရာ များ နှင့် KNU တို့ ကို အကူအညီ ပေးသည်ဟု ယူဆ ရသည့် အသိုင်း အဝိုင်းများပေါ်တွင် ပြင်းထန်သော ပူးတွဲ ထိုးစစ်ဆင်မှု များကို ပုံမှန် ဦးဆောင်၍ ပြုလုပ်သည်။ | အုပ်စုနှစ်စုကွဲသွား သည်။<br>အင်အားကောင်းသော အုပ်စု က BGF 10011-1022 အဖြစ် ဖွဲ့စည်းခဲ့သည်။ ကရင်ပြည်သူ့ တိုးတက်ရေးပါတီ(Karen State People’s Development Party) ၏ အဖွဲ့ဝင်ဖြစ် သည်။<br>အုပ်စုသေး- BGF တပ်ဖွဲ့ ဖွဲ့ရန် တောင်း ဆိုချက်ကို ငြင်းပယ်ခဲ့ ပြီး ၂၀၁၀ နိုဝင်ဘာလ ရွေးကောက်ပွဲ နေ့တွင် တပ်မတော် ကို စတင် တိုက်ခိုက်ပြီး မြဝတီမြို့ အား သိမ်းပိုက်ခဲ့ ပါသည်။ KNU နဲ့ မဟာမိတ် ဖွဲ့ခဲ့သည်။ ၂၀၁၁ စက်တင်ဘာလတွင် အပစ်ရပ်စဲရေး လက်မှတ်ထိုးခဲ့သည်။ | – |
| ပိုမိုကောင်းမွန်သော သတ်မှတ်ချက်များအတွက် ညှိနှိုင်းဆွေးနွေးခဲ့သော်လည်း အဆုံးတွင် ပယ်ချခဲ့သော အဓိကအပစ်ရပ် EAO အဖွဲ့အစည်းများ | | | | | |
| “ဝ”ပြည်သွေးစည်း ညီညွတ်ရေးပါတီ (UWSP) | ဝ (“ဝ” ခေါင်းဆောင် များတွင် အချို့ မှာတရုတ် လူမျိုးဖြစ်ပြီး အချို့မှာ တိုင်းရင်း သား လူမျိုးများ ဖြစ်သည်။ | ၁၉၈၉ မေလ ၉ ရက်နေ့ (ဗမာပြည် ကွန်မြူနစ်ပါတီမှ ခွဲထွက်) | အပစ်ရပ်- ရှမ်းပြည် အထူးဒေသ(၂) အား ထိန်းချုပ်။ ခွန်ဆာ ၏ ဦးဆောင်မှုဖြင့် မုန်တိုင်းတပ်ဖွဲ့ အား ဆန့်ကျင်ရန် ယခင်က တပ်မတော်နှင့် မဟာမိတ်ဖွဲ့ခဲ့ရာ တွင် ဆက်ဆံရေး ကောင်းခဲ့သည်ဟု သိရှိရပါသည်။ | BGF တပ်ဖွဲ့ ဖွဲ့ရန် တောင်းဆိုမှုကို ငြင်း ပယ်ကာ ရှမ်းပြည် အထူးဒေသ(၂)အား ၎င်း၏ထိန်းချုပ်မှုကို ပြန်လည်ခိုင်မာ ပြောဆိုဖို့ နစ်ဖက် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် အသစ်တွင် အဖွဲ့တစ်ဖွဲ့အဖြစ် ပါဝင်။ “ဝ” ကိုယ်ပိုင် အုပ်ချုပ် ခွင့်တိုင်း အတွင်းရှိ အများစုဖြစ်သော ၎င်း၏ဒေသတွင် ရွေးကောက်ပွဲ ပြုလုပ် ခြင်းအား ခွင့်မပြုပါ။ | ခရိုင်နယ်ခြားစည်း များအား ပြောင်း လဲ သတ်မှတ်ပေး ရန် တောင်းဆို ချက်အပေါ် တန်ပြန်၍ တပ်မတော် အရာရှိများ မပါဝင် ပဲ တပ်ဖွဲ့ယူနစ် အသစ်များ တည် ထောင်ရန်အဆိုပြု ခဲ့ပါသည်။ |
| ကချင်လွတ်မြောက် ရေးတပ်မတော် (KIO) | ကချင် | ၁၉၉၄ ဖေဖော်ဝါရီလ ၂၄ ရက်နေ့ | ကချင်ပြည်နယ် အထူးဒေသ(၂) ထိန်းချုပ်။<br>အစဉ်အဆက် ဖက်ဒရယ်လိုလား သည့် မဟာမိတ် များအဖွဲ့ဝင်။ | ဦးသိန်းစိန် အစိုးရလက်ထက် ၂၀၁၁ ခုနှစ်နောက်ပိုင်း ပဋိပက္ခများဖြစ်ပွားကာ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုများ ပျက်ပြယ်သွားခဲ့ ပါသည်။ | ကချင်ပြည်နယ် အစိုးရအဖွဲ့တွင်း အလိုအလျောက် ကိုယ်စားပြုခွင့်ရရှိရန်နှင့် ပိုမို ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရှိ သောစစ်တပ်ဖွဲ့စည်းရန်များကို ကြိမ်ဖန်များစွာ တောင်းဆိုခဲ့ ကြသည်။ |
| BGF တပ်ဖွဲ့စည်းရန် တောင်းဆိုချက်အား ငြင်းပယ်ခဲ့သည့် အဓိက အပစ်ရပ် EAO အဖွဲ့အစည်းများ | | | | | |
| ကယန်းပြည်သစ်ပါတီ (KNLP) | ကယန်း | ၁၉၉၄ ဇူလိုင်လ ၂၆ရက် | ကယားပြည်နယ် အထူးဒေသ (၃) အားထိန်းချုပ်။ သေးငယ်သည့် အဖွဲ့။ ၂၀၀၈ဖွဲ့စည်း ပုံအခြေခံအပေါ် ရန်ဖန်ရန်ခါ ပွင့်ပွင့်လင်းလင်း ပြောဆို။ | အသစ်သော နှစ်ဦးနှစ် ဘက်သဘောတူညီမှု များမလုပ်ထားပဲ၊ အပစ်ရပ်အဖွဲ့ ငယ် အဖြစ်သာ ဆက်ရှိ။ ဖက်ဒရယ်လိုလား သည့် EAO အဖွဲ့ များအတွက် ထောက်ခံပြောဆို။ | BGF တပ်ဖွဲ့ကာ PMF အဖြစ်နေရန် ဖိအားပေးခံခဲ့ရသော်လည်း လက်မခံပဲငြင်း ပယ်ထား။ |

Saferworld အဖွဲ့သည် အကြမ်းဖက်မှုနှင့် ပဋိပက္ခများအား လျော့ချကာကွယ်ရန်နှင့် ပိုမိုလုံခြုံသော ဘဝများ တည်ဆောက်နိုင်ရန် ရည်ရွယ်ချက်များဖြင့် လုပ်ငန်းများလုပ်ဆောင်နေသော လွတ်လပ်သည့် နိုင်ငံတကာ အဖွဲ့အစည်း တစ်ခုဖြစ်ပါသည်။ ကျွန်တော်တို့အဖွဲ့အနေဖြင့် ပဋိပက္ခများခံစားနေရသော ဒေသခံပြည်သူများ နှင့် အတူ လက်တွဲပြီး ၎င်းတို့၏ ဘဝပိုမိုဘေးကင်းစေရန်နှင့် လုံခြုံမှုအား ခံစားလာရစေရန် လုပ်ငန်းများ၊ ကျယ်ပြန့်လှသော သုတေသန လုပ်ငန်းများနှင့် ဆန်းစစ်ခြင်းလုပ်ငန်းများကို လုပ်ဆောင်ပါသည်။ ၎င်းသုတေသန လုပ်ငန်းများနှင့် အကဲဖြတ် ဆန်းစစ်ခြင်းများမှ ရရှိလာသော လေ့လာတွေ့ရှိချက်များအား အသုံးပြုပြီး ဒေသတွင်းသော်လည်းကောင်း၊ နိုင်ငံနှင့် နိုင်ငံတကာမှ မူဝါဒများနှင့် အလေ့အကျင့်များအား တိုးတက်ကောင်း မွန်လာအောင်လုပ်ဆောင်ခြင်းဖြင့် ရည်ရှည် ခိုင်မြဲသော ငြိမ်းချမ်းရေးကို ဖော်ဆောင်နေပါသည်။ ကျွန်တော် တို့အဖွဲ့၏ပထမဦးစားပေးမှာ လူသားများပင် ဖြစ်ပါသည်။ ကျွန်တော်တို့အဖွဲ့မှ အကြွင်းမဲ့ယုံကြည်သည်မှာ လူတိုင်း မလုံခြုံမှုနှင့် အကြမ်းဖက်မှု ပဋိပက္ခများမှ ကင်းလွတ်ပြီး ငြိမ်းချမ်း၍ မိမိဆန္ဒပြည့်ဝသော ဘဝများကို ရရှိပိုင်နိုင်ခွင့်ရှိသည့် အချက်ပင်ဖြစ်ပါသည်။

Saferworld အဖွဲ့သည် အာဖရိက၊ အရှေ့အလယ်ပိုင်းဒေသ၊ အာရှနှင့် ဥရောပဒေသများမှ နိုင်ငံပေါင်း (၂၀) နီးပါးခန့်တွင် စီမံကိန်းများ အကောင်အထည်ဖော် လုပ်ဆောင်နေသော အကျိုးအမြတ် မယူသည့် အဖွဲ့အစည်း တစ်ခု ဖြစ်ပါသည်။

မျက်နှာဖုံးဓါတ်ပုံ – ထားဝယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ © မင်းဇေယျာဦး/SAFERWORLD (PANOS PICTURES)

SAFERWORLD

UK OFFICE

The Grayston Centre
28 Charles Square
London N1 6HT, UK

Phone: +44 (0)20 7324 4646
Fax: +44 (0)20 7324 4647
Email: general@saferworld.org.uk
Web: www.saferworld.org.uk

မြန်မာရုံး
အမှတ် (၂၉၀/၇)၊ ဦးဝိဇာရလမ်း
ကမာရွတ်မြို့နယ်
ရန်ကုန်၊ မြန်မာ
Email: saferworldmyanmar@saferworld.org.uk

Registered charity no. 1043843
A company limited by guarantee no. 3015948

ISBN 978–1–909390–52–2